၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

# သစ်တောသတင်းလွှာ

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

## ဧရာဝတီတိုင်းဒေသကြီး

## မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများစစ်ဆေးကြည့်ရှုခြင်း





စာမျက်နှာ–၂ သို့

# မာတိကာ


| | မျက်နှာဖုံး |
|---|---|
| ➢ပြည်ထောင်စုဝန်ကြီး ရောဝတီတိုင်းဒေသကြီးခရီးစဉ် | မျက်နှာဖုံး |
| ➢ရေရှည်တည်တံ့စေခြင်းနှင့် တိုးချဲ့ပညာပေးခြင်း(ခေါင်းကြီး) | ၁ |
| ➢သတင်းများကဏ္ဍ | ၂-၆ |
| ➢တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ | ၇-၈ |
| ➢မြေးငယ်သစ်သစ်သို့ပေးစာ(၁၂) | ၉-၁၀ |
| ➢ကျွန်တော်လေ့လာမိသော ခေါင်းဆောင်မှုပညာရပ်အကြောင်းအပိုင်း(၃) | ၁၁-၁၄ |
| ➢ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့ | ၁၅-၁၈ |
| ➢ရှမ်းပြည်နယ်ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ လေ့လာရေးခရီးစဉ် | ၁၉-၂၂ |
| ➢ကလောပင် | ၂၃-၂၆ |
| ➢လိပ်မျိုးစိတ်တည်တံ့ရေး မှတ်တမ်းဝင်သုတေသနလုပ်ငန်းများ | ၂၇-၃၀ |
| ➢ဟဲ -- ဟဲ -- ဒါလေးများ(၁၂) | ၃၁-၃၃ |
| ➢ကာတွန်းကဏ္ဍ | ၃၃ |
| ➢ ကျွန်းစိုက်ခင်းများတွင် ရင်ဆိုင်ကြုံတွေ့လာနိုင်မည့် အမြစ်ပုပ်ရောဂါ | ၃၄-၃၅ |
| ➢ကုန်းတွင်းရေပြင် အာဆီယံဒေသ၏ ခြိမ်းခြောက်မှုအခံရဆုံး ဂေဟစနစ်များ | ၃၆-၃၉ |
| ➢လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး | ၄၀-၄၁ |
| ➢The Role of Renewable Energy on Rural Development. | ၄၂-၄၅ |
| ➢သစ်ခွမှ အပင်ပေါက်နည်း | ၄၆ |
| ➢ချုပ်သင်းဘေးမဲ့တောအကြောင်း | ၄၇ |
| ➢စစ်စလီသေးနှင့် စစ်စလီကြီး | ကျောဖုံး၊၄၈-၄၉ |
| ➢ရက္ခ အခွင့်အရေး(ကဗျာ) | ၄၉ |


သစ်ပင်နည်းလာ၊ တိုက်ကမ္ဘာ
လွန်စွာပူအား၊ ဥတုဘေး။

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းဖြေ၏။


**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးစိုးဝင်း-၆
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ- ၀၀၄၀၀)

**စာတည်း**

ဦးလှမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးတင်မောင်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး
ဦးစိန်မိုး လက်ထောက်ညွှန်ကြားရေးမှူး
ဦးကိုကိုထွန်း ဦးစီးအရာရှိ
ဦးတက်နေထွန်း ဦးစီးအရာရှိ
ဦးကောင်းညွန့် ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဉ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၃၉၄
extension@forest.gov.mm

# ရေရှည်တည်တံ့စေခြင်းနှင့် တိုးချဲ့ပညာပေးခြင်း

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်း၊ အသစ်တစ်ဖန် ပြည့်စွက်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် သစ်တောဦးစီးဌာနတစ်ခုတည်းဖြင့်ဆောင်ရွက်ခြင်းထက် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ အောင်မြင်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ သို့အတွက်လည်း မြန်မာ့သစ်တောမူဝါဒတွင် ထိုအချက်များကို ပဓါနကျသော အချက်ကြီးများတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

တိုးတက်လာသော လူဦးရေနှင့် လိုက်လျောညီမျှသောအချိုးဖြင့် သစ်တောဧရိယာများ လျော့နည်းလာခြင်းမှာ ရှောင်လွှဲ၍မရနိုင်သော အကြောင်းအကျိုးတရားတစ်ခုပင်ဖြစ်ပါသည်။ ထိုအချက်ကိုပင်အခြေခံ၍ လက်ရှိသစ်တောများအား အတတ်နိုင်ဆုံး ထိန်းသိမ်းသွားရန် ကမ္ဘာတစ်ဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါသည်။

သဘာဝသစ်တောများ မပျက်သုဉ်းရေး၊ အစားထိုးစိုက်ပျိုးရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင်ရေးအတွက် လုပ်ဆောင်ရာတွင် တိုးချဲ့ပညာပေးခြင်း(Extension)ဆိုသောစကားရပ်သည် ထင်ရှားတွင်ကျယ်လာခဲ့ရပါသည်။

ကမ္ဘာ့လူဦးရေတိုးပွားမှုနှုန်းနှင့်အညီ လျော့နည်းလာသော သစ်တောမြေဆုံးရှုံးလျော့ပါးမှုမှ အတတ်နိုင်ဆုံး သက်သာစေမည့်နည်းလမ်းမှာ အလေအလွင့်အနည်းပါးဆုံး ထုတ်ယူသုံးစွဲရေးပင်ဖြစ်ပါသည်။ ထိုအချက်ကို ပြည်သူလူထုအတွင်း လက်ခံသဘောပေါက်အောင် ဆောင်ရွက်ရမည့်တာဝန်ကို တိုးချဲ့ပညာပေးရေးကဏ္ဍက ဆောင်ရွက်ရမည်ဖြစ်ပါသည်။

"တိုးချဲ့ပညာပေးခြင်း"ဆိုသော ဝေါဟာရ မပေါ်ပေါက်မီကပင် မြန်မာ့သစ်တောဝန်ထမ်းများသည် အဆိုပါတာဝန်ကို ထမ်းဆောင်လာခဲ့ကြပြီးဖြစ်ပါသည်။ ကျေးလက်နေလူထုနှင့် နေ့စဉ်လိုတွေ့ဆုံနေရသော သစ်တောဝန်ထမ်းများအနေဖြင့် သစ်တောထွက်ပစ္စည်းစနစ်တကျ ထုတ်ယူတတ်စေရေး၊ စနစ်တကျသိုလှောင်သုံးစွဲမှု၊ (ဥပမာအားဖြင့် သစ်ခေါက်၊ ဝါး၊ ကြိမ် မည်သို့စုသိမ်းရမည်)၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေး (ဥပမာ-ရေဝေရေလဲဧရိယာတွင် သစ်၊ ထင်းမခုတ်စေရေး၊ လယ်ယာမလုပ်ကိုင်စေရေး) စသည်တို့အား ကြုံကြိုက်လျှင် ကြုံကြိုက်သလို ပညာပေးစည်းရုံးခဲ့သည့် အစဉ်အလာရှိနှင့်ပြီးဖြစ်ပါသည်။ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် သစ်တောလုပ်ငန်းအကောင်အထည်ဖော်မှု၌လည်း "တောင်ယာ"စနစ်သည် ထင်ရှားသော သာဓကတစ်ခုပင်ဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလတွင်လည်း ပြည်သူလူထုအား သစ်တောပြုစုထိန်းသိမ်းရေးတွင် ပူးပေါင်းပါဝင်လာစေရေးအတွက် တိုးချဲ့ပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိနေပေသည်။ မိမိဝန်ထမ်းများအား သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ ကျေးလက်နေပြည်သူများအား သင်တန်းပို့ချခြင်း၊ ရုပ်မြင်သံကြား၊ရေဒီယိုတို့မှ ပညာပေးအစီအစဉ်များ ထုတ်လွှင့်ပြသခြင်း၊ ပြပွဲများ၊ စာအုပ်စာတမ်းများပြသဖြန့်ဝေခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍လည်း သစ်တောထိန်းသိမ်းရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် ယခင်ထက်ပိုမို၍ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အရှိန်အဟုန်ရရှိနေပြီဖြစ်ပါသည်။

သစ်တောကဏ္ဍ၏ အဓိကရည်မှန်းချက်ဖြစ်သော သစ်တောများရေရှည်တည်တံ့ရေးနှင့် သစ်တောထွက်ပစ္စည်းများအား ကာလတာရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သစ်တောဝန်ထမ်းများသည် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်းခြင်းသာမက တိုးချဲ့ပညာပေးခြင်းဖြင့်လည်း ပြည်သူများပူးပေါင်းပါဝင်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

မျက်နှာဖုံးသတင်း

သတင်းများကဏ္ဍ

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ စစ်ဆေးကြည့်ရှုခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းသည် (၂၄–၁၁–၂၀၁၈) ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့်အတူပုသိမ်မြို့နယ်၊ ပုသိမ် – ငွေဆောင်ကားလမ်း၊ မိုင်တိုင်အမှတ်(၁၇/၀) အနီးသလပ်ခွာကြိုးဝိုင်း၊ အကွက်အမှတ်(၂၇)အတွင်းရှိ ပုသိမ်မြို့နယ်၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံသစ်တောများ ပြည်လည်တည်ထောင်ရေးစီမံကိန်း၊ အမြဲတမ်းစခန်းရုံးသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၈–၂၀၁၉ ခုနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သစ်တောလုပ်ငန်းများဆောင်ရွက်ရာတွင်ဌာနမှ ထုတ်ပြန်ထားသည့် (Standard Operation Procedures-SOPs)အတိုင်းတိတိကျကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအပေါ်တာဝန်ရှိဝန်ထမ်းများမှ ရာထူးအဆင့်အလိုက် တာဝန်ခံ၊ တာဝန်ယူကြီးကြပ်ဆောင်ရွက်ခြင်းများအထူးလိုအပ်ကြောင်း၊ ပင်ပူးခွာကိုင်းချိုင်ခြင်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများအတွက် မြို့နယ်အဆင့်၊ခရိုင်အဆင့် တာဝန်ခံများက စနစ်တကျကြီးကြပ်ရန် လိုအပ်သလို သစ်တောစိုက်ခင်းများနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များ၊ သုံးသပ်ချက်များကို အစီရင်ခံစာစနစ်တကျ ရေးသားပြုစု၍ ဦးစီးရုံးချုပ်သို့ တင်ပြရန်လိုအပ်ကြောင်း၊ သို့မှသာနောင်တစ်ချိန်တွင် သစ်တောလုပ်ငန်းများအလုပ်လွှဲပြောင်းမှုများအတွက် မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သလပ်ခွာကြိုးဝိုင်း၊ အကွက်အမှတ်(၂၇)အတွင်း စိုက်ပျိုးတည်ထောင်ထားသည့် (၁/၂၀၁၈) စီးပွားရေးပျဉ်းကတိုးစိုက်ခင်း(၃၅၀)ဧက စိုက်ခင်းအောင်မြင်ရှင်သန်နေမှု၊ ၂၀၁၉ မိုးရာသီတွင် တည်ထောင်မည့် သစ်တောစိုက်ခင်းအတွက် လိုအပ်သောပျိုးပင်များထုတ်လုပ်နိုင်ရန် ပျိုးဥယျာဉ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ် – ချောင်းသာကားလမ်း၊ မိုင်တိုင်အမှတ် (၂၄/၆) အနီး ချောင်းသာကြိုးဝိုင်း၊ အကွက်အမှတ်(၂၀)အတွင်း (၁/၁၉၈၃) ပျဉ်းကတိုးစိုက်ခင်းဧက(၂၀၀)အနက် (၂၅)ဧကအားသစ်စေ့ထုတ်ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့နယ်၊ ချောင်းသာဒေသရှိ ပုဂ္ဂလိကပိုင်ဆင်စခန်းများဖြစ်သည့် ချောင်းသာ ဆင်စခန်းနှင့် ကျောက်မောင်နှမဆင်စခန်းများသို့ရောက်ရှိ စစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးရာတွင်ဆင်စခန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ့သစ်လုပ်ငန်းမှ ဌားရမ်းထားသည့်ဆင်များအတွက် လွတ်ကျောင်း စားကျက်များရရှိနိုင်မှုနှင့် ဖြည့်စွက်စာများ ကျွေးမွေးမှုအပါအဝင် ကျန်းမာရေးအတွက် ပြုစုထိန်းသိမ်း စောင့်ရှောက်ထားမှု၊ ဆင်ဦးစီးများနှင့် ဆင်နောက်လိုက်များ၏ မိသားစုအတွက် စားဝတ်နေရေးကူညီပံ့ပိုးပေးနိုင်မှုနှင့် ဆင်စခန်းများအတွင်းသို့ ဧည့်သည်များဝင်ရောက် အပန်းဖြေလေ့လာမှုများအပေါ် လိုအပ်သည်များအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ပုသိမ် – ချောင်းသာကားလမ်း၊ မိုင်တိုင်အမှတ် ၃၇/၀ အနီးရှိ မြန်မာနိုင်ငံသစ်တောအသင်းနှင့် Ramsar Center Japan (RCJ)တို့ပူးပေါင်း၍ TOYOTA Environmental Grant ၏ငွေကြေးထောက်ပံ့မှုဖြင့် ၁၁–၁၂–၂၀၁၈ ရက်နေ့အထိ (၁)နှစ်ကြာဆောင်ရွက်လျက်ရှိသော ဒေသခံလူထုအခြေပြုဒီရေတောထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးနှင့် ထာဝစဉ်တည်တံ့ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအားကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့နယ်၊ရွှေသောင်ယံမြို့နယ်ခွဲအတွင်း သစ်တောဦးစီးဌာန၊ ပုသိမ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာနနှင့် Worldview International Foundation တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီရေတောဧရိယာ(၁၈၀၀)ဧက ထိန်းသိမ်းကာကွယ်ခြင်းနှင့် လိုအပ်သောနေရာများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများ ဆောင်ရွက်နေမှုများအားသွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ရှားပါးဒီရေတောသစ်ပင်မျိုးစိတ်များ ထိန်းသိမ်းကာကွယ်ထားရှိမှုများအား လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးသည် ဒီရေတောအတွင်းအမှတ်တရသစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်းသိရှိရသည်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သံတောင်နှင့် တောင်ငူတွင် သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး






သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် (၄-၁၁-၂၀၁၈)ရက်နေ့က ကရင်ပြည်နယ် သံတောင်မြို့နယ် တောင်ငူ-သံတောင် ကားလမ်းမိုင်တိုင်အမှတ် (၁၁/၀)အနီးရှိ ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် သက်ကြီးပျဉ်းကတိုးစိုက်ခင်း (၁၈.၇၈)ကေအား ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သံတောင်မြို့နယ် သစ်တောဦးစီးဌာနမှ ၁၉၆၈ခုနှစ်တွင် တည်ထောင်ထားသည့် သက်ကြီးကျွန်းစိုက်ခင်း(၂၀.၄၃)ကေနှင့် ၁၉၆၇ခုနှစ်တွင် တည်ထောင်ခဲ့သည့် သက်ကြီးကျွန်းစိုက်ခင်း (၂.၇၆)ကေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး စိုက်ခင်းအသက်အရ သစ်ပင်များရှင်သန်ကြီးထွားမှု အားနည်းသည်ကိုတွေ့ရကြောင်း၊ စီးပွားရေးစိုက်ခင်းများ အနေဖြင့် စိုက်ခင်းပြုစုပျိုးထောင်ခြင်းကို သတ်မှတ်အချိန်ကာလနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ ခုတ်လှဲရန်အရွယ်ရောက်သည့်အချိန်တွင် သတ်မှတ်ထားသည့် လုံးပတ်အတန်းအစားရရှိနိုင်ပြီး သစ်ကုဗတန်ထွက်ရှိမှု ကောင်းမွန်မည်ဖြစ်ကြောင်း၊ ယခုစိုက်ခင်းများသည်အကြောင်းအမျိုးမျိုးကြောင့် စိုက်ခင်းပြုစုပျိုးထောင်ခြင်း လုပ်ငန်းများအား သတ်မှတ်ထားသည့်အချိန်တွင် ဆောင်ရွက်ထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ စိုက်ခင်းသက်တမ်းကြာမြင့်လေ အမှားပြင်ဆင်ရန်ခက်ခဲလာကြောင်း၊ စီးပွားရေးစိုက်ခင်းများအား ခုတ်လှဲခြင်းမပြုဘဲ သစ်စေ့ထုတ်ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဆိုပါကလည်း ရေးဆွဲထားသည့် (Standard Operation Procedure-SOP)နှင့်အညီ ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့နယ် သစ်တောဦးစီးဌာန၏ ၁၉၆၇-၆၈ခုနှစ် ကျွန်းစိုက်ခင်း (၂၄.၃)ကေ သစ်စေ့ထုတ်ဧရိယာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ထားသော SOP များနှင့် ညီညွတ်မှု ရှိ/မရှိ ပြန်လည်စစ်ဆေးဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်၊ ဘဏ္ဍာကုန်းကျေးရွာအနီးရှိ Win & Win ကုမ္ပဏီ၏ သစ်အခြေခံစက်ရုံ သစ်စက်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်းရှိ သစ်ပါးလွှာနှင့်အထပ်သားထုတ်လုပ်ခြင်း၊ Finger- Joint ဖြင့် ကြမ်းခင်းပါကေးများ၊ တံခါးများ၊ ပရိဘောဂများ ထုတ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သစ်တိုသစ်စနှင့်အလေအလွင့်များ ထိရောက်စွာ အသုံးချနိုင်ရေး၊ Finger- Joint ဖြင့် ကြမ်းခင်းပါကေးများ၊ တံခါးများ၊ ပရိဘောဂများထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး၊ အထပ်သားထုတ်လုပ်ရန်အတွက် ကုန်ကြမ်းရရှိရေးတို့အပေါ် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့်နည်းလမ်း ရှာဖွေဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ရဲနွယ်ပျိုးဥယျာဉ်သို့ ရောက်ရှိခဲ့ရာ ပျိုးဥယျာဉ်ရှင်းလင်းဆောင်တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောများ ပြန်လည်ရေးစီမံကိန်းအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုလုပ်ငန်းရန်ပုံငွေသုံးစွဲရာတွင် လုပ်ငန်းများအောင်မြင်မှုရှိပြီး စာရင်းအရလည်း အချိန်မရွေးအစစ်ဆေးခံနိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်းအပါအဝင် သစ်တောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ရန်နှင့်လုပ်ငန်းအပေါ်စေတနာထား၍ အမြဲတမ်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

## သစ်တောမြေအသုံးပြုမှု လုပ်ပိုင်ခွင့်မြှင့်တင်ရေးဆိုင်ရာ တတိယအကြိမ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲနှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့်သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



သစ်တောမြေအသုံးပြုမှု လုပ်ပိုင်ခွင့်မြှင့်တင်ရေးဆိုင်ရာ တတိယအကြိမ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို (၁၃-၁၁-၂၀၁၈)ရက် နံနက်ပိုင်းက Grand Amara Hotel နေပြည်တော်တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုအလုပ်ရုံဆွေးနွေးပွဲတွင် မြေပြင်၌ လက်တွေ့ကျင့်သုံးလျက်ရှိသည့် ဒေသခံပြည်သူများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ၊ လုပ်ပိုင်ခွင့်များနှင့် သဘာဝသယံဇာတများအပေါ် ထားရှိသည့်အမြင်တို့ကို ပိုမိုသိရှိနားလည်လာစေရန်၊ ဒေသခံပြည်သူများမှ ဦးဆောင်၍ သဘာဝသစ်တောများနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝသယံဇာတများအပေါ် စီမံခန့်ခွဲအုပ်ချုပ်နေမှုများကို ပိုမိုသိရှိနားလည်လာစေရန်၊ သစ်တောစီမံအုပ်ချုပ်မှုနှင့်ပတ်သက်သည့်အခြေခံမှုများ၊ တန်ဖိုးများနှင့်ရည်မှန်းချက်များအပေါ် ဒေသခံဌာနတိုင်းရင်းသားများ၊ အစိုးရဌာနများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အမြင်ချင်းဖလှယ်ပြီး မူဝါဒ၊ လက်တွေ့ကျင့်သုံးနေမှုများနှင့် ဆက်နွှယ်မှုများကို ဆွေးနွေးအဖြေရှာရန်၊ ဒေသခံပြည်သူတို့၏ သစ်တောမြေနှင့် သဘာဝသယံဇာတအရင်းအမြစ်များ အသုံးချခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုမှုရရှိရေးနှင့် လုပ်ပိုင်ခွင့်များပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်နိုင်ရန်တို့အတွက် ရှေ့ပြေးစီမံကိန်းများမှ ရရှိသည့်ရလဒ်များကို ကျွမ်းကျင်သူပညာရှင်များက တင်ပြသွားမည်ဖြစ်ပြီး တက်ရောက်လာသူများက ပွင့်လင်းမြင်သာစွာ ပိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ယခုကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာ သစ်တောဦးစီးဌာန ခရိုင်များအလိုက် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် နိုင်ငံပိုင်သစ်တောစိုက်ခင်းတည်ထောင်ရန် မြေနေရာရွေးချယ်ခြင်း၊ စီးပွားရေးစိုက်ခင်းအဟောင်းများပြန်လည်ပြုစုထိန်းသိမ်းခြင်း၊ပင်ကျပ်နုတ်ခြင်း၊ ကိုင်းချိုင်ခြင်းနှင့်ရှင်းလင်းခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည့်အတွက် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲ၊အတားအဆီးများကို ဖော်ထုတ်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဆွေးနွေးဆုံးဖြတ်နိုင်ကြမည်ဖြစ်ပါကြောင်း။ နိုင်ငံပိုင်သစ်တောစိုက်ခင်း မြေနေရာရွေးချယ်ခြင်းနှင့် စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းရန် ဧရိယာရွေးချယ်ခြင်းများနှင့် စီမံကိန်းပါ သစ်တောပြုစုထိန်းသိမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ SOPနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နည်းပညာရှု ထောင့်အရ သေသေချာချာသုံး သပ်ရွေးချယ်ဆောင်ရွက်ကြရန် နှင့် မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရေး သတိပြုဆောင်ရွက်ရန်လိုပါကြောင်း။ ပင်ကျပ်နုတ်ခြင်း၊ ကိုင်းချိုင်ရှင်းလင်းခြင်းလုပ်ငန်းများမှ ထွက်ရှိကျွန်းရွက်များကို အပင်ခြေတွင် စုပုံရန်နှင့် ချောသည့်ဘက်အခြမ်းကို အောက်ဘက်တွင်ထား၍ပုံရန်၊ လက်



အောက် အဆင့်ဆင့်အား သိရှိလိုက်နာဆောင်ရွက်စေရေး ညွှန်ကြားပြသပေးရန်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

## " Strengthening Forestland Community Tenure Through Policy, Pilots and Law; A Multi-Stakeholder Approach to Change" စီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ



" Strengthening Forestland Community Tenure Through Policy, Pilots and Law; A Multi- Stakeholder Approach to Change" စီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေးကို (၁၅-၁၁-၂၀၁၈)ရက်နေ့ နံနက်(၁၀)နာရီအချိန်၌ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၊ နေပြည်တော်တွင်ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျနှင့်အသုံးချနိုင်ရေးသည် အလွန်အရေးကြီးသဖြင့် ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိစေရန် သစ်တောမူဝါဒ၊ သစ်တောဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် သစ်တောများ ပြုစုထိန်းသိမ်းသည့် နေရာ၊ စီမံအုပ်ချုပ်သည့်နေရာမှာပါ ပြည်သူများထိရောက်စွာပါဝင်နိုင်ရန်၊ မူဝါဒနှင့် ဥပဒေများကို လက်ရှိအနေအထားထက် ပိုမိုအားကောင်းစွာပြင်ဆင်ရေးသားနိုင်ရန် မိမိတို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊

စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ သစ်တောမြေများအတွင်း မှီခိုနေထိုင်ကြသူများ၏ သစ်တောသယံဇာတများနှင့် မြေယာပိုင်ဆိုင်ခွင့်အပေါ် တရားဝင် အသိအမှတ်ပြုမှုရရှိစေခြင်းကို အထောက်အပံ့ပြုနိုင်ရန်၊ သစ်တောမူဝါဒ၊ သစ်တောဥပဒေနှင့် ဆက်စပ်နေသော လုပ်ထုံးလုပ်နည်းများရေးဆွဲရာတွင် အစိုးရအဖွဲ့အစည်းများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဆက်စပ်ပတ်သက်သူများအားလုံးပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ဖြစ်ပါကြောင်း၊ စီမံကိန်းကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအထိ (၂)နှစ်တာကာလဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီကိုကော်မတီဝင်(၁၇)ဦးဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ကော်မတီဝင်(၂၀)ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊

ယခုအစည်းအဝေးသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး စီမံကိန်းဆိုင်ရာဦးဆောင်ကော်မတီ၏ နောက်ဆုံးအကြိမ်အဖြစ် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးလည်းဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၁၂)ဖြင့် (၂၁-၅-၂၀၁၈) ရက်နေ့တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၉)ဖြင့် (၂၀-၉-၂၀၁၈) ရက်နေ့တွင် သစ်တောဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းထားရှိခဲ့ပါကြောင်း၊

သစ်တောသယံဇာတများနှင့် စပ်လျဉ်းသည့် မူဝါဒ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲသည့် အခါများမှာလည်း အားလုံးက ဆက်လက်အကြံပြုပါဝင်ပေးကြပါရန်နှင့် ယခုအစည်းအဝေးတွင် တင်ပြသွားမည့် စီမံကိန်းဆိုင်ရာ တင်ပြချက်များအပေါ် စီမံကိန်း၏ ရည်ရွယ်ချက် အတိုင်း ရလဒ်ကောင်းများပေါ်ထွက်လာမှုရှိ/ မရှိ၊ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ သတိပြုစဉ်းစားရမည့်အချက်များကို ဝိုင်းဝန်းသုံးသပ်ဆွေးနွေး အကြံပြုပေးကြပါရန် ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ စီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီဝင် ဆက်စပ်ဌာနအကြီးအကဲများ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ရန်ပုံငွေပံ့ပိုးကူညီပေးသော မဲခေါင်ဒေသ မြေယာစီမံအုပ်ချုပ်မှု စီမံကိန်း(Mekong Region Land Governance)နှင့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးနေသည့် Land Core Group မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပါသည်။

## ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း) အပေါ် ရရှိထားသည့် အကြံပြုချက်များအား သုံးသပ်ခြင်းဆိုင်ရာ ဒုတိယအကြိမ် ကျွမ်းကျင်သူ စကားဝိုင်း ဆွေးနွေးပွဲကျင်းပ



ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)အပေါ် ရရှိထားသည့် အကြံပြုချက်များအားသုံးသပ်ခြင်းဆိုင်ရာ ဒုတိယအကြိမ်ကျွမ်းကျင်သူစကားဝိုင်းဆွေးနွေးပွဲကို(၁၅–၁၁–၂၀၁၈)ရက်နေ့၊ နံနက်(၉)နာရီအချိန်၌ နွယ်သာကီ ဟိုတယ်၊ နေပြည်တော်တွင်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။

အမှာစကားပြောကြားရာတွင် နည်းဥပဒေကြမ်းရေးဆွဲခြင်းသည် အချိန်ကာလတစ်ခုအထိ တိတိကျကျပြောရမည်ဆိုပါက ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ယခု နိုဝင်ဘာလအထိ (၈)လခန့်ရှိပြီး နည်းဥပဒေကြမ်းပေါ်ထွက်လာရေးရည်မှန်းချက်ပန်းတိုင်နှင့် နီးကပ်လာပြီ ဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလ(၂၁) ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲစဉ်ကတည်းကပင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ခြင်းတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာရေး၊ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး၊ မိရိုးဖလာကိုးကွယ်ယုံကြည်မှုအရလည်းကောင်း၊ သယံဇာတလိုအပ်ချက်များကြောင့်လည်းကောင်း ဒေသခံများ ဘိုးစဉ်ဘောင်ဆက်ထိန်းသိမ်းထားသည့်နယ်မြေများ၊ အရင်းအမြစ်များကို ဥပဒေအရ အကာအကွယ်ပေးနိုင်ရန် အဓိကမျှော်မှန်းချက်တစ်ရပ်အနေဖြင့် ထည့်သွင်းခဲ့ပါကြောင်း၊

ထိန်းသိမ်းရေးကို မထိခိုက်စေဘဲ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေး၊ ထိန်းသိမ်းရေးတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာရေးတို့ကို စနစ်တကျ ခွင့်ပြုပေးနိုင်မည့် နည်းဥပဒေများကို ပြုစုနိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအစုအဖွဲ့များ၏ ကိုယ်စားလှယ်များကို နည်းဥပဒေကြမ်းကို ရေးဆွဲရာတွင် အထူးဖိတ်ကြား ပူးပေါင်းပါဝင်စေခဲ့ပါကြောင်း၊ ထိန်းသိမ်းရေးတွင် ဒေသခံများပူးပေါင်းပါဝင်ရန်၊ မျှတသည့်အကျိုးအမြတ်များ ပေးအပ်နိုင်ရန်နှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ထိရောက်သည့် နည်းလမ်းများဖြစ်သည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ဝင်ကြေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခကြေးငွေများကောက်ယူခြင်း၊ မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းအကောင်အထည်ဖော်ခြင်းစသည့် အကြောင်းအရာများကို ဥပဒေအသစ်တွင် ပါဝင်လာသည်နှင့်အညီ ပြည်တွင်းသာမက ပြည်ပကျွမ်းကျင်သူများ၏ အကြံပြုချက်များကို ပါရယူခဲ့ပါကြောင်း၊

ယခုရေးဆွဲနေသည့် နည်းဥပဒေသည် ပြည်ထောင်စုတစ်ရပ်လုံး လွှမ်းခြုံသည့် ဥပဒေတစ်ရပ်၏ နည်းဥပဒေဖြစ်သည်နှင့်အညီ နေရာဒေသတစ်ခုစီအတွက် အသေးစိတ်ပါရှိရန် မလွယ်ကူပါကြောင်း၊ ပြည်ထောင်စုအတွင်းတွင် တစ်နေရာနှင့်တစ်နေရာမတူညီမှု အခြေအနေပေးထားချက်များ၊ အခင်းအကျင်းများ မတူညီသောကြောင့် နေရာဒေသတစ်ခုစီအလိုက် သီးခြားဆန်သည့် ပြဋ္ဌာန်းချက်များကို ယခုနည်းဥပဒေတွင် ထည့်သွင်းရန် အလွန်ခက်ခဲပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်ပိုင်ဥပဒေများ ပြဋ္ဌာန်းခွင့်ရှိသောကြောင့် နေရာဒေသတစ်ခုစီအလိုက် သီးခြားဖြစ်သည့် ပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဥပဒေရေးဆွဲရာတွင် ထည့်သွင်းသင့်ပါကြောင်း၊ ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအားလုံးအနေနှင့် နည်းဥပဒေကြမ်းအပေါ် ရရှိထားသည့် အကြံပြုဖြည့်စွက်ချက်များအား မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကို အသုံးပြုပြီး ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားပါသည်။

# တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိသတင်းများ

## စစ်ကိုင်းတိုင်းဒေသကြီး




၁-၁၁-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရေဦးမြို့နယ်၊ စိုင်ပြင်-သရက်ကောင်းလမ်း၌ တရားမဝင်သစ်ယာ/အင်ခွဲသား (၃၇)ချောင်း (၇.၆၉၄၈)တန် တင်ဆောင်ထားသော ခေါင်းမပါထွန်စက်နောက်တွဲယာဉ်(၂)စီးအား ဖမ်းဆီးရမိခဲ့ပါသည်။




၅-၁၁-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဘုတလင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတလင်မြို့နယ်၊ ရွှေစာရေးကျေးရွာအောက်ဖက်(၁)ဖာလုံခန့်အကွာ၊ သပြေတောရွာအနီး၊ ချင်းတွင်းမြစ်အတွင်း၌ စက်လှေ(၁)စီးပေါ်မှ တရားမဝင် အင်ခွဲသား(၃၇၀)ချောင်း (၁၅.၂၀၁၈)တန်၊ အင်ပကာ(၁၂၀)ချောင်း (၁.၁၂၂၀)တန် ဖမ်းဆီးရမိခဲ့ပါသည်။

## ရှမ်းပြည်နယ်



၆-၁၁-၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်း ဆောင်ရွက်ရာ တာချီလိတ်မြို့နယ်၊ မြို့ရှောင်လမ်း၊ တာချီလိတ်-မိုင်းဆတ်ကားလမ်းမကြီးမှ (၁)မိုင်ခန့်အကွာနေရာ၌ ယာဉ်အမှတ်(2C/1898)တပ်ဆင်ထားသော NISSAN(၁၀)ဘီးယာဉ်နှင့် ယာဉ်အမှတ်(4B/2417)တပ်ဆင်ထားသော FUSO (၁၀)ဘီးယာဉ်(၂)စီးပေါ်မှ တရားမဝင်အင်/အင်ကြင်းခွဲသား (၇၅၇)ချောင်း (၁၉.၆၆၆၄)တန်အား တရားခံ(၂)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။



## မန္တလေးတိုင်းဒေသကြီး




၁၁–၁၁–၂၀၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာ၊ အမှတ်(၈)ရပ်ကွက်၊ ထုံးဘို–ဆည်တော်လေးသွားလမ်းဟောင်းတွင် ယာဉ်အမှတ် MDY-1F/7964 တပ်ဆင်ထားသော(Dong Feng) ၂၂ဘီးတွဲကားပေါ်မှ တရားမဝင် ပိတောက်ခွဲသား (၃၆၄)ချောင်း (၆.၅၇၇၈)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။




၁၄–၁၁–၂၀၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ မန္တလေး–ပြင်ဦးလွင်(အတက်)ကားလမ်း၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်နှင့် မိုင်တိုင်(၁၆/၃)တို့၌ ယာဉ်(၄)စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား စုစုပေါင်း(၇၆)ချောင်း (၇.၅၉၁၂)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ တရားမဝင်သစ် ဖမ်းဆီးရမိမှု

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၅၃၅.၄၅၇၅ | |
| ၂ | သစ်မာ | တန် | ၇၅၉.၈၆၁၄ | |
| ၃ | အခြား | တန် | ၆၄၂.၃၈၄၂ | |
| | စုစုပေါင်း | | ၁၉၃၇.၇၀၃၁ | |
| ၄ | မီးသွေး | တန် | ၄၈၆.၈၂၀၃ | |
| ၅ | ကား | စီး | ၁၇၉ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | - | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၁၀ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၆၀ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၃၀ | |
| | စုစုပေါင်း | | ၂၇၉ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၂၇ | |

# မြေးငယ်သစ်သစ်သို့ပေးစာ (၁၂)

သီရိတင် (သစ်တော)



''မဂ်လာပါမြေးငယ်ရေ'' မြေးလေးနေကောင်းရဲ့လား? ပြီးခဲ့တဲ့ အပတ်ကပြောပြခဲ့တဲ့ အကြောင်းအရာ မှတ်မိသေးလား? ''ဆင်နဲ့လူ'' ''လူနဲ့ဆင်'' အကြောင်းလေ။ အဲဒီတုန်းက စာရှည်သွားလို့ သာဖြတ်လိုက်ရတာ၊ ပြောဖို့ကျန်နေသေးတာကြောင့် ခု– ဆက်ပြီးရေးလိုက်တာ ။ ။ ။ ။။

အဲဒီစာထဲမှာတော့ တောဆင်ရိုင်းတွေအကြောင်း၊ ကောက်ပဲသီးနှံတွေကို ဖျက်ဆီးစားသောက်ကြကြောင်း၊ လူတွေကို ရန်ပြုကြောင်း၊ လူတွေကို နင်းသတ်ကြောင်း၊ တောလိုက်မုဆိုးတွေကလဲ 'ဆင်'ဆိုရင် အစွယ်အရရ၊ အရေခွံရရ၊အသားရရ လိုက်လံဖမ်းဆီးသတ်ဖြတ်ကြကြောင်း၊ ဆင်တွေ မုဆိုးတွေသတ်လို့ သေကြရသလို ဓမ္မတာအရအလိုလိုလဲသေကြကြောင်း၊ ဆင်အပါအဝင် သားရဲတိရစ္ဆာန်တွေကို ဥပဒေ၊ နည်းဥပဒေတွေနဲ့ရော ဆုပေး၊ ဒဏ်ပေးစနစ်တွေနဲ့ရော၊ "Hot Line" စနစ်တွေနဲ့သတင်းပေးဖမ်းဆီးရေးတွေကော၊ လက်နက်ကိုင်ရဲတွေနဲ့ကော "Voice for Wildlife" ဂီတပွဲတော်တွေနဲ့ရော ''ဆင်ပြတိုက်''တွေနဲ့ပါ အကြမ်းအနုစုံစုံလင်လင်နဲ့ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ပြောပြခဲ့တယ်နော်။ "မြေးလေး" မှတ်မိအောင် အတိုချုံးပြီး အကျဉ်းချုပ် ပြန်ပြောပြတာပါ။ ဒီတစ်ပတ် ပြောပြချင်တာက ––––––။

"ဖိုးဖိုး" တို့ မြန်မာနိုင်ငံမှာ အဲဒီလို နည်းမျိုးစုံနဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြသလို၊ အခြားနိုင်ငံ အသီးသီးမှာလည်း နည်းမျိုးစုံနဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ အဲဒီအထဲမှာ **"အမေဇုန်မိုးသစ်တော"** က ကာကွယ်ထိန်းသိမ်းနည်းလေးကို ပြောပြချင်ပါတယ်။

**"အမေဇုန်မိုးသစ်တော"** ဟာ နိုင်ငံ(၉)နိုင်ငံကို ဖြတ်သန်းတည်ရှိနေပါတယ်။ သစ်တောဧရိယာအများစုဟာ "ဘရာဇီး" နိုင်ငံမှာတည်ရှိနေပြီး ကျန်သစ်တောဧရိယာတွေကတော့ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ အီကွေဒေါ၊ ဘိုလီးဗီးယား၊ ရှုန်ဒိုနီးယား၊ ပါရဂွေးနဲ့ ကင်ညာ နိုင်ငံတွေထဲမှာ ရှိပါတယ်။ အဲဒီ "အမေဇုန်မိုးသစ်တော" ဟာ တောင်အမေရိက အမေဇုန်မြစ်ဝှမ်းအများစုကို လွှမ်းခြုံထားတဲ့ အပူပိုင်းစိုစွတ်မိုးသစ်တောဖြစ်ပါတယ်။ အမေဇုန်မြစ်ဝှမ်းဟာ ၂,၇၀၀,၀၀၀ စတုရန်းမိုင်ကျယ်ဝန်းပြီး မိုးသစ်တောကတော့ ၂,၁၀၀,၀၀၀ စတုရန်းမိုင် လွှမ်းခြုံလျက်ရှိပါတယ်။ ဆိုလိုတာကတော့ အဲဒီအမေဇုန်မြစ်ဝှမ်းမှာ အမေဇုန်သစ်တောဟာ (၉)ပုံ ပုံ (၇)ပုံတည်ရှိနေပါတယ်။ ၇၇.၇၇% (သို့မဟုတ်) ၈၀% နီးပါဟာ သစ်တောဧရိယာဖြစ်ပါတယ်။

"မြေလေး" ရေ အဲဒီအမေဇုန် မိုးသစ်တောဟာ ကမ္ဘာပေါ်မှာရှိတဲ့ အပူပိုင်းမိုးသစ်တောနဲ့ ဇီဝမျိုးကွဲပေါင်း အများဆုံးတည်ရှိတဲ့ သစ်တောတစ်ခုဖြစ်ပါတယ်။ သစ်ပင်ပေါင်းဘီလီယံ(၃၉၀)၊ မျိုးစိတ်ပေါင်း (၁၆၀၀၀) ခန့်အထိရှိတယ်လို့ မှတ်တမ်းတင်ထားရှိပါတယ်။

အဲဒီအမေဇုန်သစ်တောထဲမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ သိပ္ပံပညာရှင်တွေက ဒရုန်း(ခေါ်)မောင်းသူမဲ့လေယာဉ်တွေနဲ့ စောင့်ကြည့်တဲ့စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါပြီ။ အဲဒီဒရုန်းတွေကို "အီကိုဒရုန်းများ"လို့ အမည်ပေးထားပြီး ဦးစွာပထမအမေဇုန်ဒေသရှိ "ပင့်မြစ်" မြစ်အတွင်း လင်းပိုင်ငါးများ ကျက်စားနေထိုင်ပုံကို မောင်းသူမဲ့လေယာဉ်များအသုံးပြုလို့ သိပ္ပံပညာရှင်များက သုတေသနပြုလေ့လာနေကြပါပြီ။ နောက်နှစ်တွေမှာတော့ အခြားတောရိုင်းတိရစ္ဆာန်တွေရဲ့ အမူအကျင့်နဲ့စရိုက်လက္ခဏာများကို စုံစမ်းလေ့လာကြမှာဖြစ်ပါတယ်။ ဒီလို ဒရုန်းလေယာဉ်တွေကို အသုံးပြုတာဟာ ကုန်ကျစရိတ်လဲ သက်သာ မြန်မြန်ဆန်ဆန်လည်းသတင်းရ လျင်လျင်မြန်မြန် အရေးယူဆောင်ရွက်နိုင်လို့ အလွန်အသုံးတည့်လှပါတယ်။

" ဖိုးဖိုး"တို့ဆီမှာလဲ မြစ်ကြောင်းတစ်လျှောက် မြစ်ဝှမ်းတစ်ဝိုက်ရွာတွေ ပတ်ဝန်းကျင်စပါးနဲ့ ကြံစိုက်ခင်းတွေမှာ ဒီလိုမောင်းသူမဲ့ဒရုန်းတွေနဲ့ လေ့လာစောင့်ရှောက်ရင် ဆင်ရိုင်းအန္တရာယ်က ကာကွယ်ထိန်းသိမ်းနိုင်မယ်လို့ ထင်ပါတယ်။ စမ်းသပ်လေ့လာကြည့်ဖို့ကောင်းတယ်နော်။ အဲဒါမှ "ဆင်နဲ့လူ" – "လူနဲ့ဆင်" "သဘာဝ တောရိုင်းတိရစ္ဆာန်တွေနဲ့လူ" ''လူတွေနဲ့သဘာဝတောရိုင်းတိရစ္ဆာန်'' အချင်းချင်း အပြန်အလှန်အမှီသဟဲပြု ရှင်သန်ဖွံ့ဖြိုးစေမယ့် ဂေဟာစနစ်တွေမပျက်ယွင်းပဲ ဇီဝမျိုးစုံတောမှာစုံပြီး ကျေးငှက်သားရဲ တောမှာမြဲမှာပါနော်။ ဒါမှ သဘာဝပတ်

ဝန်းကျင်များ တောတောင်ရေမြေများ ရေရှည်တည်တံ့ ခိုင်မြဲမှာပါ။ တကယ်တော့ **''သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး''ဆိုတာ၊ သဘာဝတောတောင် ရေမြေများ ထိန်းသိမ်းရေးသာမက၊ အဲဒီတောတောင်ရေမြေများ အတွင်း မှီတင်းနေထိုင်ကျက်စားကြတဲ့ တောရိုင်းတိရစ္ဆာန်တွေ ထိန်းသိမ်းရေးကိုပါ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။** ဘယ်သူတွေက ဆောင်ရွက်ကြမှာလဲ? မြေးလေးရေ! မြေးလေးတို့ ဖိုးဖိုးတို့လူသားအားလုံးက လက်တွဲပူးပေါင်း ဆောင်ရွက် ကြမှအောင်မြင်မှာပါ---။ ကြည့်လေ -- ပြည်သူထဲက လူသားတစ်ဦး---''ဦးကျော်မြင့်ထွန်း''တဲ့။ ''ဦးထွန်းလေး''လို့လဲခေါ်တယ်။ ဒီနှစ် ဩဂုတ်လ(၁၇) ရက်နေ့က **''ဆင်ထိန်းသိမ်းသူရဲကောင်းဆု''** ချီးမြှင့်ခံခဲ့ရပြီ။ သူက---ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကင်းချောင်းကျေးရွာအုပ်စုမှာ နေထိုင်ပါတယ်။ သူရဲ့အဘိုး၊ အဖေတို့မှာ ကိုယ်ပိုင်ဆင်တွေနဲ့ အသက်မွေးဝမ်းကျောင်းခဲ့သူများဖြစ်ပြီး ဦးကျော်မြင့်ထွန်း ဟာ ငယ်ငယ်ကတည်းက ဆင်တွေရဲ့အသုံးဝင်ပုံ၊ တန်ဖိုးရှိပုံကို သိရှိနားလည်သဘောပေါက်သူဖြစ်ပါတယ်။ သူဟာ တောဆင်ရိုင်းတွေ သတ်ဖြတ်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဆင်သတ်တရားခံများ လိုက်လံဖမ်းဆီးရေးလုပ်ငန်းများတွင် လည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊ တပ်တွေနဲ့အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့သူ စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် တင်းချောင်းကျေးရွာအုပ်စုမှာ အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ကတည်းက ဆင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်မှာတော့ ဆင်သတ်တရားခံနှစ်ဦးကို ဆင်သတ်ရာမှာ အသုံးပြုခဲ့တဲ့ လက်နက်ခဲယမ်းများနှင့် အတူဖမ်းဆီးပေးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း ဆင်သတ်ရာတွင်အသုံးပြုခဲ့တဲ့ တူမီးသေနတ်လေးလက်နဲ့ ဆက်စပ်ပစ္စည်းများကိုသိမ်းဆည်း၍ သက်ဆိုင်ရာသို့ အပ်နှံပေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် " ဦးကျော်မြင့်ထွန်း" ကို မြို့နယ်အဆင့်ဂုဏ်ပြုဆုနဲ့ ရောဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲ့ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF) နဲ့ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေး မိတ်ဆွေများအသင်း(FOW) တို့ပူးပေါင်းပြီး **" ဆင်ထိန်းသိမ်းရေး သူရဲကောင်းဆု"** ကို ပေးအပ်ချီးမြှင့်ဂုဏ်ပြုခဲ့ပါတယ်။ ဦးကျော်မြင့်ထွန်း ဟာ တောဆင်ရိုင်းများ ကာကွယ်ရေးထိန်းသိမ်းရေးလုပ်ငန်းများမှာ သက်ဆိုင်ရာဌာန၊ တပ်ဖွဲ့အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းအဖြစ် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်၍ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ကျေးဇူးတင်လွှာထုတ်ပြန်ကာ ချီးကျူးဂုဏ်ပြုခဲ့ပါသည်။

" မြေးလေး" ရေ– ဘာပဲလုပ်လုပ် စိတ်အားထက်ထက်သန်သန် လုံ့လဝီရိယ မြဲမြံစွာဖြင့် ရည်မှန်းချက်မပျက်အောင် စွမ်းစွမ်းတမံဆောင်ရွက်ပါက မိမိအလိုရှိရာပန်းတိုင်ကိုရောက်ရှိမှာ မလွဲကေန်ဖြစ်ပါတယ်။ အောင်မြင်မှုရလဒ်ကိုရရှိတဲ့အပြင် နိုင်ငံတော်ရဲ့ အကြီးမြင့်ဆုံးပုဂ္ဂိုလ်က ချီးကျူးဂုဏ်ပြုခြင်းကိုရရှိမှာပါ။ " မြေးလေး" လည်း " ဦးကျော်မြင့်ထွန်း" လို ကျေးဇူးတင်လွှာရရှိအောင် ကြိုးစားလိုက်ပါနော်– အနည်းဆုံးတော့ မိခင်သစ်တောဦးစီးဌာနကပေးမဲ့" စံပြဝန်ထမ်းကောင်း" ဆုရရှိနိုင်ပါတယ်။ အစွမ်းကုန်ကြိုးစားလိုက်နော် – " မြေးလေးတို့ ဘဝသာယာလှပပါစေ"

ချစ်တဲ့ " ဖိုးဖိုး"

ဦးကျော်မြင့်ထွန်း (ခ) ဦးထွန်းလေး
(တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်
စောင့်ရှောက်ရေး သူရဲကောင်း)



(တောရိုင်းဆင်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး သူရဲကောင်း ဦးကျော်မြင့်ထွန်း (ခ) ဦးထွန်းလေးအား ကျေးဇူးတင် လေးစားဂုဏ်ပြုသောအားဖြင့် ဤစာကို ရေးသားအပ်ပါသည်။)

-----*****-----

# ကျွန်တော်လေ့လာမိသော ခေါင်းဆောင်မှုပညာရပ်အကြောင်း အပိုင်း(၃)

အောင်နိုင်(လက်ဆည်)

ခေါင်းဆောင်မှုအခြေခံစည်းမျဉ်းများကို အတိတ်က အောင်မြင်ထင်ရှားခဲ့ကြသော ခေါင်းဆောင်များ၏ ပြုမူ၊ ပြောဆို၊ ဦးဆောင်ခဲ့မှုများမှ ဖော်ထုတ်ထားခြင်းဖြစ်ပါသည်။ ခေါင်းဆောင်မှု ဥပဒေသများကို ကာလ၊ ဒေသ၊ လုပ်ငန်းတာဝန်အပေါ်မူတည်၍လိုက်နာကျင့်သုံးရမည် ဖြစ်သော်လည်း လုံးဝလိုက်နာကျင့်သုံးခြင်းမရှိသော ခေါင်းဆောင်သည် ရှုံးနိမ့်မှုများကိုတွေ့ရမည်ဖြစ်သည်။

ခေါင်းဆောင်မှု အခြေခံစည်းမျဉ်းများအနေဖြင့် အောက်ပါတို့ကို လိုက်နာရမည်ဖြစ်သည် –

## (၁) လုပ်ငန်းအတတ်ပညာနှင့် နည်းပရိယာယ် ကျွမ်းကျင်မှုပြည့်ဝရမည်

ခေါင်းဆောင်လုပ်သူသည် မိမိလုပ်ငန်းတာဝန်ကို ကျေညက်စွာသိရှိရန်အတွက် ၎င်းလုပ်ငန်းတာဝန်ကို အသေးစိတ်သိရှိခြင်း၊ ဗဟုသုတရှိရုံသာမက လုပ်ငန်းတာဝန်၏ နောက်ခံနယ်ပယ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိထားရန်လိုအပ်ပါသည်။ ခေါင်းဆောင်မှုစွမ်းရည်မြင့်မားသူများအားရှာဖွေ၍ ခင်မင်အောင်မိတ်ဆွေဖွဲ့ပါ။ ၎င်းတို့ပြုမူလုပ်ဆောင်မှုများကို စောင့်ကြည့်လေ့လာမှတ်သားအတုယူပါ။ ပြောင်းလဲတိုးတက်လာသော ပညာရပ်ဆိုင်ရာနည်းပညာများကိုလည်း အမြဲမပြတ်လေ့လာသင်ယူနေရမည်။ လုပ်ငန်းနှင့်ပတ်သက်သော စီမံခန့်ခွဲမှုအတတ်ပညာများကိုလည်း နားလည်သဘောပေါက်အောင်လေ့လာပြီး လိုက်နာကျင့်သုံးပါ။

## (၂) ကိုယ့်အရည်အချင်းကို ဆန်းစစ်ပြီး ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင်လေ့ကျင့်ရမည်

မိမိ၏အားသာချက်၊ အားနည်းချက်များကို ဝေဖန်ဆန်းစစ်ပြီး မိမိကိုယ်မိမိထိန်းချုပ်နိုင်သည့် စွမ်းရည်ရှိအောင်လုပ်ရမည်။ အားနည်းချက်ကိုရှာဖွေပြီး ပြုပြင်နိုင်အောင်မကြိုးစားသရွေ့ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်မလာနိုင်ပေ။ အားနည်းသည့် အရည်အချင်းများ တိုးတက်အောင် ပြင်ဆင်ပျိုးထောင်ပြီး အားကောင်းသည့် အရည်အချင်းများကို ပိုမိုပြည့်ဝအောင် ဆောင်ရွက်ရမည်။

ခေါင်းဆောင်မှုအရည်အချင်း တိုးတက်အောင် နည်းလမ်းကောင်းများအား ဆရာသမားများနှင့် အခွင့်အခါ ကြုံကြိုက်သည့်အခါတိုင်း မေးမြန်းအကြံဉာဏ်ရယူရမည်။ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလများတွင် အောင်မြင်သော ခေါင်းဆောင်များ၏ ဆုံးရှုံးခဲ့ရမှုဖြစ်ရခြင်းအကြောင်းအရင်းနှင့် အခက်အခဲများအား မေးမြန်း၍ သင်ခန်းစာများရယူပါ။ မိမိအဖွဲ့တွင်ပါဝင်သည့် အဖွဲ့ဝင်များ၏အကြောင်းကို စိတ်ဝင်တစားလေ့လာပါ။ ၎င်းတို့နှင့်ဆက်ဆံရေးကောင်းမွန်အောင်နေထိုင်ဖို့လည်းလိုအပ်ပြီး အခြားအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့်လည်း မိတ်ဆွေကောင်းပီသစွာ ဆက်ဆံမှုရအောင် ပြုစုပျိုးထောင်ရမည်။ ရုံးလုပ်ငန်းဆိုင်ရာ စာရေးသားနည်းအတတ်ပညာနှင့် စကားပြောခြင်း အတတ်ပညာတို့ကိုလည်း ပိုင်နိုင်စွာတတ်မြောက်အောင် ကြိုးပမ်းအားထုတ်ရမည်။

## (၃) လက်အောက်ငယ်သားများအကြောင်းသိရှိပြီး ၎င်းတို့၏ အခက်အခဲများအား တတ်နိုင်သလောက် ဆောင်ရွက်ပေးရမည်

မိမိ၏ လက်အောက်ငယ်သားများသည် လုပ်ငန်းတာဝန်များကို အခြေအနေမျိုးစုံဖြင့် အဆင်ပြေအောင် လုပ်ဆောင်နေသည်ကို သိရှိနားလည်အောင် လုပ်ရမည်ဖြစ်သည်။ လက်အောက်ငယ်သားများ၏ လိုအပ်ချက်များကိုကြိုတင်မျှော်တွေးပြီး ဖြည့်ဆည်းပေးရမည်။ သို့မှသာ ၎င်းတို့၏လိုလိုလားလားရှိသော ရိုးသားမှု၊ ယုံကြည်မှု၊ ရှိသေမှုနှင့် သစ္စာရှိသောပူးပေါင်းဆောင်ရွက်မှုကို ရရှိပေမည်။ မိမိ၏လက်အောက်ဝန်ထမ်းများ တာဝန်ကိုလေးစားစွာအကောင်အထည်ဖော်မှုသည် သူတို့၏လိုအပ်ချက်များကို ကျေနပ်အောင် ဖြည့်ဆည်းပေးထားခြင်းအပေါ် များစွာတည်မှီနေပေသည်။ မိမိလက်အောက်ငယ်သားတို့၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ကူညီဖြည့်စွမ်းပေးခြင်းဖြင့် စွမ်းဆောင်ရည် ပိုမိုထက်မြက်ခြင်းတို့ဖြစ်ပေါ်နိုင်ပေသည်။ လက်အောက်ငယ်သားများ၏ ကိုယ်ရေးမှတ်တမ်းများဖတ်ရှုခြင်းနှင့် ပုဂ္ဂိုလ်ရေးထိတွေ့ဆက်ဆံမှုပြုလုပ်လျက် ၎င်းတို့၏အကြောင်းကို ဂဃနဏ သိအောင်ပြုလုပ်ရမည်။ တစ်ဦးချင်း၏အမည်များပါ သိ

အောင်လေ့လာမှတ်သားပြီး တစ်ဦးချင်း၏ အကျင့်စရိုက်လက္ခဏာများကိုပါသိအောင် လေ့လာထားရမည်။ ၎င်းတို့၏ စားဝတ်နေရေးအခြေအနေများအား စိတ်ဝင်တစားသိအောင်လေ့လာရမည်။ ၎င်းတို့၏ပုဂ္ဂလိက ပြဿနာများနှင့်ဝန်ထမ်းဆိုင်ရာ ရပိုင်ခွင့်များအား စိတ်ဝင်တစားသတိပြုလျက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။ အဖွဲ့အစည်းအတွင်းလူ၊ ပစ္စည်းလုံခြုံမှုရှိရေး အစီအစဉ်များလည်းကြိုတင်ပြင်ဆင်ထားရှိရမည်။ မိမိအဖွဲ့အစည်းရှိ အဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာ အခြေအနေများကို သိရှိရန်ခေါင်းဆောင်သည် လက်အောက်ငယ်သားများနှင့် မကြာခဏတွေ့ဆုံပြီး အလ္လာပ၊သလ္လာပပြောခြင်းနှင့် သူတို့၏ဘဝအခြေအနေများအား မေးမြန်းခြင်းများ ပြုလုပ်သင့်သည်။ လက်အောက်ငယ်သားများအပေါ် ကြောက်ရွံ့စေမှု၊ မျက်နှာသာပေးမှု မပါဝင်ဘဲတရားမျှတစွာ စီမံခန့်ခွဲမှုပြုလုပ်ရမည်။ ဝန်ထမ်းများ၏ ပညာရေးဆိုင်ရာ အခွင့်အလမ်းများအား တတ်နိုင်သမျှဖြည့်ဆည်းပြီး တစ်ဦးချင်းတိုးတက်မှုကိုမြှင့်တင်ပေးရမည်။ မိမိလက်အောက်ဝန်ထမ်းများ ပျော်ရွှင်စိတ်ကျေနပ်စေသော အားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ အပန်းဖြေခရီးများ စုပေါင်းသွားခြင်းတို့ဖြင့် အချင်းချင်းစည်းလုံးမှုကိုရရှိစေပြီး စိတ်လက်အပန်းဖြေပြီး လုပ်ငန်းအပေါ်ဆောင်ရွက်နိုင်မှု ပိုမိုရရှိစေပါသည်။

**(၄)လက်အောက်ငယ်သားများကို သိသင့်သော သတင်းအချက်အလက်များအား အသိပေးရမည်**

လူတိုင်းသည် မိမိလုပ်သောအလုပ်ကို ကောင်းအောင်မည်သို့ဆောင်ရွက်ရမည်၊ အလုပ်မှမိမိအတွက် မည်သို့မျှော်လင့်နိုင်သည် စသည့်တို့ကို သိလိုကြမြဲဖြစ်ပါတယ်။ ခေါင်းဆောင်လုပ်သူမှ မိမိလက်အောက်ငယ်သားများအား မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းအကြောင်းနှင့် ရည်မှန်းချက်တို့ကို သိရှိအောင်အသိပေးသင့်သည်။ သို့မှသာ သိရှိသူသည်မသိသောသူထက်ပို၍ အကျိုးရှိအောင်ဆောင်ရွက်နိုင်ပေလိမ့်မည်ဖြစ်သည်။ လက်အောက်ငယ်သားများအနေဖြင့်သိသင့်သည်များကို သိရှိထားပါက မိမိခေါင်းဆောင်များအပေါ် ကောင်းမွန်စွာ သဘောထားရှိပေလိမ့်မည်။ မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်ကို သဘောပေါက်သောသူသည်မိမိကျရာတာဝန်ကို အကောင်းဆုံး မည်သို့ဆောင်ရွက်ပေးရမည်ကို နားလည်နိုင်မည်ဖြစ်ပါသည်။ အဖွဲ့ဝင်တစ်ဦးချင်းနှင့် အဖွဲ့ဝင်အားလုံးတို့သည် လုပ်ငန်းတာဝန်ပြီးမြောက်မှုအတွက် အသိအမှတ်ပြုခြင်းကို ခံယူလိုကြသည်။ မိမိလက်အောက်ငယ်သားများအား အသိပေးသင့်သည်များကိုအသိပေးထားခြင်းအားဖြင့် စိုးရိမ်မှု၊ ကောလာဟလတို့ကို လျော့ကျစေမည်ဖြစ်သည်။ မိမိ၏လက်အောက်ဝန်ထမ်းများကို အဓိကကျသော လုပ်ငန်းတာဝန်ကို အဘယ်ကြောင့် ပြီးမြောက်အောင် ဆောင်ရွက်သင့်သည်၊ မည်သို့ဆောင်ရွက်သင့်သည်တို့ကို ရှင်းလင်းအောင်ပြောပြရမည်ဖြစ်ပါသည်။ ခေါင်းဆောင်အနေဖြင့် မိမိပေးလိုက်သော သတင်းအချက်အလက်များ အောက်ခြေသို့ ရောက်/မရောက်သိရှိနိုင်ရန် ကိုယ်တိုင်မကြာခဏ သွားရောက်စစ်ဆေးသင့်သည်။ လျှို့ဝှက်ကိစ္စမှတစ်ပါး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မိမိလက်အောက်ဝန်ထမ်းများသို့ အသိပေးသင့်သည်များကို အသိပေးထားရမည်။ မိမိဌာန၏ အမိန့်ညွှန်ကြားချက်များ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့် ဝန်ထမ်းများ၏ ရပိုင်ခွင့်များဖြစ်သော လစာအဆင့်တိုးမြှင့်မှု၊ အကျိုးခံစားခွင့်နှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများကိုလည်း သိရှိအောင်ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်များအား နားလည်စေရန်လိုပါသည်။

**(၅)စံနမူနာပြနေထိုင်ရမည်**

မိမိလက်အောက်ဝန်ထမ်းများသည် ခေါင်းဆောင်ကို စံနမူနာအဖြစ်အမြဲ အတုခိုးတတ်ကြသည်။ ထို့ကြောင့် ခေါင်းဆောင်ကောင်းမည်သည် မိမိနောက်လိုက်ငယ်သားများက လေးစားဂုဏ်ယူရလောက်အောင် မိမိကိုစံနမူနာကောင်းအဖြစ် အတုယူရလောက်အောင် ပြုမူပြောဆိုဝတ်စားဆင်ယင်နေထိုင်ရမည်။ တာဝန်ထမ်းဆောင်ရာတွင်လည်း စံနမူနာထားရလောက်အောင် ပြောင်မြောက်စွာထမ်းဆောင်ပြနိုင်ရမည်။ အမြဲတမ်းကျန်းမာရေးကောင်းမွန်အောင်နေထိုင်ပြီး စိတ်ဓာတ်တက်ကြွ၍ သန့်ရှင်းသပ်ရပ်စွာနေထိုင်ရမည်။ ဝတ်စားဆင်ယင်မှုစနစ်ကျရမည်၊ လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းနိုင်ရမည်။ အဆင်မပြေမှု စိတ်တိုင်းမကျမှုများတွေ့ပါက ဒေါသကို မထိန်းချုပ်နိုင်သူ(သို့) အခက်အခဲနှင့်တွေ့တိုင်းမကြာခဏ စိတ်ပျက်အားလျော့တတ်သူဖြစ်လျှင် မိမိ၏လက်အောက်ငယ်သားများ၏ လေးစားမှု၊ သစ္စာစောင့်သိမှုကိုရရန်ခဲယဉ်းပေမည်။ ခေါင်းဆောင်လုပ်သူသည် မိမိအကျင့်စရိုက်များကြောင့် နောက်ကွယ်တွင် ကဲ့ရဲ့ခြင်းမခံရအောင် မိမိအပြောအဆိုအပြုအမူများကို အမြဲဆင်ခြင်ဆောင်ရွက်ရမည်။ ကြမ်းတမ်းသောအပြုအမူ၊ ရိုင်းစိုင်းသောအပြောအဆိုတို့သည် ပင်ကိုယ်စာရိတ္တပျော့ညံ့၊ မခိုင်မာမှုတို့၏ လက္ခဏာများပင်ဖြစ်သည်။ အချိန်နောက်ကျတတ်ခြင်း၊ တစ်ကိုယ်ကောင်းဆန်တတ်ခြင်း လက်အောက်ငယ်သားများ ရရှိခံစားနိုင်ခြင်းမပြုနိုင်သော ဖိမ်ခံမှုများကိုလိုက်စားတတ်ခြင်းများအား လက်အောက်ငယ်သားများက မနှစ်မြို့တတ်ကြ၍ ဆင်ခြင်ရန်လိုအပ်ပေသည်။

ခေါင်းဆောင်သည် မိမိအထက်အရာရှိနှင့် လက်အောက်ငယ်သားများအပေါ် သစ္စာရှိရမည်။ လက်အောက်ငယ်သားများလုပ်ငန်း တာဝန်များကို တာဝန်သိစွာဆောင်ရွက်နေသမျှကာလပတ်လုံး ထောက်ခံအားပေးနေရမည်။ တာဝန်မကျေပွန်သော ပြစ်မှုကျူးလွန်သော ဝန်ထမ်းများ

အားအထက်အရာရှိမှ အရေးယူမှုအား အကာအကွယ်ပေးခြင်းသည် မိမိအထက်အရာရှိအား သစ္စာမစောင့်သိရာကျပေမည်။ သစ္စာစောင့်သိမှုဆိုသည်မှာ ခေါင်းဆောင်တစ်ဦး၏အရေးပါသော အရည်အချင်းတစ်ရပ်ဖြစ်ပြီး အထက်ဌာနမှချမှတ်သော မူဝါဒပေါ်လစီများသည် မိမိသဘောထားနှင့် တိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ လိုက်နာဆောင်ရွက်ရမည်မှာ အသေအချာပင် ဖြစ်သည်။ မိမိလက်အောက်ငယ်သားများအား မျက်နှာသာပေး၍ ဘက်လိုက်ခြင်းကိုရှောင်ရှားပြီး လူယုံမွေးခြင်း၊ ဂိုဏ်းဖွဲ့ခြင်းကို အထူးရှောင်ရှားရမည်။ မိမိလက်အောက်ငယ်သားများထဲမှ မိမိနှင့် ကြာမြင့်စွာသစ္စာရှိရှိလုပ်ကိုင်ခဲ့သဖြင့် မိမိနှင့်ရင်းနှီးနေသော လက်အောက်ငယ်သားအချို့ ရှိကောင်းရှိပေလိမ့်မည်။ သို့သော် ၎င်းတို့ကိုမျက်နှာသာပေး၍ ဘက်လိုက်ပေးမှုများမရှိစေရန်နှင့် မှန်မှန်ကန်ကန် ရပ်တည်ပေးရန်လိုပေသည်။ မိမိအကျိုးအတွက် ခံယူချက်များ စွန့်လွှတ်ရခြင်းမျိုးနှင့် မိမိတာဝန်ယူရသော အဖွဲ့အစည်း၏ မှားယွင်းချက်အတွက် တာဝန်မယူရဲသော ခေါင်းဆောင်မျိုးသည် မိမိလုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများ၏ လေးစားယုံကြည်မှုရရှိနိုင်မည် မဟုတ်ပေ။

### (၆) လုပ်ငန်းတာဝန်ကို နားလည်သဘောပေါက်မှု၊ ကြိုးကြပ်မှု၊ အောင်မြင်ပြီးမြောက်မှုဖြစ်လာစေရန် သေချာအောင်ဆောင်ရွက်ရမည်

ခေါင်းဆောင်တစ်ယောက်အနေဖြင့် မိမိပေးသောအမိန့်ကို လက်အောက်ငယ်သားများ နားလည်သဘောပေါက်ရန်အရေးကြီးသည်။ ၎င်းနောက်အမိန့်ကို ချက်ချင်းအကောင်အထည်ဖော်ရန် ကြိုးကြပ်ရမည်။ လုပ်ရည်ကိုင်ရည်ကောင်းသော ခေါင်းဆောင်သည် သူ၏အမိန့်များအကျိုးသက်ရောက်မှုရှိစေရန် လက်အောက်ငယ်သားများကို အမျှော်အမြင်ရှိစွာ တာဝန်ပေးအပ်ရမည်။ ခေါင်းဆောင်တစ်ယောက်သည် မိမိရဲ့လက်အောက်ငယ်သားများကို ၎င်းတို့၏စွမ်းဆောင်ရည်အလိုက် တာဝန်မပေးတတ်ပါက ခေါင်းဆောင်မှုအရည်အချင်း အားနည်းသူဖြစ်ပေသည်။ ရှင်းလင်းတိုတောင်း နားလည်လွယ်သောအမိန့်ကို လက်အောက်ငယ်သားများက လျင်မြန်စွာလိုက်နာဆောင်ရွက်တတ်သည်။ အမိန့်ပေးရာတွင် အလွန်အသေးစိတ်ညွှန်ကြားခြင်းမျိုးပေးပါက လိုက်နာဆောင်ရွက်သူအဖို့ ပိုမိုရှုပ်ထွေးစေပါသည်။ လက်အောက်ငယ်သားများအဖို့ အလွန်အကျွံကြီးကြပ်ခြင်းနှင့် တွန်းအားပေးခြင်းတို့ကို မကြိုက်နှစ်သက်ပေ။ လက်အောက်ငယ်သားများသည် လုပ်ငန်းတာဝန်များကို ပြီးမြောက်စေရန်အတွက် မိမိဘာသာတွေးတောကြံဆမှု ပြုလုပ်ခွင့်ရရှိသောအခါ တစ်ဦးချင်းထိတွေ့လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရည်အချင်းများဖြစ်လာမည်ဖြစ်ပါသည်။ လက်အောက်ငယ်သားများအား မိမိညွှန်ကြားချက်များအား မရှင်းလင်းသည်များရှိပါက ချက်ချင်း မေးမြန်းကြရန်ပြောကြားရမည်။ ခေါင်းဆောင်အနေဖြင့် မိမိအမိန့်အတိုင်း လက်အောက်ငယ်သားများဆောင်ရွက်မှုရှိ၊ မရှိကြီးကြပ်ရမည်။ ကြီးကြပ်ရာတွင် သင်၏လုပ်ဆောင်ချက်သည် လုပ်ငန်းဆောင်ရွက်နေမှုကို အနှောင့်ယှက်မဖြစ်ပဲ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ တည့်မတ်ပေးခြင်းမျိုးသာဖြစ်ရမည်။ မိမိလက်အောက်ငယ်သားများအတွက် လုပ်ငန်းတာဝန်ပြီးမြောက်စေရန်အတွက် အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးရမည်။ ကြီးကြပ်မှုတင်းကြပ်လွန်းလျှင် ကြီးကြပ်မှုခံရသူများတွင် ထိုးထွင်းတီထွင်မှုအားနည်းပြီး မခံချင်သောစိတ်၊ မနှစ်မြို့သောစိတ်များ ဖြစ်ပေါ်စေတတ်သလို ကြီးကြပ်မှုလျော့ရဲလျှင်လည်း လုပ်ငန်းတာဝန်မပြီးမြောက်ပဲ ဖြစ်နေတတ်တာကို သတိထားရပါမည်။

### (၇) လက်အောက်ငယ်သားများအား အဖွဲ့လိုက်လုပ်ဆောင်တတ်စေရန် လေ့ကျင့်ပေးရမည်

အဖွဲ့အစည်းလိုက် ဆောင်ရွက်တတ်မှုသည် လုပ်ငန်းအောင်မြင်ရေးအတွက် သော့ချက်ဖြစ်ပေသည်။ အဖွဲ့အစည်းလိုက် အောင်မြင်မှုရရှိရန်မှာ စိတ်ဓာတ်မြင့်မားမှု၊ အဖွဲ့အစည်းစိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ ကောင်းမွန်မှုသာ ဖြစ်လာမည်ဖြစ်သည်။ အဖွဲ့ဝင်အသီးသီး၏ လုပ်ငန်းအောင်မြင်ပြီးမြောက်မှုကြောင့် ဝမ်းမြောက်မှုခံစားချက် လုံခြုံဘေးကင်းမှုတို့က အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အနိမ့်အမြင့်အလိုက် ရရှိနိုင်ပေသည်။ အဖွဲ့ဝင်တိုင်းအား လုပ်ငန်းအောင်မြင် အကျိုးသက်ရောက်မှုရရှိစေရေးအတွက် တစ်ဦးချင်း၏ တာဝန်ကျေပွန်စွာထမ်းဆောင်မှု အခန်းကဏ္ဍအရေးကြီးပုံကို နားလည်အောင်ရှင်းပြထားရမည်။

### (၈) တိကျခိုင်မာသော မှန်ကန်သည့် ဆုံးဖြတ်ချက်များအား အချိန်မီချမှတ်နိုင်ရမည်

ခေါင်းဆောင်သည် အလွန်ခက်ခဲသည့် အခြေအနေမျိုးတွင် မှန်ကန်သောဆုံးဖြတ်ချက်အား အမြန်ဆုံးချမှတ်နိုင်ပြီး အကျိုးဖြစ်ထွန်းမည့် အခွင့်အလမ်းရရှိစေရန် ယုတ္တိကျသော ဆင်ခြင်ဆောင်ရွက်နိုင်စွမ်းရှိရမည်။ အလျင်အမြန်ပြတ်သားစွာ ဆုံးဖြတ်ချက်မချနိုင်သော ခေါင်းဆောင်သည် မိမိအဖွဲ့အစည်းအား ထိရောက်စွာ အသုံးချနိုင်မည် မဟုတ်ပေ။ လက်အောက်ငယ်သားများ၏ စိတ်တွင်လည်း ချီတုံချတုံဖြစ်ကာရှုပ်ထွေးမှုများ ပေါ်ပေါက်လာနိုင်ပေမည်။ လုပ်ငန်းစဉ်များအား ပြောင်းလဲရန်လိုအပ်ပါကလည်း လျင်မြန်ပြတ်သားစွာ ပြောင်းလဲလုပ်ဆောင်ရဲရမည် ဖြစ်ပါသည်။ သို့မှသာ လက်အောက်ငယ်သားများက ပိုမိုယုံကြည်လာကြမည်ဖြစ်သည်။ မှန်ကန်ပြီးအချိန်မီသော ဆုံးဖြတ်ချက်ချ

မှတ်နိုင်ရန်အမြဲလေ့လာခြင်း၊ လက်တွေ့လေ့ကျင့်မှုပြုလုပ်ခြင်းများရှိမှသာ ရရှိနိုင်မည်ဖြစ်သည်။ ဆုံးဖြတ်ချက်မချမှတ်မီ လက်အောက်ငယ်သားများက တင်ပြသည့် အကြံဉာဏ်များနှင့် အယူအဆများအား လက်ခံစဉ်းစားပေးရမည်။ လက်အောက်ငယ်သားများ ကြိုတင်ပြင်ဆင်ရမည့် စီမံမှုများ ဆောင်ရွက်ချိန်ရရှိစေရန်အတွက် ဆုံးဖြတ်ချက်ကို အချိန်မီပေးနိုင်ရမည်ဖြစ်ပါသည်။

## (၉)မိမိလက်အောက်ငယ်သားများကို တာဝန်သိစိတ်တိုးတက်အောင်ဆောင်ရွက်ရမည်

လုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့်အတူ လုပ်ပိုင်ခွင့်အပ်နှင်းထားရခြင်းသည် အထက်ခေါင်းဆောင်နှင့် လက်အောက်ငယ်သားတို့၏ အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုကို တိုးတက်စေပါသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် လက်အောက်ငယ်သားများဘက်မှ တီထွင်ကြံဆမှုကိုသိနိုင်ပြီး စေတနာအပြည့်အဝဖြင့် လက်အောက်မှအထက်သို့ ကူညီရိုင်းပင်းမှုကိုရရှိစေပြီး ခေါင်းဆောင်သည် လက်အောက်သို့ လုပ်ပိုင်ခွင့်ပေးအပ်ခြင်းအားဖြင့် လက်အောက်ငယ်သားများအပေါ် ယုံကြည်ကြောင်းပြသခြင်းဖြစ်ပြီး လက်အောက်ငယ်သားများကို ကြီးမားသောလုပ်ငန်းတာဝန်များကို လိုလိုလားလား ဆက်လက်ထမ်းဆောင်လိုစိတ် တိုးတက်လာစေပါသည်။ လက်အောက်သို့ လုပ်ပိုင်ခွင့်ကို ထိန်းချုပ်ပြီးပေးခြင်းသည် ညံ့ဖျင်းသော ခေါင်းဆောင်ဖြစ်သည်။ ခေါင်းဆောင်သည် လက်အောက်ငယ်သားများအား ဘာလုပ်ရမည်ကို သေချာစွာရှင်းလင်းအောင်ပြောရမည်။ သို့သော် ဘယ်လိုလုပ်ရမည်ကိုတော့ မပြောပါနှင့် ၎င်းတို့ဘာသာလုပ်ကိုင်ဆောင်ရွက်၍ ရရှိသည့်ရလဒ်ကို တာဝန်ခံမှုရှိစေရပါမည်။ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ညီမျှစွာခွဲဝေပေးထားပြီး ကြီးကြပ်ရမည်။ သို့ရာတွင် လိုအပ်ချိန်မှတစ်ပါး ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရပါ။

## (၁၀)မိမိ၏အဖွဲ့အစည်းကို စွမ်းဆောင်နိုင်မှုနှင့် လျော်ညီစွာ အသုံးချရမည်

မိမိအဖွဲ့အစည်း၏ စွမ်းရည်နှင့် အားနည်းချက်များကို အသေးစိတ်သိရှိထားမှသာ ဆီလျော်စွာ အသုံးပြုနိုင်ပေမည်။ မိမိအဖွဲ့ဝင်များအား တာဝန်ပေးရာတွင် အကျိုးအကြောင်း ဆင်ခြင်ပိုင်းဖြတ်တတ်မှုကို အခြေခံရမည်။ လုပ်ငန်းများမအောင်မြင်ရခြင်းသည် အဖွဲ့ဝင်များ၏ နိမ့်ကျသောစိတ်ဓာတ်အခြေအနေ၊ အဖွဲ့အစည်းစိတ်ကင်းမဲ့မှု၊ စည်းကမ်းနိမ့်ကျမှု၊ စွမ်းဆောင်သည့်တစ်ဦးချင်း အရည်အချင်းနည်းပါးမှု၊ အဆင်ဆင့်ယုံကြည်မှု နည်းပါးမှုတို့ကြောင့်ဖြစ်ပါသည်။ လက်အောက်ငယ်သားများအား လုပ်ငန်း တာဝန်ခွဲဝေပေးရာတွင် မျှတမှုရှိရမည်။ အရေးပေါ်ဆောင်ရွက်ရန်လိုအပ်လာပါက အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လာစေရန် နှိုးဆော်တိုက်တွန်းရပါမည်။ မိမိတာဝန်ခွဲဝေမှုအပေါ် သေချာစွာပြန်လည်ဆန်းစစ်ဖို့တော့ လိုပါသည်။ လိုအပ်လာပါက မိမိအထက်အကြီးအကဲထံ တင်ပြပြီး လိုအပ်သည့် အကူအညီများ တောင်းခံပေးရပါမည်။ လုပ်ငန်းပမာဏသည် မိမိအဖွဲ့အစည်းနှင့်ဆောင်ရွက်ရန် မဖြစ်နိုင်ပါက အချိန်မီတင်ပြခြင်းမရှိဘဲ လက်အောက်ငယ်သားများအား ဖိအားပေးစေနိုင်ခြင်းမျိုးကို အထူးရှောင်ရှားသင့်ပါသည်။

## (၁၁)လုပ်ငန်းတာဝန်ကိုရှာဖွေ၍ ဆောင်ရွက်ရမည်

မိမိအထက်ဌာနမှ အမိန့်ညွှန်ကြားချက် တစ်စုံတစ်ရာမရရှိသေးပါက မိမိ၏ထိုးထွင်းကြံဆမှုဖြင့် ဆောင်ရွက်နိုင်ရမည်။ မိမိကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းကျွမ်းကျင်မှုကို ပိုမိုပြည့်ဝလာစေပြီး ခေါင်းဆောင်မှု အရည်အချင်းလည်း တိုးတက်လာစေနိုင်ပါသည်။ မိမိအဖွဲ့အစည်း၏ တာဝန်ထမ်းဆောင်ရာတွင် လုပ်ကိုင်နိုင်မှု၊ မလုပ်ကိုင်နိုင်မှု၊ ဆုံးရှုံးမှုများကို တာဝန်ခံရမည်ဖြစ်ပါသည်။ တာဝန်မခံရဲသောခေါင်းဆောင်အား လက်အောက်ငယ်သားများမှ ယုံကြည်မှုရှိလိမ့်မည်မဟုတ်ပေ။ မိမိထက်တစ်ဆင့်မြင့်ရာထူး၏ တာဝန်ဝတ္တရားများကိုလည်း လေ့လာမှတ်သားပြီး ၎င်း၏တာဝန်ကိုလည်း ထမ်းဆောင်နိုင်ရန် အမြဲပြင်ဆင်ထားရမည်။ မည်သည့်တာဝန်ကိုမဆို ထမ်းဆောင်နိုင်ရန်အတွက် အတွေ့အကြုံလိုအပ်သည်ဖြစ်ရာ လုပ်ငန်းတာဝန်အမျိုးမျိုးကို ရှာဖွေထမ်းဆောင်ခြင်းအားဖြင့် အတွေ့အကြုံရရှိအောင် ဆောင်ရွက်ထားရမည်။ တာဝန်တိုးတက်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းများရှိလာပါကလည်း လက်မလွှတ်တမ်းရယူရမည်။ လုပ်ငန်းတာဝန်မှန်သမျှ သေးငယ်သည်ဖြစ်စေ၊ ကြီးကျယ်သည်ဖြစ်စေ မိမိကိုယ်စွမ်း၊ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်တတ်သောအကျင့်ပျိုးထောင်ခြင်းအားဖြင့် နောင်တွင်ပိုမိုအရေးကြီးသောတာဝန်မျိုးကို လုပ်ကိုင်ခွင့်ရရှိလာပေလိမ့်မည်ဖြစ်သည်။

အထက်ပါခေါင်းဆောင်မှုဆိုင်ရာ အခြေခံစည်းမျဉ်းများအား လိုက်နာဆောင်ရွက်ကြပြီး၊ မိမိဌာန၊အဖွဲ့အစည်းအကျိုးအတွက် ခေါင်းဆောင်ကောင်းများအဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြသူများဖြစ်ပါစေလို့ ဆန္ဒပြုရင်းတင်ပြလိုက်ရပါသည်။

**(ကိုးကားစာအုပ်များ)**

**– ဗိုလ်မှူးချုပ်ဝင်းမြင့်၏ အခြေခံခေါင်းဆောင်မှုပညာ၊ နေဇင်လတ်၏ ခေါင်းဆောင်မှု၏ အစိပ်ပိုင်းနှင့်အနှစ်သာရ၊ ဦးလှမင်း၏ ခေါင်းဆောင်မှုပညာ၊ ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်လက်စွဲ။**




ဇာခြည်လှသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကျရောက်ခဲ့ပြီးဖြစ်တဲ့ ၂၀၁၈ခုနှစ်၊ ဇွန်လ(၅)ရက်နေ့ဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှာ ကုလသမဂ္ဂကကြီးမှူးပြီး ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ကျင်းပခဲ့တဲ့ ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးက နှစ်စဉ်ဇွန်လ(၅)ရက်နေ့ကို ကမ္ဘာ့လူသားအားလုံးနဲ့သက်ဆိုင်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့တာ ၂၀၁၈ ခုနှစ်မှာ (၄၆)နှစ်ရှိခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာသူကမ္ဘာသားအားလုံး တစ်ယောက်မကျန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို အလေးဂရုပြုစွာနဲ့ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြစေဖို့ တွန်းအားပေးတဲ့အနေနဲ့ရည်ရွယ်ကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကမ္ဘာ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ဖို့၊ လိုအပ်တဲ့နည်းပညာ အကူအညီပေးနိုင်ဖို့စတဲ့အချက်တွေအပေါ်အခြေခံပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme – UNEP)ကိုလည်းထိုညီလာခံကြီးအပြီးမှာပဲ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်ကစပြီး UNEP က နှစ်စဉ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်တွေကို သတ်မှတ်ပေးခဲ့ပြီး ၁၉၈၇ ခုနှစ်မှစတင်ကာ အပြည်ပြည်ဆိုင်ရာအခမ်းအနားတွေကို ကမ္ဘာ့နိုင်ငံအသီးသီးက မြို့ကြီးတွေမှာ နှစ်စဉ်လှည့်လည်ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နဲ့ အတူ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်တဲ့ တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုကို အနည်းငယ်တင်ပြလိုပါတယ်။

## ပလတ်စတစ်ညစ်ညမ်းမှုဆိုသည်မှာ

ယနေ့ကမ္ဘာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအများစုဟာ သဘာဝအကြောင်းတရားထက် လူတွေရဲ့လုပ်ဆောင်မှုတွေကြောင့် ဖြစ်ပွားနေရခြင်းဖြစ်ပြီး ကြုံတွေ့နေရတဲ့အဓိက ပြဿနာရပ်တွေထဲမှာ ပလတ်စတစ်ညစ်ညမ်းမှုလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ယနေ့ခေတ်ရဲ့ လှုပ်လှုပ်ရှားရှားသွားသွားလာလာ ဘဝလူနေမှုပုံစံများအရ လူသားတွေဟာ အချိုရေဘူး၊ သောက်ရေသန့်ဘူး၊ ကြွပ်ကြွပ်အိတ်စတာတွေ အပါအဝင် အလွယ်တကူသုံးစွဲ၊ စွန့်ပစ်နိုင်တဲ့ တစ်ခါသုံးပလတ်စတစ် ထုတ်ကုန်တွေကို ပိုမိုသုံးစွဲလာကြပါတယ်။ ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်လူသုံးကုန်ပစ္စည်းတွေ၊ ပလတ်စတစ် ကလေးကစားစရာပစ္စည်းတွေနဲ့ တစ်ခါသုံးပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို စာရေးသူတို့ ပတ်ဝန်းကျင်နေရာအနှံ့မှာ အလွယ်တကူ တွေ့မြင်နေရပါတယ်။





နေ့စဉ်စွန့်ပစ်တဲ့အမှိုက်တွေမှာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေဟာ အများဆုံးဖြစ်လာပါတယ်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)ရဲ့ လေ့လာဆန်းစစ်မှုစစ်တမ်းများအရ ယနေ့ကမ္ဘာမှာ တစ်နှစ်ကို ပလတ်စတစ်အိတ် ဘီလီယံ ၅၀၀ခန့် နှစ်စဉ်အသုံးပြုလျက်ရှိကြောင်း၊ အသုံးပြုမှုရဲ့ ၅၀ရာခိုင်နှုန်းခန့်ဟာ တစ်ခါသုံးပလတ်စတစ်အိတ်တွေဖြစ်ကြောင်း၊ နေ့စဉ်စွန့်ပစ်ပစ္စည်းအားလုံးရဲ့ ၁၀ရာခိုင်နှုန်းဟာ ပလတ်စတစ်တွေဖြစ်ကြောင်း၊ ပင်လယ်သမုဒ္ဒရာများအတွင်းကို နှစ်စဉ်ရောက်ရှိသွားတဲ့ ပလတ်စတစ်ပမာဏဟာ အနည်းဆုံးတန်ချိန်(၈)သန်းခန့်ရှိကြောင်း၊ ပင်လယ်၊သမုဒ္ဒရာများအတွင်း စွန့်ပစ်ပလတ်စတစ်ရောက်ရှိမှုကို ကမ္ဘာ့နိုင်ငံများအနေဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်မှုမပြုနိုင်ပါက ၂၀၅၀ခုနှစ်ဝန်းကျင်ခန့်တွင် ပင်လယ်၊သမုဒ္ဒရာများအတွင်း ရေနေသတ္တဝါမျိုးစိတ်ပမာဏများထက် ပလတ်စတစ်ပမာဏက ပိုမိုရှိနေလိမ့်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာတာနဲ့အမျှ လူသားတွေစွန့်ပစ်တဲ့ အမှိုက်ပမာဏလည်း ပိုမိုများပြားလာပြီး စုပြုံများပြားလာတဲ့ ပလတ်စတစ်အမှိုက်တွေဟာ ကမ္ဘာတစ်ဝန်းလုံးကနိုင်ငံတွေမှာ ပလတ်စတစ်အသုံးပြုမှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ကြုံတွေ့နေကြရပါတယ်။

**ပလတ်စတစ်ညစ်ညမ်းမှု၏ဆိုးကျိုးများ**

ပလတ်စတစ်မှာ မြေထု၊လေထု၊ရေထု ညစ်ညမ်းမှုကို အဓိကဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာအန္တရာယ်ဖြစ်စေတဲ့ အဆိပ်အတောက်တွေ ပေါင်းစပ်ပါဝင်ပါတယ်။ ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာရဲ့အဓိကဇစ်မြစ်ဟာ မြေကြီးထဲမှာ နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ခန့်ထိမပျက်မစီးဘဲတည်ရှိနေနိုင်တဲ့ တာရှည်ခံစွမ်းရည်သတ္တိကြောင့်ပဲဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အပါအဝင် တစ်ခါသုံး ပလတ်စတစ်အမှိုက်တွေကို မြေနိမ့်ပိုင်းဖြစ်တဲ့တွင်းတွေ၊ ချိုင့်တွေအတွင်းစုပုံကာဖို့မြေအဖြစ်အသုံးပြုပါကလည်း မြေကြီးထဲရောက်ရှိသွားတဲ့ ပလတ်စတစ်အမှိုက်တွေဟာ နှစ်ပေါင်းများစွာမပျက်မစီးဘဲရှိနေနိုင်တာကြောင့် မြေဆီလွှာပျက်စီးခြင်း၊ မြေဆီလွှာအတွင်းရှိ အပင်မျိုးစေ့၊ သစ်စေ့များအညှောင့်မထွက်နိုင်တော့ဘဲ သေကြေပျက်စီးကြရတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်ခြင်းစတဲ့ ဆိုးကျိုးတွေကိုဖြစ်ပွားစေပါတယ်။ မီးရှို့ဖျက်ဆီးပါကလည်း အီသိုင်းလင်းအောက်ဆိုဒ်နဲ့ ဒိုင်အောက်စင်ထွက်ရှိတဲ့အတွက် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတဲ့အပြင် အငွေ့ကိုရှူရှိုက်မိတဲ့လူတွေရဲ့သွေးနဲ့ဆီးများထဲရောက်ရှိကာ ကင်ဆာရောဂါကိုဖြစ်ပွားစေနိုင်ပါတယ်။ ဒါ့အပြင် ပလတ်စတစ်ပစ္စည်းတွေကိုထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ ကော်စေ့ဟာ သဘာဝသယံဇာတဖြစ်တဲ့ ရေနံစိမ်းကနေထုတ်ယူတာဖြစ်တဲ့အတွက် ပလတ်စတစ်အိတ်တွေ၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေကို အလွယ်တကူပမာဏများပြားစွာထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်နေခြင်းဟာ တစ်နည်းအားဖြင့် သဘာဝသယံဇာတကို ဖြုန်းတီးနေခြင်းပဲဖြစ်ပါတယ်။ ပိုမိုဆိုးရွားတဲ့ဆိုးကျိုးဆက်အနေနဲ့ မိုးရွာချတဲ့အခါ အဲဒီပလတ်စတစ်အမှိုက်တွေဟာ ရေမြောင်းတွေအတွင်း မျောပါသွားပြီးရေထွက်ပေါက်တွေကို ပိတ်ဆို့စေတာကြောင့် ရေစီးရေလာမကောင်းဘဲ ရေကြီးရေလျှံခြင်းတွေ ဖြစ်ပေါ်စေပါတယ်။ တစ်ခါရေမြောင်းတွေ၊ မြစ်ချောင်းတွေကတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲကို ရောက်ရှိသွားကာ ကမ္ဘာ့ရေထုကိုညစ်ညမ်းစေတဲ့အပြင် ရေသတ္တဝါများရဲ့နေထိုင်ကျက်စားတဲ့ ဂေဟစနစ်ကိုပါ ပျက်စီးစေကာ ရေသတ္တဝါများလည်း သေကြေပျက်စီးကြရပါတယ်။ ပြီးခဲ့တဲ့နှစ်များစွာက လူတွေအသုံးပြုပြီးစွန့်ပစ်လိုက်တဲ့ ပလတ်စတစ်အမှိုက်တွေဟာ တဖြည်းဖြည်း ထုထည်များပြားကြီးမားလာပြီး ပင်လယ်၊ သမုဒ္ဒရာများအတွင်းရောက်ရှိ စီးမျောနေကာ ရေသတ္တဝါတွေနဲ့ ပင်လယ်ကူးသင်္ဘောများအတွက်ပါ ဘေးအန္တရာယ်ကြုံတွေ့နေရတဲ့အခြေအနေ ဖြစ်နေပြီဖြစ်ပါတယ်။ ၂၀၁၀ပြည့်နှစ် သုတေသနမှတ်တမ်းများအရ မက်ထရစ်တန်ချိန်ပေါင်း ၄.၈ သန်းနဲ့ ၁၂.၇ သန်းကြားခန့်ပမာဏရှိတဲ့ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေဟာ သမုဒ္ဒရာအတွင်းစီးမျောလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ယခုဆိုလျှင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကို အခြားအမှိုက်တွေနဲ့အတူ ရောနှောစွန့်ပစ်ခြင်းကြောင့် အမှိုက်ပုံတွေမှာသာမက မြို့တွင်းမြို့ပြင် လမ်းမဘေးမှာပါ တစ်ခါသုံးပလတ်စတစ်အမှိုက်တွေ ရှုမြင်လို့မကောင်းလောက်အောင်ပြန့်ကျဲနေပြီး သဘာဝမြင်ကွင်း၊ ရှုကွင်းတွေကိုပါ အကျည်းတန်စေရုံသာမက မြို့ရဲ့အင်္ဂါရပ်ကိုပါထိခိုက်စေပါတယ်။ နိုင်ငံရဲ့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအပေါ် တစ်နည်းတစ်ဖုံအားဖြင့် ဆွဲဆောင်မှုလျော့ကျစေပြီး ကမ္ဘာ့နိုင်ငံများအကြား မိမိတို့နိုင်ငံရဲ့ပုံရိပ်ကိုလည်း ထိခိုက်မှုမဖြစ်စေဖို့အတွက် အလေးထားဂရုပြု ဖြေရှင်းဖို့လိုအပ်ပါတယ်။ တကယ်တော့ အမှိုက်ကင်းစင်တယ်ဆိုတာ အမှန်တကယ်ကို ဂုဏ်ယူစရာကောင်းပြီး ကမ္ဘာ့နိုင်ငံများအကြား နိုင်ငံသားတွေရဲ့စိတ်ပိုင်းဆိုင်ရာ စည်းကမ်းကျနမြင့်မားခြင်းကိုပါ ဖော်ကျူးပြသနိုင်မှာဖြစ်ပါတယ်။

**ဖြေရှင်းရမည့်နည်းလမ်းများ**

ဗုဒ္ဓရဲ့အဆုံးအမဖြစ်တဲ့ ရေကြောင့်ဖြစ်တဲ့ ရွံ့ညွှန်ကိုရေဖြင့်ပင် သန့်စင်ရသကဲ့သို့ စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ်အညစ်အကြေးများကို စိတ်ဖြင့်ပင်သန့်စင်ဆေး

ကြောရ၏ဆိုသကဲ့သို့ လူတွေကြောင့်ဖြစ်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာပျက်ယွင်းမှုကို လူတွေကပင် ပြန်လည်ကုစားကြရမှာဖြစ်ပါတယ်။ ကြွပ်ကြွပ်အိတ်အပါအဝင် တစ်ခါသုံးပလတ်စတစ်အိတ်၊ ပလတ်စတစ်ပစ္စည်းတွေဟာ ဈေးသက်သာတယ်၊ သုံးစွဲရလွယ်ကူတယ်၊ ပေါ့ပါးတယ်၊ အတိုင်းအတာတစ်ခုထိခိုင်ခန့်တယ်၊ စွန့်ပစ်ရလွယ်ကူတယ်ဆိုပေမဲ့ တစ်ဖက်မှာ ပတ်ဝန်းကျင်ညစ်ညမ်းစေတဲ့ အဓိကအကြောင်းအရင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဆိုးကျိုးတွေကို ဖြေရှင်းနိုင်ဖို့ (၁)လျှော့သုံးမယ်(Reduce) (၂)တစ်ခါတည်းသုံးမဟုတ်ဘဲ နောက်တစ်ခါပြန်လည် အသုံးပြုမယ် (Reuse) (၃)ကုန်ကြမ်းအဖြစ်သုံးပြီး အသစ်ပြန်လည် ပြုပြင်သုံးစွဲမယ်(Recycle)စတဲ့ 3R နည်းလမ်းတွေနဲ့ မိမိတို့နေ့စဉ် လူနေမှုဘဝရဲ့အမူအကျင့်လေးတွေကို ပြောင်းလဲပစ်ဖို့လိုပါမယ်။ စာရေးသူတို့ရဲ့ နေ့စဉ်လူနေမှုဘဝမှာ တစ်ခါသုံးသောက်ရေသန့်ဘူး၊ တစ်ခါသုံးပလပ်စတစ်ပစ္စည်းတွေကိုအတတ်နိုင်ဆုံး လျှော့ချသုံးစွဲမယ်၊ ပလတ်စတစ်အိတ်တွေအစား ကြာရှည်သုံးစွဲနိုင်တဲ့ အဝတ်အိတ်စတဲ့ အိတ်တွေကို ပိုမိုထုတ်လုပ်သုံးစွဲမယ်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေကို ပလတ်စတစ်ဘူးတွေနဲ့ ထုတ်လုပ်မဲ့အစား၊ စက္ကူဘူးတွေနဲ့ ပြောင်းလဲထုတ်လုပ်သုံးစွဲကြမယ်၊ ပြန်လည်အသုံးပြုနိုင်တဲ့ ဖန်ပုလင်း၊ဖန်ခွက်တွေကိုသုံးမယ်၊ ဈေးဝယ်သွားရင် မိမိအိမ်ကထည့်စရာအိတ်၊ ခြင်းတောင်းစတာတွေကို ယူဆောင်သွားခြင်းဖြင့် တစ်ခုချင်းစီတိုင်းအတွက် ပလတ်စတစ်တစ်အိတ်စီ သုံးစွဲမှုကိုရှောင်ကြဉ်ကြဖို့၊ တစ်ခါသုံးပလတ်စတစ်မီးသီး၊ မီးချောင်းတွေကို လျှော့သုံးကြဖို့၊ ပလတ်စတစ်ရေခွက်၊ ပလတ်စတစ်ဇွန်း၊ ပလတ်စတစ်ခက်ရင်း၊ ပလတ်စတစ်ဓားစတဲ့ မီးဖိုချောင်သုံး ပလတ်စတစ်ပစ္စည်းတွေအသုံးပြုမှုကို တတ်နိုင်သမျှရှောင်ကြဉ်ဖို့၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေကို အသုံးပြုမယ့်အစား အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်တဲ့ ထမင်းချိုင့်၊ ထမင်းဘူး၊ မုန့်ဘူးစတာတွေကိုသုံးဖို့၊ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို စနစ်ကျနတဲ့နည်းလမ်းတွေနဲ့ ခွဲခြားစွန့်ပစ်ဖို့ စတဲ့နည်းလမ်းတွေကို အသုံးပြုပြီး ပလတ်စတစ်ညစ်ညမ်းမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မှာဖြစ်ပါတယ်။

## အားလုံးအလေးထားပူးပေါင်းတိုက်ဖျက်ရန်လို

တကယ်တော့ အစိုးရတွေ၊ စက်မှုလုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိကတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးအနေနဲ့ မိမိတို့ရဲ့ပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းလိုစိတ်ရှိပြီး တစ်ခါသုံးပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုကို ဂရုပြုလျှော့ချကြဖို့ လိုအပ်လှပါတယ်။ သုံးစွဲသူတွေရောထုတ်လုပ်သူတွေပါ တစ်ဦးချင်းတစ်ယောက်ချင်းစီ ပတ်ဝန်းကျင်အသိ၊ ပတ်ဝန်းကျင်သတိရှိကြပြီး တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှုတွေကိုထိရောက်စွာ လျှော့ချကြခြင်းဖြင့်လည်းကောင်း၊ အစိုးရများဘက်မှလည်း အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံတွေကျင့်သုံးနေသလို အခွန်ကောက်ခံခြင်း၊ စည်းမျဉ်း၊ စည်းကမ်းများချမှတ်ပြီး တားမြစ်ပိတ်ပင်ခြင်းတို့ဖြင့်လည်းကောင်း ပလတ်စတစ်ညစ်ညမ်းမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မှာဖြစ်ပါတယ်။ တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုဟာ သဘာဝရှုမြင်ကွင်းတွေကို အရုပ်ဆိုးအကျည်းတန်စေပြီး ကမ်းခြေနဲ့သမုဒ္ဒရာတွေကို ဖျက်ဆီးတဲ့အပြင် ရေသတ္တဝါတွေကို အန္တရာယ်ဖြစ်စေပါတယ်။ စားသုံးနေတဲ့ အစားအစာများထဲအထိ ဝင်ရောက်နိုင်တဲ့အတွက် တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုဟာ လူသားအားလုံးရဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးတကြီး ပူးပေါင်းဖြေရှင်းရမဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။

## မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များ

မိမိတို့နိုင်ငံအနေနဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(ECD)နဲ့ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်တို့ရဲ့ နည်းပညာအကူအညီဖြင့် အခြားဆက်စပ်ဌာနများ အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များဖြင့် ပူးပေါင်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတတဲ့ ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားနိုင်ဖို့အတွက် မျှော်မှန်းပြီး အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(၂၀၁၇–၂၀၃၀)ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(၂၀၁၇–၂၀၃၀)ဟာ စွန့်ပစ်ပစ္စည်းများ စနစ်တကျရေရှည်စီမံခန့်ခွဲနိုင်မယ့် လမ်းပြမြေပုံပဲဖြစ်ပါတယ်။ ဒီမဟာဗျူဟာနဲ့ လုပ်ငန်းအစီအစဉ်အရ ထိရောက်တဲ့အမှိုက်သိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကိုတိုးမြှင့်ဆောင်ရွက်ရန်၊ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း(3R)ဖြင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေမဲ့ ရန်ပုံငွေထားရှိစေရန်၊ စွမ်းဆောင်ရည်နဲ့ အသိပညာမြှင့်တင်ရန်၊ သတ်မှတ်ချက်များနဲ့အညီ စောင့်ကြည့်စစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်စေရန်စတဲ့ ပန်းတိုင်များရရှိအောင် အမျိုးသားအဆင့်မှသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်ဆင့်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်

နှစ်အလိုက် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာအရေးကြီး ပြဿနာရပ်တွေကိုဖြေရှင်းနိုင်ဖို့၊ ကမ္ဘာ့နိုင်ငံတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ သိရှိအလေးထား ဆောင်ရွက်နိုင်ဖို့အတွက် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုကင်းစင်ရေးနဲ့ သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တည်ဆောက်နိုင်ဖို့ ဒီနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ကတော့ **''ပလတ်စတစ်ညစ်ညမ်းမှုကိုတိုက်ဖျက်ကြစို့'' Beat Plastic Pollution**ဖြစ်ပါတယ်။ အဓိကအားဖြင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်း သုံးစွဲမှုတွေကို လျှော့ချခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို ဖယ်ရှားတိုက်ဖျက်ကြစို့ ဆိုတဲ့ အကြောင်းအရာကို ထင်ဟပ်စေလိုခြင်းဖြစ်ပါတယ်။ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချဖို့ရေရှည်စဉ်ဆက်မပြတ်တဲ့ အခြားနည်းလမ်းတွေနဲ့ ပလတ်စတစ် အစားထိုးပစ္စည်းတွေ ရှာဖွေဖော်ထုတ်၊ ထုတ်လုပ်ခြင်းတွေကို အတူတစ်ကွပူးပေါင်းဆောင်ရွက်ကြဖို့ ၊ ကမ္ဘာ့နိုင်ငံတွေမှာ တစ်ခါသုံးပလတ်စတစ်အိတ် ညစ်ညမ်းမှုကို ဝိုင်းဝန်းတွန်းလှန်တိုက်ဖျက်ကြဖို့ အစိုးရတွေ၊ စက်မှုလုပ်ငန်းရှင်တွေအပါအဝင် ကမ္ဘာ့နိုင်ငံသားအားလုံး တစ်ဦးချင်း၊ တစ်ယောက်ချင်းစီကို တိုက်တွန်းလိုတဲ့ အဓိကရည်ရွယ်ချက်ဖြစ်ပါတယ်။

## မြန်မာနိုင်ငံတွင် ကျင်းပရခြင်း ရည်ရွယ်ချက်

ယနေ့ခေတ် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကြုံတွေ့နေရတဲ့ လတ်တလောပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေနဲ့ အနာဂတ်ကာလအတွက် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတွေကို အမှန်တကယ်ထိရောက်မှန်ကန်မှုရှိတဲ့ နည်းလမ်းတွေနဲ့ဖြေရှင်းနိုင်ဖို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပိုမိုအလေးထားဆောင်ရွက်နိုင်ဖို့၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမှုကိုရရှိနိုင်စေဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်တွေနဲ့အတူ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပိုမိုခိုင်မာအားကောင်းစေဖို့ ကမ္ဘာ့နိုင်ငံများနည်းတူတက်ကြွစွာပူးပေါင်းပါဝင်တဲ့အနေနဲ့ မြန်မာနိုင်ငံမှာလည်း နှစ်စဉ်ဇွန်လ(၅)ရက်နေ့ရောက်တိုင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အလေးထားကျင်းပလျက်ရှိပါတယ်။

ဒါ့ကြောင့် တစ်ဦးချင်းတစ်ယောက်ချင်းစီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် **''ကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်အမွေအနှစ်''**ကို ကျွန်ုပ်တို့ရဲ့အနာဂတ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနိုင်ဖို့အတွက် **''ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ခြင်း၊ တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုကို အားလုံးတားဆီးကာကွယ်ခြင်းဖြင့်''** ကမ္ဘာ့ပတ်ဝန်းကျင်ကို စိမ်းလန်းကျန်းမာ သာယာဝပြောသော ကမ္ဘာကြီးအဖြစ်သို့ အားလုံးဝိုင်းဝန်းထိန်းသိမ်းကြပါစို့လို့ အထူးတိုက်တွန်းရေးသားလိုက်ရပါတယ်။ **(၂၀၁၈ခုနှစ် ဇွန်လ(၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်)**


Ref;

(၁)www.wekipedia.com

(၂)vietnamnews.vn (21.4.2018)

(၃)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေး(ဝန်ထမ်းလက်စွဲ)

(၄)၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ခုနှစ် ဇွန်လထုတ်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများ၏ ခေါင်းကြီးပိုင်းများ







**ယခင်လမှအဆက်**




ဒါ့အပြင် အင်းလေးကန်အုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးစိန်ထွန်း က အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားနေထိုင်ကြတဲ့ ငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များ၊ သစ်ခွမျိုးစိတ် စိစစ်တွေ့ရှိမှုအခြေအနေများ၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park-AHP)၊ လူသားနှင့် ဇီဝအဝန်းအဝိုင်းနယ်မြေ (Man and Biosphere Reserve-MAB)နဲ့ ရမ်ဆာ(Ramsar Site)စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းခွင့်ရရှိခဲ့ပုံ၊ ငှက်နဲ့ငါးမျိုးစိတ်များ ပျက်စီးပျောက်ကွယ်မှုမရှိစေရေး ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်မှုများကို မှတ်တမ်းဓာတ်ပုံများနဲ့ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပါတယ်။ ရှင်းလင်းတင်ပြချက်များအပေါ် လေ့လာရေးခရီးစဉ် လိုက်ပါလာကြသူများမှ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။

(၁၁း၀၀)နာရီအချိန်ခန့်မှာ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာ၊ အင်းလေးအရှေ့ကြိုးပြင်ကာကွယ်တောရှိအဖွဲ့ဝင်(၉၅)ဦးပါဝင်တဲ့ သဘာဝတောထိန်းဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း(၁၂၅၀)ကေကို သွားရောက်လေ့လာခဲ့ပါတယ်။ ၂၀၀၁ခုနှစ်မှာ CF စတင်တည်ထောင်ခဲ့ပြီး၊ တည်ထောင်စတွင် ခိုးယူထုတ်လုပ်မှုများကြောင့် သစ်တောရေိယာများ ပျက်စီးပြုန်းတီးကာ မီးကာကွယ်ခြင်းများဆောင်ရွက်ရသည့်အပြင် နှစ်စဉ်တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်ခဲ့ရတယ်လို့ အသုံးပြုသူများရဲ့ပြောကြားချက်အရ သိရှိခဲ့ရပါတယ်။ လက်ရှိအချိန်မှာတော့ စုပေါင်းညီညာမှုဖြင့် ထိန်းသိမ်းထားခြင်းကြောင့် စိမ်းလန်းစိုပြည်ကာ ရေထွက်များကောင်းမွန်လာပြီး မီးကာကွယ်ခြင်းများဆောင်ရွက်စရာ မလိုတော့တဲ့အပြင် မီးလောင်ကျွမ်းခြင်းများလည်းမရှိတော့ပါ။

မိုင်းသောက်ကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာ(၄)ရွာမှ စုပေါင်းထိန်းသိမ်းထားပြီး၊ ကျေးရွာ(၁)ရွာချင်းစီအလိုက် ထိန်းသိမ်းရမယ့်ဧရိယာများ သတ်မှတ်ပေးထားတာကိုတွေ့ရှိရပါတယ်။ CF ဧရိယာအတွင်းမှ ထင်း၊ ဝါး၊ သစ်လုံးဝထုတ်လုပ်ခြင်းမရှိဘဲ ကျေးရွာပိုင်ထင်းတောများမှသာ ထင်းအတွက်ထုတ်ယူသုံးစွဲတယ်လို့ သိရှိရပါတယ်။ CF ဧရိယာအတွင်း အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုမရှိဘဲ၊ ဆေးမြစ်များတူးဖော်ခြင်းနဲ့ စစ်စေးထုတ်လုပ်ခြင်း ဆောင်ရွက်တယ်လို့ သိရှိရပါတယ်။ CF ဧရိယာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ မဆောင်ရွက်ရတဲ့အဓိကအကြောင်းအရင်းကတော့ စတင်ဆောင်ရွက်ခွင့်ပြုလိုက်မယ်ဆိုလျှင် ထပ်မံကျူးကျော်မှုများရှိလာနိုင်ပြီး သစ်တောများ ပျက်စီးပြုန်းတီးမှာကိုစိုးရိမ်လို့ဖြစ်ပါတယ်။ CFဆောင်ရွက်လျက်ရှိတဲ့ ကျေးရွာ(၄)ရွာအနက် လေးအိမ်ကုန်းကျေးရွာသာလျှင် လျှပ်စစ်မီးမရရှိလို့ ထင်းသုံးစွဲမှုရှိတာကို တွေ့ရပါတယ်။ လိုအပ်တဲ့ထင်းတွေကို ကျေးရွာပိုင်ထင်းတောဧရိယာမှသာ ထုတ်ယူသုံးစွဲပြီး CF ဧရိယာအတွင်းမှ လုံးဝထုတ်ယူသုံးစွဲခြင်းမရှိပါ။ မိုင်းသောက်ဘုန်းတော်ကြီးကျောင်း ဆရာတော်ရဲ့တားမြစ်ချက်၊ ကျေးရွာသားများရဲ့ စုပေါင်းညီညာစွာ ထိန်းသိမ်းခြင်းတို့ကြောင့် CFဧရိယာမှာ စိမ်းလန်းစိုပြည်စွာနဲ့ အောင်မြင်လျက်ရှိပြီး ရေထွက်များ ကောင်းမွန်လျက်ရှိတာကို တွေ့ရှိရပါတယ်။ အခြားစီးပွားရေးလုပ်ငန်းအနေနဲ့ သနပ်ဖက်၊ မာလာဥနဲ့ နနွင်းစိုက်ပျိုးခြင်းဆောင်ရွက်တယ်လို့ သိရှိရပါတယ်။

မိုင်းသောက်ကျေးရွာ CF သည် မိုင်းသောက်ဘုန်းတော်ကြီးနဲ့ ကျေးရွာသားများရဲ့ စဉ်ဆက်မပြတ်ထိန်းသိမ်းကာကွယ်ထားခြင်းကြောင့် အလွန်အောင်မြင်လျက်ရှိသော်လည်း CF ဧရိယာမှ ထုတ်ယူသုံးစွဲကာ အကျိုးအမြတ်ရရှိနိုင်ရေး စီမံခန့်ခွဲမှုကောင်းများ လိုအပ်လျက်ရှိတာကိုတွေ့ရှိရပါတယ်။ CF ဧရိယာအတွင်း အခြားစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်

ရေးနဲ့ CFအသုံးပြုသူများရဲ့ လူမှုစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရမယ့် နည်းလမ်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းဖော်ထုတ်ပေးဖို့ လိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

(၁၂း၁၅)နာရီခန့်မှာ မြန်မာနိုင်ငံရဲ့ အံ့ဖွယ်ထူးခြားအင်းလေးဖောင်တော်ဦးဘုရားကို သွားရောက်ဖူးမြော်ခွင့်ရခဲ့ပါတယ်။ မရောက်တာကြာပြီဖြစ်တဲ့ ရေလယ်ကအင်းလေးဘုရားကို နောက်တစ်ကြိမ် ထပ်မံဖူးမြော်ခွင့်ရခဲ့ပြီး၊ ဖောင်တော်ဦးဘုရားပေါ်က ရိုးရာအစားအစာ ငါးထမင်းနယ်စားခဲ့ရလို့လည်း ခရီးစဉ်ဖြစ်မြောက်ရေးပံ့ပိုးပေးတဲ့ ICIMOD ကိုကျေးဇူးအရမ်းတင်ရှိပါတယ်။

နေ့လယ်(၁)နာရီလောက်မှာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း(Myanmar Reforestation and Rehabilitation Programme-MRRP) လုပ်ငန်းစဉ်၌ ပါဝင်တဲ့တောင်လေးလုံး သုတေသနစခန်းကိုရောက်ရှိပြီး ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ သုတေသနစခန်းအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဝင်ရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။ နိုင်ငံတော်၏ဘဏ္ဍာငွေကူညီပံ့ပိုးမှုဖြင့် သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားတဲ့ အောင်မြင်မှုအသီးအပွင့်တစ်ခုကို မြင်တွေ့လေ့လာခဲ့ရပါတယ်။ တာဝန်ခံဝန်ထမ်းရဲ့ စနစ်ကျတဲ့စီမံခန့်ခွဲမှု၊ ကြီးကြပ်သူဝန်ထမ်းများရဲ့ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် သာယာသန့်ရှင်းလှပတဲ့ သုတေသနစခန်းတစ်ခုကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် သုတေသနစခန်းအတွင်း ကိုယ်တိုင်စိုက်ပျိုးထားတဲ့ ခြံထွက် Organic သီးနှံများကိုလည်း စေတနာအပြည့်နဲ့ တည်ခင်းဧည့်ခံတဲ့အတွက် ဝမ်းမြောက်ဝမ်းသာစွာနဲ့ပဲအများကြီးစားပေးခဲ့ပါတယ်။

ညနေ(၂)နာရီခန့်မှာ တောင်လေးလုံး သုတေသနစခန်းမှစတင်ထွက်ခွာခဲ့ရာ ပင်းတယသွားကားလမ်းရှိ ရွာငံမြို့နယ်၊ အလယ်ချောင်ကျေးရွာ၊ အပတောရှိ ဦးဝင်းဖေပါ(၂၈၀)ဦးရဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း(၄၀၇)ဧကကို ရောက်ရှိလေ့လာခဲ့ရပါတယ်။ ထင်းရှူးစိုက်ခင်းဟောင်းဧရိယာပါဝင်တဲ့ သစ်တောများကို ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၀၃ ခုနှစ်မှာ တည်ထောင်ခွင့်ရရှိခဲ့ပြီး၊ တည်ထောင်ချိန်တွင် အဖွဲ့ဝင်(၉၈)ဦးဖြင့် စတင်ခဲ့သော်လည်း အဖွဲ့အစည်းတစ်ခုမှ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရယူခဲ့လို့ သစ်တောများပျက်စီးပြုန်းတီး ခဲ့ရပါတယ်။ ၂၀၁၀ ခုနှစ်တွင်မှ CF တည်ထောင်ခွင့် ပြန်လည်တောင်းခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တည်ထောင်ခွင့်ရရှိတဲ့ ဧရိယာ(၄၀၇)ဧကမှာ နေရာ(၃)နေရာ ကွဲပြားလျက်ရှိတာကိုတွေ့ရှိခဲ့ရပါတယ်။ ယခုနှစ်အတွင်း ယူကလစ်(၁၅၀၀)ပင်၊ ခါတော်မှို(၆၀၀)ပင်ကိုစိုက်ပျိုးထားပြီး၊ ဝါး(၆၀၀)ပင်နဲ့ ကော်ဖီ(၉၀၀၀)ပင်ကို ဂေဟာစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း(ECCDI)ရဲ့ ချိတ်ဆက်မှုဖြင့် ကုမ္ပဏီတစ်ခုရဲ့ အကူအညီရယူကာ စိုက်ပျိုးထားတာကို တွေ့ရှိခဲ့ရပါတယ်။

CF ဧရိယာအတွင်း ထင်းရှူးဆီများကို အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှလာရောက် ထုတ်ယူသုံးစွဲလျက်ရှိပြီး၊ စောင့်ဆိုင်းဖမ်းဆီးခဲ့သော်လည်း ညအချိန်မှသာ ထုတ်ယူကြတဲ့အတွက် အရေးယူမှု မပြုလုပ်နိုင်ခဲ့ပါဘူး။ အဆိုပါ CF ဧရိယာအားလုံးကို အလယ်ချောင်ကျေးရွာတစ်ခုတည်းမှ ထိန်းသိမ်းထားခြင်းဖြစ်ပါတယ်။ CFဧရိယာကိုထိန်းသိမ်းခြင်းနဲ့ စိုက်ပျိုးခြင်း အဓိကဆောင်ရွက်ပြီး မည်သူမျှထုတ်ယူသုံးစွဲမှုမရှိပါ။ CFဧရိယာ(၃)နေရာအနက်(၁၄၃)ဧကရှိတဲ့ ဧရိယာမှာ သဘာဝရေတံခွန်တစ်ခုတည်ရှိပြီး၊ ရုံးပိတ်ရက် စနေ၊တနင်္ဂနွေနေ့များ၌ လာရောက်လည်ပတ်သူ(၂၀၀)ဦးကျော်ခန့်ရှိလို့ ခရီးသွားလုပ်ငန်းအနေနဲ့ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နိုင်မယ်ဆိုရင် အလယ်ချောင်ကျေးရွာဟာ ယခုထက်ပိုမိုတိုးတက်လာနိုင်တယ်လို့ ထင်မိပါတယ်။ လျှပ်စစ်မီးရရှိထားပြီးဖြစ်လို့ သဘာဝတောအပေါ် မှီခိုမှုလျော့နည်းသွားတယ်လို့လည်း ကြားသိခဲ့ရပါတယ်။

အလယ်ချောင်ကျေးရွာဟာ ကော်ဖီထုတ်လုပ်ခြင်းကိုစီးပွားဖြစ်ဆောင်ရွက်လျက်ရှိပြီး၊ နိုင်ငံခြားသို့တိုက်ရိုက်ဆက်သွယ်ကာ ပို့ဆောင်ပေးလျက်ရှိတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ အမေရိကန်နဲ့– ဩစတြီးယားနိုင်ငံတို့မှာ 'အလယ်ချောင်ကျေးရွာ၊ မြန်မာ''Ah-Le-Chaung Village, Myanmar'ဟုစာသားရိုက်နှိပ်ပြီးတော့ ဖြန့်ဖြူးရောင်းချနေတယ်လို့ ဂုဏ်ယူစွာနဲ့သိရှိခဲ့ရပါတယ်။ ယခုနှစ်မှာလည်း နိုင်ငံခြားသို့ ကော်ဖီ(၈)တန် တင်သွင်းရမယ်လို့ ကြားသိခဲ့ရပါတယ်။ CF ဧရိယာအတွင်း အခြားစီးပွားရေးလုပ်ငန်းများ သီးခြားဆောင်ရွက်မှုမရှိသော်လည်း ကော်ဖီကိုတော့ စတင်စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာမယ့် ကော်ဖီများအတွက် နိုင်ငံခြားသို့ ပို့ဆောင်ရန် ဈေးကွက်များလည်း ချိတ်ဆက်ထားပြီးဖြစ်တာကို သိရှိခဲ့ရပါတယ်။ CF အသုံးပြုသူ ဥက္ကဋ္ဌဦးဝင်းဖေကိုယ်တိုင် နိုင်ငံတကာသို့ လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့သလို နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့တာကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ကြားသိခဲ့ရပါတယ်။

အခြားဝင်ငွေတိုးလုပ်ငန်းအနေနဲ့ ဝက်မွေးမြူရေးကို အလှည့်ကျစနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ်ဝက်မွေးမြူခြင်းမှရရှိလာတဲ့ အတိုးအပွားများကို ခံစားခွင့်ပေးထားပြီး အရင်းဖြစ်တဲ့မူလဝက်ရဲ့ တန်ဖိုးငွေကိုသာ ပြန်လည်ပေးဆပ်ရပါတယ်။ CF ဧရိယာအတွင်း ကော်ဖီစိုက်ပျိုးခြင်းမှရရှိလာမယ့် အကျိုးအမြတ်များအနက် ဆောင်

ရွက်သူများကို ၇၀%ခံစားခွင့်ပေးမည်ဖြစ်ပြီး ကျန် ၃၀%ကို CFရန်ပုံငွေအဖြစ်ထားရှိကာ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။Community Forestry Enterprise-CFE ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ နိုင်ငံအတွင်း အဆင့်မြင့်စွာဖြန့်ဖြူးရောင်းချနိုင်ရေးကိုလည်း စမ်းသပ်ဆောင်ရွက်လျက်ရှိတာကို လေ့လာသိရှိခဲ့ရပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကိုအခြေပြုပြီး စီးပွားရေးလုပ်ငန်း အောင်မြင်လျက်ရှိတာကိုတွေ့ရလို့ အစ်ကိုတစ်ယောက်က ကျွန်တော့်ကိုပြောတယ် 'ငါတောင် အလယ်ချောင်ကျေးရွာမှာ အိမ်ဝယ်ပြီး ကော်ဖီလာစိုက်ရင် ကောင်းမယ်ထင်တယ်'တဲ့။ အလယ်ချောင်ကျေးရွာကနေပြန်ထွက်တော့ မှောင်ရီပျိုးပြီး နေမင်းကြီးကအနောက်ဘက်တောင်ဆီကို ငုတ်လျှိုးပျောက်ကွယ်နေပြီပေါ့။ အလယ်ချောင်ကျေးရွာကလည်း ကားလမ်းမကြီးဘေးမှာရှိတော့ ကားဖြတ်သွားရင်း ကျေးရွာအခြေအနေကိုလေ့လာကြည့်လိုက်တော့ ကျွန်တော့်အစ်ကိုပြောတဲ့ စကားကိုအမှန်တစ်ကယ် အကောင်အထည်ဖော်ချင်မိတယ်။ ကျေးရွာဆိုပေမယ့် လူနေအိမ်တွေကို ကြည့်လိုက်ပါအုံး။ ထရံအိမ်ဆိုတာမပြောနဲ့၊ ပျဉ်ထောင်အိမ်တောင်မရှိဘူး။ နှစ်ထပ်တိုက်အိမ်တွေနဲ့ နေချင်စဖွယ်အဆင့်မြင့်လှတဲ့ကျေးရွာဖြစ်နေတာကို ဝမ်းသာကြည်နူးမှုပေါင်းများစွာနဲ့ မြင်တွေ့ခဲ့ရပါတယ်။

ရှမ်းပြည်နယ်၊ အလယ်ချောင်ကျေးရွာCFဧရိယာအတွင်း ထိန်းသိမ်းထားတဲ့ ထင်းရှူးပင်များကို အနီးပတ်ဝန်းကျင်ကျေးရွာများမှ ထင်းရှူးဆီခိုးယူ ထုတ်လုပ်ထားမှုတွေ့ရှိရလို့ထိရောက်စွာအရေးယူနိုင်ရေး မြို့နယ်သစ်တောဦးစီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်တာကိုတွေ့ရှိခဲ့ရပါတယ်။ အလယ်ချောင်ကျေးရွာ CFဧရိယာအတွင်းရှိရေတံခွန်သို့ လာရောက်လည်ပတ်သူများပြားလို့ သဘာဝအခြေခံခရီးသွားလုပ်ငန်းအနေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးစနစ်တကျ စီမံဆောင်ရွက်သင့်တယ်လို့ ထင်မြင်မိပါတယ်။ ဒါ့အပြင် အလယ်ချောင်ကျေးရွာမှထွက်ရှိတဲ့ ကော်ဖီများကိုနိုင်ငံတကာသို့ တင်ပို့လျက်ရှိတဲ့နည်းတူ ကျေးရွာအမည်ဖြင့်လည်း ဖြန့်ဖြူးထုတ်လုပ်ပေးနေတာကို သိရှိခဲ့ရလို့မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ် မြင်တွေ့ရသော်လည်းနိုင်ငံအတွင်း ကျယ်ပြန့်စွာဖြန့်ဖြူးနိုင်ရေး ထုတ်ပိုးမှုပုံစံကိုအဆင့်မြှင့်တင်ပေးဖို့ လိုအပ်နေသေးတာကိုတွေ့ရှိရပါတယ်။ အလယ်ချောင်ကျေးရွာ CF အသုံးပြုသူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်နေတာကို မြင်တွေ့ခဲ့ရလို့ ရှမ်းပြည်နယ်အတွင်းရှိ သဘောသဘာဝတူညီတဲ့ အခြားCF အသုံးပြုသူများအနေဖြင့် အလယ်ချောင်ကျေးရွာကို သွားရောက်လေ့လာသင့်တယ်လို့ ထင်မြင်မိပါတယ်။



အလယ်ချောင်း CF မှ ထင်းရှူးဆီ ခိုးယူထုတ်မှု

အလယ်ချောင်ကျေးရွာကနေ ပြန်ထွက်တော့ ည(၈)နာရီရှိနေပြီ။ အလယ်ချောင်ကျေးရွာရဲ့ ဖွံ့ဖြိုးတိုးတက်မှုကြောင့် သာယာကြည်နူးမှုဖြစ်ခဲ့ရသလို မိုးချုပ်မှောင်မိုက်ချိန်မှာမှ အမှတ်တရလေးက ဖြစ်ခဲ့သေးတယ်။ ကျွန်တော်တို့ရဲ့ခရီးသွားယာဉ် Mini Bus လေးက ပင်းတယရောက်ဖို့ (၇)မိုင်လောက်အလိုမှာ မတ်စောက်တဲ့တောင်ကုန်းကိုကြောက်လန့်ကာမတက်ရဲလို့ နောက်ပြန်လှည့်ခဲ့ရတာပေါ့။ ဖွဲနဲ့မာန်နဲ့တောက်လျှောက် ကျော်လွှားဖြတ်သန်းလာတဲ့ကျွန်တော်တို့ရဲ့ Mini Bus လေးကတော့ အားအင်ကုန်ခမ်းပြီး နောက်ဆုံးတိုက်ပွဲကို မန္တဲနိုင်တော့လို့ ကျွန်တော်အပါအဝင် ညီအစ်ကို(၄)ယောက် နောက်ကြောင်းပြန်ကာ လမ်းဟောင်းအတိုင်း ပင်းတယမြို့ကိုသွားခဲ့ရပါတယ်။ ည(၉)နာရီကျော်အချိန်လောက်မှာမှ ပင်းတယကိုရောက်ရှိခဲ့ရတာကတော့ ခရီးစဉ်ရဲ့အမှတ်တရများစွာတွေထဲက တစ်ခုပေါ့။

၂၀–၈–၂၀၁၈ ရက်နေ့ မင်္ဂလာရှိတဲ့ နံနက်ခင်းမှာမိုးလေအေးနဲ့အတူ သမိုင်းဝင်ပင်းတယ ရွှေလှိုင်ဂူကိုတက်ရောက်ဖူးမြော်ခဲ့ရလို့ စိတ်နှလုံးအေးချမ်းမှု အပြည့်အဝခံစားရင်းနေ့တစ်နေ့ကို စတင်ခဲ့ပါတယ်။ ဘုရားဖူးပြီးနောက်မနက်(၈)နာရီအချိန်မှာ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာ၊အပတောရှိ ICIMOD စီမံကိန်းအကူအညီနဲ့ ဆောင်ရွက်လျက်ရှိတဲ့ အသုံးပြုသူ(၇၀)ဦးရဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း(၁၃၃)ဧကကို သွားရောက်လေ့လာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်တွင် တည်ထောင်ခွင့်ရရှိခဲ့ပြီး၊ တည်ထောင်ခွင့်လက်မှတ် ပျောက်ဆုံးသွားလို့ ၂၀၀၆ ခုနှစ်တွင်မှပြန်လည်လျှောက်ထားခဲ့ကာ ယခုအချိန်တွင် အဖွဲ့ဝင်(၇၀)ဦး (အမျိုးသမီးအဖွဲ့ဝင်(၅၀)ဦးခန့်ပါဝင်)ဖြင့် ဆောင်ရွက်လျက်ရှိတာကိုတွေ့ရှိရပါတယ်။ CF ဧရိယာအတွင်း ပွေးလှရေကန်တည်ရှိလို့ နိုင်ငံခြားသားများကို Ecotourism ဆွဲဆောင်ဖို့ အစီအစဉ်ချမှတ်ထားတယ်လို့ သိရပါတယ်။ အင်းလေးကန် ရေဝေရေလဲရဲ့အစဖြစ်တဲ့ ပွေးလှရေကန်ကိုထိန်းသိမ်းဖို့လိုအပ်လို့ CF တည်ထောင်ခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၀၀)ခန့်က စိုက်ပျိုးထားတဲ့ထင်းရှူးပင်တွေကို ခိုးယူထုတ်လုပ်မှုများကြောင့် ရာသီဥတု

ခြောက်သွေ့လာလို့ ထိန်းသိမ်းမှုဖြစ်မယ်ဆိုတဲ့ အသိနဲ့ ကျေးရွာသူ/သားများမှ စိတ်ပါဝင်စားစွာဖြင့် စုပေါင်းထိန်းသိမ်းနေတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ရှားပါးသတ္တဝါ ရေပုတ်သင်၊ ဒေါင်းစိမ်းနဲ့ ပွေးလှရေကန်အတွင်း ငါးဖိန်းများရှိတယ်လို့လေ့လာသိရှိခဲ့ရပါတယ်။ CFအသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌရဲ့စည်းရုံးမှု၊ စီမံခန့်ခွဲမှုကောင်းများကို တွေ့ရှိခဲ့ရတဲ့အပြင် အဖွဲ့ဝင်များကလည်း တက်ညီလက်ညီ ဆောင်ရွက်နေတာကိုတွေ့ခဲ့ရပါတယ်။ ICIMOD စီမံကိန်းအကူအညီနဲ့ ၂၀၁၇ ခုနှစ်မှာ ထင်းရှူး(၂၅၀၀)ပင်၊ ၂၀၁၈ ခုနှစ်မှာ(၃၂၀၀)ပင် စိုက်ပျိုးထားပါတယ်။ CF ဧရိယာအတွင်း ထင်းရှူးဆီခိုးယူထုတ်လုပ်မှုများကို တွေ့ရှိရလို့ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သစ်တောဦးစီးဌာနနဲ့ ပေါင်းစပ်ဆောင်ရွက်ဖို့ကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ CF အသုံးပြုသူများရဲ့ အခြားစီးပွားရေးလုပ်ငန်းကတော့ ထောပတ်၊ နနွင်းနဲ့ မာလာဥစိုက်ပျိုးခြင်းဖြစ်ပြီး အများစုမှာ နေ့စားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုတာကို သိရှိခဲ့ရပါတယ်။

ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာ CF ဥက္ကဋ္ဌရဲ့ စည်းရုံးရေးစွမ်းရည်ကြောင့် အသုံးပြုသူအဖွဲ့ဝင်များအနေနဲ့ စိတ်ပါဝင်စားစွာဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိသော်လည်း အသုံးပြုသူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် CF ဧရိယာအား အကျိုးရှိစွာအသုံးချနိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများအပြင် ဆက်စပ်ဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသင့်ပါတယ်။ CF ဧရိယာအတွင်းရှိ ပွေးလှရေကန်ဟာ နိုင်ငံခြားသားများအား စွဲဆောင်မှုရှိလို့ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။



နှစ်(၁၀၀) ထင်းရှူးပင်များနဲ့ ပွေးလှရေကန်

ပွေးလှကျေးရွာမှ ထွက်ရှိလာပြီး (၁၀)နာရီခန့်မှာ ပင်းတယမြို့နယ်၊နန်းကုန်းကျေးရွာ၊အပတော်ရှိ ICIMOD စီမံကိန်းအကူအညီနဲ့ဆောင်ရွက်နေတဲ့ ဦးမောင်ဟန်ပါ (၇၃)ဦးရဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (၉၈)ကေကို သွားရောက်လေ့လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတည်ထောင်ခွင့်လက်မှတ်ရရှိခဲ့ပြီး၊ စီမံကိန်းအကူအညီနဲ့ ၂၀၁၇ခုနှစ်မှာ ထင်းရှူး(၂၅၀၀)ပင်နဲ့ ၂၀၁၈ခုနှစ်မှာ ထင်းရှူး(၂၀၀၀)ပင်စိုက်ပျိုးထားတာကို တွေ့ရှိရပါတယ်။ နန်းကုန်းကျေးရွာတစ်ရွာတည်းက ဆောင်ရွက်လျက်ရှိပြီး၊ စတင်ဖွဲ့စည်းချိန်မှာ အဖွဲ့ဝင်(၄၆)ဦးဖြင့် ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်တွင်အဖွဲ့ဝင်(၇၃)ဦး ပါဝင်လျက်ရှိပါတယ်။ CF ဧရိယာအတွင်း ယခင်က ထင်းရှူးဆီထုတ်လုပ်ခွင့်ပြုခဲ့လို့ အပင်များသေကြေပျက်စီးကာ တောပြုန်းသကဲ့သို့ဖြစ်လာလို့ ပြန်လည်ထိန်းသိမ်းခဲ့ရခြင်း ဖြစ်ပါတယ်။ သဘာဝပေါက်ပင်များရှိလို့ စနစ်တကျပြုစုထိန်းသိမ်းမယ်ဆိုရင် အောင်မြင်နိုင်တယ်လို့ထင်မြင်ပါတယ်။ CF ဧရိယာအတွင်း အခြားလုပ်ငန်းများ ဆောင်ရွက်မှုမရှိဘဲ ထိန်းသိမ်းခြင်းလုပ်ငန်းကိုသာ အဓိကဆောင်ရွက်တာကို တွေ့ရှိခဲ့ရပါတယ်။ လိုအပ်တဲ့အကူအညီနဲ့ ပျိုးပင်များကို သစ်တောဦးစီးဌာနနဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ရယူဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးခြင်းလုပ်ငန်းကိစ္စအဝဝကို ICMOD စီမံကိန်းက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

နန်းကုန်းကျေးရွာမှာ လျှပ်စစ်မီးရရှိပြီးဖြစ်လို့ ထင်းအသုံးပြုမှုလျော့နည်းသွားပြီး အနည်းငယ်လိုအပ်သော ထင်းများကို ကိုယ်ပိုင်တောများမှသာ ထုတ်ယူသုံးစွဲလျက်ရှိပါတယ်။ CF ဧရိယာအတွင်း ရှားပါးသတ္တဝါအနေနဲ့ ဒေါင်းစိမ်းများရှိပြီး နိုင်ငံခြားသားခရီးသည်များ အရင်က ခြေလျင်ခရီးသွားလာမှုရှိသော်လည်း ယခုအချိန်တွင် သွားလာမှုမရှိသလောက်နည်းပါးတယ်လို့ သိရှိရပါတယ်။ ပြုစုထိန်းသိမ်းခြင်းနဲ့ စိုက်ပျိုးခြင်းကို အဓိကဆောင်ရွက်လျက်ရှိပြီး၊ အဖွဲ့အတွင်း CF ရန်ပုံငွေအနေနဲ့မရှိဘဲ အသုံးပြုသူများအဖွဲ့မှ ကိုယ်ထူကိုယ်ထ စုပေါင်းထိန်းသိမ်းလျက်ရှိပါတယ်။ စတင်ဆောင်ရွက်သည့်ကာလဖြစ်လို့ ICIMOD စီမံကိန်းရဲ့အကူအညီနဲ့ ပျိုးဥယျာဉ်တစ်ခုတည်ထောင်ကာ ပျိုးပင်များ ပံ့ပိုးပေးလျက်ရှိပါတယ်။ တောင်သူလုပ်ငန်းများကိုသာ အဓိကဆောင်ရွက်ကာ ကော်ဖီနဲ့ လက်ဖက်တို့ကိုအနည်းငယ်စိုက်ပျိုးပြီး၊ နှစ်ရှည်သီးပင်စားပင်ဖြစ်တဲ့ ထောပတ်ပင်များကို စိုက်ပျိုးလိုကြပါတယ်။ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်အနေနဲ့ CF လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကာ အပင်များရှင်သန်ကြီးထွားလာလျှင် ကော်ဖီနဲ့လက်ဖက်ကို အလယ်ချောင်ကျေးရွာကဲ့သို့ စိုက်ပျိုးနိုင်ရေး အလယ်ချောင်ကျေးရွာအပါအဝင် အောင်မြင်နေတဲ့ CFများသို့ သွားရောက်လေ့လာထားတာကိုလည်း သိရှိခဲ့ရပါတယ်။

ဆက်လက်ဖော်ပြပါဦးမည်---



# ကလောပင်

အောင်ကျော်စိုး (သစ်တောပညာ-၁၉၈၃)

ကလောပင်တို့သည် ရုက္ခဗေဒအလိုအားဖြင့် Flacourtiaceae (နရွဲ)မျိုးရင်းတွင်ပါဝင်သည်။ ယင်းမျိုးရင်းတွင် ကလော၊ ကလောနီ၊ ကလောဖြူ၊ ကလောဝါ၊ မျောက်ချော၊ ဟုန်းရာဇာ၊ နရွဲစသည့် အပင်မျိုးများလည်း ပါဝင်သည်။

## ကလောဟူသည် ...

မြန်မာအဘိဓာန်တွင် ကလောပင်အား ''အစေ့ကို ကုဋ္ဌာနူနာဆေးဖော်စပ်ရာတွင် သုံးရသောအပင်တစ်မျိုး'' ဟူ၍ဖွင့်ဆိုထားပါသည်။ ကလောပင်အား မြစ်ကြီးနားဒေသတွင် ကြက်ကလော၊ စိုင်းကလောဟူ၍လည်းကောင်း၊ ချင်းတွင်းဒေသတွင် ကလေသိန်ဟူ၍လည်းကောင်း၊ အချို့ဒေသတွင် ကလောခိုဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြသည်။ လေ့သင်းအတွင်းဝန်မင်းကြီးပြုစုသော ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် ''ကလောပင်၊ ကလောသီးဟုခေါ်ဝေါ်ရေးသားကြသည်မှာ-မဂဓဘာသာ ကောလရုက္ခပါဠ်ကို အက္ခရာဝိပ္ပလ္လာသနည်းအားဖြင့် စကားလိမ်၍ မြန်မာဘာသာမှာ ကလောပင်၊ ကလောသီး ခေါ်ဝေါ်ကြလေသည်ယူရန်ရှိသည်'' ဟူ၍ဖော်ပြထားပါသည်။

ကလောပင်တို့သည် ဤကမ္ဘာမြေ၌ ရှေးနှစ်ထောင်ပေါင်းများစွာ၊ ဘုရားပွင့်တော်မမူမီကပင် ပေါက်ရောက်ခဲ့ကြောင်းတွေ့ရပါသည်။ ကလောပင်နှင့် ပတ်သက်၍ ရာဇဝင်ဇာတ်လမ်း၂ပုဒ်ကို အောက်ပါအတိုင်း တင်ဆက်လိုက်ပါသည်။

ရှေးလွန်လေပြီးသောအခါ --ဘုရားအလောင်းတော် သေတ္တိသေနမင်းကြီးတွင် ကူဋ္ဌနူနာရောဂါ စွဲကပ်လျက်ရှိရာ ဘုရင့်သမားတော်ကြီးများနှင့် ကြိုးစား၍ကုသပါသော်လည်း ပျောက်ကင်းမှုမရှိသည့်အပြင် တိုး၍သာလာသဖြင့် မှူးမတ်ဗိုလ်ပါအပေါင်းတို့က ဘုရင်ကြီးမှာ ထီးနန်းနှင့်မထိုက်တန်တော့ဟုဆိုကာ မင်းကြီးနှင့် မိဖုရားသမ္ဘူလတို့အား မြို့နှင့်ဝေးရာတောနက်ထဲသို့ နှင်ထုတ်လိုက်လေသည်။

မိဖုရားကြီး သမ္ဘူလမှာ ရောဂါစွဲကပ်နေသော မင်းကြီးအား နေ့စဉ် ရေပူရေချမ်းကပ်ခြင်း၊ သစ်သီးဝလံများ ရှာဖွေကျွေးမွေးခြင်းဖြင့် ပြုစုလျက်ရှိရာ တောတွင်း၌ သစ်သီးဝလံများမရသဖြင့် ကလောပင်မှ အသီးနှင့်အရွက်နုများကိုသာ နေ့စဉ်ဆွတ်ခူးပြီး မင်းမိဖုရားနှစ်ပါးတို့ အာဟာရမျှတအောင် သုံးဆောင်နေထိုင်ကြရသည်။ ဤသို့ နေ့စဉ် ကလောသီးနှင့်ကလောရွက်များကို စားသုံးလာကြရာမှ ဘုရင်ကြီးတွင် စွဲကပ်နေသောရောဂါမှာ တစ်နေ့တစ်ခြားလျော့ပါးပျောက်ကင်းလာပြီး နောက်ဆုံးတွင် ရောဂါလုံးဝပျောက်ကင်းသွားခဲ့သည်။ မင်းကြီးသည် မိမိ၏ရောဂါမှာ ထိုအပင်၏အစွမ်းကြောင့် ပျောက်ကင်းသည်ဟု မှတ်တော်မူပြီး နန်းတော်သို့ပြန်ကာ ထီးနန်းကို အသက်ထက်ဆုံးစိုးစံသွားခဲ့ပါသည်။ မင်းကြီးနေခဲ့သော တောကိုလည်း ကလောပင်များ အများအပြားပေါက်သဖြင့် ကောလိယပြည်၊ ကောလိယတိုင်းဟူ၍ မဇ္ဈိမဒေသ၌ ထင်ရှားရှိခဲ့ပါသည်။

နောက်ဇာတ်လမ်းတစ်ပုဒ်မှာ-- ဗာရာဏသီပြည့်ရှင် ရာမဘုရင်ကြီးတွင်လည်း ကုဋ္ဌာနူနာရောဂါစွဲကပ်လျက်ရှိရာ မှူးကြီးမတ်ရာနှင့်တကွ နန်းတွင်းသူ၊ နန်းတွင်းသားတို့က ဘုရင်ကြီးအား ရွံရှာစပ်ဆုပ်သော အမူအရာ များဖြင့် နေကြသည်ကို ဘုရင်ကြီးသိတော်မူသောအခါ သံဝေဂရပြီး သားတော်အားနန်းအပ်ကာ မိမိတစ်ပါးတည်း ဟိမဝန္တာတောသို့ဝင်၍ တဲနန်းထိုးကာ သစ်သီးဝလံများ ကိုယ်တိုင်ရှာဖွေစားသောက်နေခဲ့ရသည်။

ထိုစဉ် ကပ္ပိလဝတ်ပြည့်ရှင် ဥက္ကာမင်းကြီး၏ သမီးတော်တစ်ပါးတွင်လည်း ကုဋ္ဌာနူနာရောဂါစွဲကပ်နေသဖြင့် ရောဂါပြန့်ပွားမှုမရှိစေရန် မောင်တော်များက နှမတော်အား ဟိမဝန္တာတောသို့ ခေါ်ဆောင်ကာ မြေကျင်းကြီးတူး၍ စားဖွယ်မျိုးစုံနှင့်အတူ ကျင်းတွင်ထည့်ကာ အပေါ်မှခိုင်မာသောသစ်များစီ၍ ယင်းအပေါ်မှ မြေကြီးများနှင့်ဖုံးအုပ်ထားခဲ့သည်။ ဗာရဏသီပြည့်ရှင် ရာမမင်းသည် ၄င်းနေသောသစ်ခက်တဲနန်းအနီးတွင် ပေါက်ရောက်နေသော ကလောသီး၊ ကလောရွက်နုတို့ကို နေ့စဉ်စားသောက်ရသဖြင့် ဘုရင်ကြီးတွင် စွဲကပ်နေသော ရောဂါမှာ လုံးဝပျောက်ကင်းသွားပြီး မူလထက် အသားအရေများ ဝါဝင်းကာ ကျန်းမာစွာဖြင့် တရားအားထုတ်နေလေသည်။ တစ်ညတွင် ကျားတစ်ကောင်သည် မင်းသမီးရှိသော မြေကျင်းအနီးသို့ရောက်လာပြီး လူနံ့ရသဖြင့် ဖုံးထားသော

မြေများကို လက်ဖြင့်ယက်ထုတ်ရာ ဖုံးထားသော သစ်သားများပေါ်လာပြီး မင်းသမီးမှာ ကျားကိုမြင်တွေ့ရသည်နှင့် တစ်ပြိုင်နက် ကြောက်လန့်တကြားအော်ဟစ်ရာ ကျားမှာလည်း လန့်၍ထွက်ပြေးလေသည်။

ထိုအသံကို ဘုရင်းကြီးကြားသိတော်မူ၍ နံနက်လင်းသော် ညကအသံကြားရာအရပ်သို့ သွားရောက်ရှာဖွေသည့်အခါ မင်းသမီးကိုတွေ့၍ ဖြစ်ကြောင်းကုန်စင်မေးမြန်းသိရှိတော်မူပြီးနောက် မင်းသမီးအား မြေကျင်းမှတင်ယူကာ တဲနန်းသို့ခေါ်ဆောင်လာခဲ့သည်။ တဲနန်းတွင်သူသုံးဆောင်ခဲ့သော အသီး၊ အရွက်တို့ကို နေ့စဉ်ကျွေးသည့်အခါ မင်းသမီးမှာလည်း ရောဂါများလုံးဝပျောက်ကင်းပြီး အသားအရေမှာလည်း ဝါဝင်းလှပလာကာ မင်းကြီးနှင့်မင်းသမီးတို့ မေတ္တာမျှလျက် တောတွင်းတဲနန်း၌ပင်ဆက်လက်နေထိုင်ခဲ့ကြသည်။

တစ်နေ့တွင် ဗာရဏသီမှ မုဆိုးတစ်ယောက်သည်မင်း၊ မိဖုရားနှစ်ပါးတို့နေထိုင်ရာအရပ်သို့ ရောက်သွားခဲ့ပြီးအပြန်တွင် နန်းတော်မှဘုရင့်သားတော်ထံဖြစ်ကြောင်းကုန်စင်လျှောက်ထားရာ သားတော်လိုက်လာပြီး တိုင်းပြည်သို့ ပြန်လည်ကြွမြန်းပါရန် လျှောက်ထားသော်လည်းမင်းကြီးမှာလိုက်တော်မမူတော့ဘဲ ဤနေရာတွင် ကလောပင်ကိုအစွဲပြု၍ ရောဂါပျောက်သဖြင့် ကောလိယမြို့ တည်ထောင်ပြီး အသက်ထက်ဆုံး နေထိုင်သွားခဲ့ပါကြောင်းတင်ဆက်လိုက်ရပါသည်။

**ကလောပင်**

မျိုးရင်း(Family) – Flacourtiaceae/ Achariaceae
မျိုးစု(Genus) – Hydnocarpus
မျိုးစိတ်(Speices)– kurzii
မြန်မာအမည် – ကလော၊ ကလောခို
ရုက္ခဗေဒအမည် – Hydnocarpus kurzii (*Warburg*)
Syn – Hydnocarpus anthelmintica
Taraktogenos kurzii King
Common Name– Chaulmugra
ဟိန္ဒီအမည် – Choalmogra
ပါဠိအမည် – ကုဋ္ဌဝေရီ
သက္ကတအမည် – ကုဋ္ဌဗေရီ

**၁။ ပေါက်ရောက်ရာဒေသ**

မြန်မာနိုင်ငံရှိ အမြဲစိမ်းလန်းသော သစ်တောကြီးများတွင်ပေါက်ရောက်သည်။ အထူးသဖြင့် ချင်းတွင်း၊ ကချင်ပြည်နယ်၊ ပဲခူးရိုးမအရှေ့ပိုင်း၊ ပဲခူးရိုးမတောင်ပိုင်း၊ မင်းဘူး၊ ပျဉ်းမနား၊ မွန်ပြည်နယ်၊ မုတ္တမဒေသတို့၌ အမြဲစိမ်းတောများတွင်တွေ့ရှိရသည်။ အရိပ်ရပင်၊ အလှဆင်ပင်၊ ဆေးသုံးပင်အဖြစ်လည်းစိုက်ပျိုးကြသည်။

**၂။ ပုံသဏ္ဌာန်**

အမြင့်ပေ(၅၀)မှ(၈၀)နှင့် လုံးပတ်၃ပေမှ၅ပေအထိကြီးထွားနိုင်သော အမြဲစိမ်းလန်းနေသည့် အပင်မျိုးဖြစ်သည်။ ပင်စည်မှာရှည်၍မတ်ပြီး၊ အကိုင်းများမှာ ပင်စည်၏ထိပ်ဖျား၌စုနေပြီးလျှင် အောက်သို့တွဲလောင်းကျဖြာလျက်ရှိသည်။

**၃။ အခေါက်**

အပွေးမှာ မီးခိုးရောင်၊ အညိုရောင်(သို့မဟုတ်)အနက်ရောင်ရှိပြီး၊ အဖြူစက်ကလေးများလည်း ပါရှိတတ်သည်။ အခေါက်ပါးသည်။ အခေါက်၏အတွင်းဘက်တွင်အဝါရောင်(သို့မဟုတ်)ဝါညိုရောင်ရှိသည်။

**၄။ အရွက်**

ရွက်လွှဲထွက်သည်။ သားရေကဲ့သို့ပြောင်ချော၍မာသည်။ ရွက်နားညီ၍ထိပ်နှစ်ဖက်ချွန်သည်။ လုံ့စွပ်ပုံ၊ ငှက်တောင်ပုံရှိသည်။ ၇ လက်မမှ ၁၀ လက်မရှည်သည်။ ရွက်ညှာရှည်သည်။ အချို့ရွက်နားတွင် လှိုင်းတွန့်ရှိသည်။ ဒုတိယဆင့်ရွက်ကြောများသည် အရွက်၏အောက်မျက်နှာပြင်တွင် အလွန်ထင်ပေါ်လျက်ရှိသည်။ ရွက်ကြောငယ်များသည် ကန့်လန့်ဖြတ်အပြိုင်ဖြာထွက်ကြသည်။ ရွက်ညှာရှည်၍ဖောင်းပွနေသည်။ အညွန့်၊ ရွက်နုကလေးများတွင်အညိုရောင်(သို့မဟုတ်)ပန်းနုရောင်အမွေးကလေးများရှိသည်။

**၅။ အပွင့်**

အလွန်သေးငယ်၍ ငုဝါရောင်ဖျော့ဖျော့ရှိသည်။ အနံ့မရှိ၊ လိင်ထီးဖြစ်၍အဖိုပွင့်နှင့်အမပွင့်တို့သည် တစ်ပင်စီရှိကြသည်။ တစ်ခါတစ်ရံ အဖိုပွင့်ပွင့်သောအပင်တွင် လိင်စုံအပွင့်များကိုတွေ့ရသည်။ အမပွင့်များသည် နှစ်ပွင့်(သို့မဟုတ်)ထိုထက်ပိုများစွာ စုပြုံ၍ရှိကြသည်။ ပွင့်ဖတ်(၄)ခုနှင့် ပွင့်ချပ်(၈)ခုရှိ၍ အဖျားချွန်ဘဲဥပုံဖြစ်သည်။ ဝတ်ဆံဖို(၂၄)ခုပါ၍ ဝတ်ဆံတိုင်များတွင်အမွေးထူသည်။ မြန်မာပြည်အောက်ပိုင်းတွင် တပေါင်း၊ တန်ခူးလများတွင် ပွင့်လေ့ရှိပြီး မြန်မာပြည်အထက်ပိုင်းတွင်မူ တစ်လမျှ နောက်ကျပွင့်လေ့ရှိသည်။

**၆။ အသီး**

ညိုဝါရောင်ရှိပြီး၊ ကတ္တီပါကဲ့သို့အမွေးနုများဖြင့်ဖုံးလွှမ်းနေသည်။ အသီးမှာ တစ်လုံးချင်းသီး၍ အချင်း၃လက်မ(လိမ္မော်သီး)ခန့်ရှိ၍ လုံးဝိုင်းသည်။ အတွင်း၌ အသားပျော့များထဲတွင် အစေ့များစွာပါရှိသည်။ အစေ့များ တစ်လက်မခန့်ရှိသည်။ အစေ့တို့သည် လုံးချောမနေဘဲ ထောင့်ချွန်များရှိသည်။ ထိုအစေ့တို့မှ ကလောဆီထုတ်ယူပြီးဆေးဝါးအဖြစ်အသုံးပြုသည်။ ကလောဆီ၏အရောင်မှာညိုဝါရောင်ဖြစ်သည်။

## ၇။ အသုံးပြုပုံ

### (က) အခေါက်

အဖျားကျဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။

### (ခ) အစေ့

- ကလောစေ့ကို စားသုံးခြင်းဖြင့် ကုဋ္ဌနူနာစွဲကပ်သူများ ရောဂါပျောက်ကင်းကြောင်း ဗုဒ္ဓစာပေများတွင် ဖော်ညွှန်းထားခဲ့ပေသည်။ နှစ်များမကြာသော ကာလရောက်မှသာ အနောက်နိုင်ငံဆေးဝါးများတွင် ကုဋ္ဌနူနာရောဂါဆေးများအတွက် ကလောစေ့အားသုံးစွဲလာကြသည်။
- ကလောစေ့မှရသောအဆီအား တမာဆီ(၃)ဆ၊(၄)ဆ ထည့်၍ လိမ်းပေးခြင်းဖြင့် ပွေး၊ နှင်းခူ၊ အရေပြားရောဂါများကို ပျောက်ကင်းစေသည်။
- ထို့အပြင် အပူကြောင့်ဖြစ်သောအနာ၊ အော့အန်သောအနာတို့ကို ပျောက်ကင်း၍ သွေးလေသလိပ်တို့ကိုကြေစေသည်။
- မြန်မာဆေးကျမ်းများ အလိုအရ ကလောစေ့သည် ဝမ်းသွားသောအနာ၊ အရိုးအဆစ်အကြောတို့၌ ကိုက်ခဲသော အနာ၊ ညှင်း၊ တင်းတိပ်၊ ဝက်ခြံနာ၊ နူနာများကိုနိုင်စေ၏။
- ၄င်းကလောဆီကိုလိမ်းခြင်းဖြင့် နာကျင်ကိုက်ခဲခြင်းကို ပျောက်စေသည်။ သွေးကိုသန့်ရှင်းစေသည်။
- ကုဋ္ဌနူနာနှင့်အရေပြားရောဂါတို့ဖြစ်လျှင် ကလောဆီကိုစားခြင်း၊ ပွတ်လိမ်းခြင်းဖြင့်ပျောက်ကင်းစေသည်။ ကာလသားရောဂါ(ဆစ်ဖလစ်ရောဂါ)တို့တွင်လည်း ထိုနည်းအတိုင်းအသုံးပြုရသည်။
- နှင်းခူဖြစ်သောရောဂါများအတွက် ကလောဆီကို မခမ်း/ထောပတ်တို့ဖြင့်ရော၍ လိမ်းပေးသော် သက်သာပျောက်ကင်းစေနိုင်သည်။
- အဆုပ်ရောဂါ၊ ပိုးကြောင့်ဖြစ်သောအနာများ ကင်ဆာ၊ ပြည်တည်နာနှင့် အရိုးကင်ဆာတို့တွင် ကလောသီးအဆီကို တိုက်ကျွေးခြင်း၊ လိမ်းပေးခြင်းဖြင့်သက်သာပျောက်ကင်းစေနိုင်သည်။
- အဆုပ်ရောဂါဖြစ်လျှင် ၄င်းကိုသောက်ခြင်း၊ ရင်ကိုလိမ်းခြင်းပြုပေးက များစွာအကျိုးရှိစေသည်။
- ပွေးရှိလျှင် ကလောစေ့အား သွေး၍လိမ်းပေးပြီး နာရီဝက်ခန့်အကြာတွင် ရေဖြင့်စင်ကြယ်အောင်ဆေး၍ အုန်းဆီဖြင့်လိမ်းပေးပါက ပွေးသည်အမြစ်ပါမကျန် ပျောက်ကင်းသည်။(သတိပြုရန်မှာ– ၄င်းအဆီတစ်မျိုးတည်းလိမ်းက အရေပြားလောင်နိုင်သဖြင့် ၄င်းအဆီတစ်ဆ၌ တမာဆီ ၃/၄ဆထည့်၍ လိမ်းပေးရသည်။ အစာကိုလျင်မြန်စွာ ကြေညက်စေသဖြင့် အစာစားပြီး နာရီဝက်ခန့်အကြာမှသာ မခမ်း၊ ထောပတ်တို့နှင့် အတူစားရပါမည်။ အစတွင် (၂) စက်မှစ၍ တဖြည်းဖြည်းတိုး၍ပေးသွားသင့်သည်။)
- ပွေးယားနာဖြစ်လျှင် ထန်းဖိုဦးထန်းလျက် ၁၅ကျပ်သား၊ ကလောသီးဆန် ၁၀ကျပ်သား၊ ဇရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်းခြောက်၄ပဲသားစီစု၍ ကြိတ်ပြီးတေပါ။ ကွမ်းသီးလုံး ခန့်လုံးထားပါ။ နံနက်၊ ညတစ်လုံးစီစားပါ။
- လူကြီးအားဆေး ချေသီး၊ ကလောသီး၊ ပတဲကော၊ တြိကဋုတ် ၃ပါး၊ ဆီမီးတောက်ဥ၊ ကန့်ချုပ်နီ၊ ၄င်းဆေးအမည်များ တစ်ဆကို ပျားရည်နှစ်ဆနှင့် ရောတေပြီးလျှင် ဖန်ပုလင်းတွင် လေလုံစွာထည့်ပါ။ ထိုပုလင်းကို စပါးပုတ်ထဲတွင် ၃လမျှမြှုပ်ထားပါ။ တစ်ကြိမ်စားလျှင် မန်ကျည်းစေ့ခန့် တစ်နေ့ ၅ကြိမ်မျှ ၃နာရီခြားပြီးစားပေးပါ။ နေ့စဉ်စားပေးခြင်းဖြင့် အစာကြေခြင်း၊ ခွန်အားရှိခြင်း၊ လန်းဆန်းခြင်းများကိုဖြစ်စေပါသည်။
- မြစ်ပွားနာရောဂါရင့်သူများအတွက် လေးညှင်း ၄ပဲသား၊ စမုန်မျိုးငါးပါး ၁ကျပ်သားစီ ၅ကျပ်သား၊ ကန့် ၄ပဲသား၊ သင်းဝင်ပေါက်ဖြူနှင့် ကလောသီး ၁ကျပ် ၈ပဲသားစီ၊ ဇာတိပ္ဖိုလ်သီး ၈ပဲသား၊ စိန္ဓဘော်ဥ ၁၂ကျပ် ၈ပဲသား၊ ထန်းလျက်ခဲ(အမည်း)၂၅ကျပ်သား၊ အားလုံးကို အမှုန့်ပြုပြီး ရေ ၆ပုလင်းရောကာ အရည် ၅ပုလင်း ကျန်အောင်ကျိုပါ၊ လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးစာမျှ နေ့စဉ်၃ကြိမ်သောက်ပါ။
- အညောင်းအညာထုံကျင်ကိုက်ခဲခြင်းဖြစ်လျှင် ပိတ်ချင်း၊ ပတဲကော၊ ဇရုတ်ကောင်း၊ ကလောသီး၊ ချေးသီး၊ဆီမီးတောက်ဥ၊ ကန့်ချုပ်နီ ၄င်း ၇မျိုးကို အမှုန့်ပျားရည်နှင့်တေပါ။ နံနက်၊ ညကွမ်းသီးလုံးခန့်စားပေးပါ။
- ဆီးဆေး စမုန်မျိုးငါးပါး၊ ချေသီး၊ ကလောသီး၊ အလိုကျူ၊ လိပ်ကျောက်ဆူး၊ ကြွေပုပ်၊ ကလိန်ဆံ၊ ဆားပုပ်၊ ချင်းခြောက်၊ ကုလားမျက်စိ၊ လေးညှင်း၊ ဇာတိပ္ဖိုလ်သီး စုစုပေါင်း၁၂မျိုးကို ၁မူးသားစီစု၍ အမှုန်ပြုပြီး ကွမ်းသီးခန့် ဆားသင့်ရုံထည့်၍သောက်ပါ။ ဆီး၊ ဆီးအောင့်၊ ရိဖြူ–ရိနီ၊ ကျောက်တည်ရောဂါများအတွက် ပျောက်ကင်းစေပါသည်။
- ပွေး၊ ဝဲ၊ နှင်းခူ၊ ညှင်း၊ တင်းတိပ်အစရှိသည့် အရေပြားရောဂါများအတွက် ကလောအခေါက်ကိုသွေး၍ လိမ်းပေးခြင်း၊ အရွက်ကိုပြုပ်၍သုတ်စားခြင်း၊ အရွက်ပြုတ်ရည်ဖြင့် ရေချိုးပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။
- အနာကြီးရောဂါများအတွက် ကလောအဆံ ၅ကျပ်သား၊ အခေါက်နှင့်အရွက်၁၀ကျပ်သားစီ အသီးအခွံ

၁၀ကျပ်သား၊ စမုန်မျိုးငါးပါး ၁၀ကျပ်သား ယင်းတို့ကို အမှုန့်ပြု၍ ပျားရည်နှင့်တေပြီး နံနက်–ညကြွေဖွန်းနှင့် တစ်ဖွန်းစီစားပါ။ (သော်တာဝင်း(ဆရာဦးမြဝင်း) ရုပ်ပြ ဘယဆေးအဘိဓာန် အမှတ်စဉ်–၂)

- ကလောဆံကို ထောပတ်နှင့်ရော၍စားပါက အမျိုးသားများအတွက် အားအင်ပြည့်ဖြိုးစေနိုင်ပါသည်။ (သုတေသီ ဆရာငြိမ်း–မြန်မာ့ဆေးမြီတိုများ)
- ပွေးနာရောဂါအတွက် ကလောသီးတစ်လုံးကို ထုံးဖြူ တစ်ကျပ်သားနှင့် ရောကြိတ်၍ ရေနံချေးနှင့်ချက်ပြီး အနာကိုလိမ်းပေးပါ။ (သုတေသီ ဇေယျာမင်း–မြန်မာ့ဆေးမြီတိုများ)

**(ဂ) အသား**

အသားမှာ မာ၍ဖျော့တော့သောမီးခိုးရောင်ရှိသည်။ အဆောက်အဦ၊ အိမ်ထောင်ပရိဘောဂများပြုလုပ်နိုင်သည်။ ကလောသားအစို ၁ ကုဗပေသည် ၃၈ပေါင်လေးသည်။

## ၈။ ကလောအမည်ပါသော မြို့/ရွာများ

| စဉ် | မြို့ရွာ | မြို့နယ် |
|---|---|---|
| ၁။ | ကလောမြို့ | ရှမ်းပြည်နယ် (ဗိုလ်မှူးကြီးလှအောင်၏ဇာတိမြေ) |

**ကလောပင်ကို အစွဲပြု၍ မှည့်ခေါ်ထားသောအမည်မဟုတ်ပါ။**

ရှေးအခါက ရှမ်းတိုင်းရင်းသားများ နွားလှည်းစခန်းချရာနေရာဖြစ်သည်။ မြို့၏ ပတ်လည်တွင် မိုင်းလုံးတောင်၊ အိုးစည်တောင်၊ မနောလှတောင်၊ ကဆုန်တောင်၊ ရွှေမင်းပုန်းတောင်များ ဝန်းရံလျက် ချိုင့်ဝှမ်းသဏ္ဍာန်ဖြစ်ကာ ဇလုံနှင့်တူသောကြောင့် ပလောင်တိုင်းရင်းသားတို့က ''ကလောက်'' (ဇလုံ)မြို့ဟု ခေါ်တွင်ရာမှ ကလောမြို့ဖြစ်လာသည်။ ရှေးက ပလောင်လူမျိုးများတည်ထောင်ခဲ့သည့်မြို့ဖြစ်သည်။



ကလောအသီး၊ အပွင့်နှင့်အရွက်


ကလောအသီး၊ အပွင့်နှင့်အရွက်

ကလောအသီး၊ အပွင့်နှင့်အရွက်



လိပ်မျိုးဆက်တည်တံ့ရေး မှတ်တမ်းဝင်သုတေသန လုပ်ငန်းများ

ကိုငြမ်း (တောင်သာ)

**--ယင်းလွှတ်ထားသော အကောင်(၁၅၀)မှ ပေါက်သည့် သားပေါက်(၈)ကောင်ကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း တိုင်းထွာမှတ်သားခဲ့သည်** --ဆိုသည့် စာကြောင်းက အလွန်ထူးခြားသည်မို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေခဲ့ပြီ။

အထက်ပါစာကြောင်းမှာ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society) ၏ဌာနေ ညွှန်ကြားရေးမှူး ဆရာဦးသန်းမြင့်သို့ သုတေသနလက်ထောက် ဦးစွမ်းထက်နိုင်အောင် ပို့လိုက်သော မြန်မာ့ကြယ်လိပ်များကို ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိဝန်ထမ်းများနှင့်ပြုလုပ်ခဲ့သည့် ၂၀၁၈ခုနှစ် ဩဂုတ်လ အစီရင်ခံစာမှဖြစ်သည်။ သူသည်လုပ်ငန်းနှင့် နီးနွယ်ဆက်စပ်သည့် ဝန်ထမ်းများသို့လည်း မိတ္တူဖြန့်ဝေပေးပို့ခဲ့သဖြင့် ကျွန်တော်လည်း သိခွင့်ရခြင်းဖြစ်သည်။ ဝမ်းမြောက်ဘွယ်ဖြစ်သည်။

**-- ယခင်နှစ်များကလွှတ်ထားသော အရွယ်ရောက်အကောင်(၁၅၀)မှ (၄၂)ကောင်ကို ရေဒီယိုထရန်စမစ်တာတပ်ပြီး သုတေသနလုပ်ငန်းများ လုပ်နေကြောင်း၊ မြက်ပင်များထူထပ်သဖြင့် ရှာဖွေရသည်မှာ ခက်ခဲကြောင်း၊ သောက်သုံးရေအတွက် တောတွင်းရှိလမ်းများမကောင်းသဖြင့် သောက်ရေလာပို့သည့် မော်တော်ယာဉ်ဝင်မရကြောင်း--** စသည် အချက်အလက်တို့က အာရုံစိုက်စရာဖြစ်သော်လည်း လိပ်သားပေါက်(၈)ကောင် တွေ့ရသည့် သတင်းလောက်မထူးခြားပါ။ လိပ်များကို သဘာဝသို့လွှတ်သည့် ဆောင်ရွက်ချက်များက အခြားသတ္တဝါများလွှတ်ရန်အတွက် နမူနာကောင်းတစ်ခုဖြစ်လာမည်ကိုတော့ပြောနိုင်သည်။ ကျွန်တော်သိလိုသည့် ဘေးမဲ့တောအတွင်းမှ ကန်တော်ကြီး၏အခြေအနေ ထူးခြားမှုပါမလားဖတ်သည်။ ကန်တော်ကြီး ရေပိုလွှဲမှ ပြင်ပမှငါးများတက်လာနိုင်ရန်နှင့် မျိုးငါးများတက်လာလျှက် ငါးများပေါက်ပွားလာစေရန် ငါးတက်လှေခါး(Fish Ladder)လုပ်ရန် အကြံပေးရန်ရှိ၍ ဖြစ်ပါသည်။

လက်လေးသစ် အရွယ်လောက်ပင်မရှိသည့် ကြယ်လိပ်ပေါက်များ မျက်မြင်တွေ့ရသည်ဆိုသည်မှာ ထူးခြားသည်။ အလွန်ထူးခြားသည်။ ကြယ်လိပ်များ သူ့သဘာဝအလျှောက် ရှင်သန်ပေါက်ပွားစပြုနေပြီဆိုသော သက်သေသည် ရွှေစက်တော်ဘေးမဲ့တောအတွက် အနာဂတ်အလင်းတန်းဟုဆိုရမည်သာ။ ဤမျက်မြင်တွေ့ရှိမှုက ၂၀၀၁ခုနှစ် ရွှေစက်တော်ဘေးမဲ့တောဝန်ထမ်းများနှင့် ကျွန်တော် နောက်ဆုံးသုတေသနပြုခဲ့သည့် ရလဒ်နှင့် ပြောင်းပြန်ဖြစ်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က ရလဒ်မှာသုညဖြစ်၏။ နောင်(၁၀)နှစ်အကြာ ၂၀၁၁ခုနှစ် ရလဒ်တွင် Dr.S.G.Platt (WCS+ TSA)နှင့် ဘေးမဲ့တောဝန်ထမ်းများပြုလုပ်ခဲ့သည့်အဖြေမှာလည်းဗလာနတ္ထိဖြစ်ခဲ့ပြန်၏။ သုညနှင့်ဗလာနတ္ထိဆိုသည်မှာ ရွှေစက်တော်ဘေးမဲ့တောတွင် မြန်မာ့ဌာနေဖွားကြယ်လိပ်များ မျိုးသုဉ်းခဲ့ပြီဆိုသော သက်သေပြချက်များပင် ဖြစ်ပါသည်။

သို့သော် မြန်မာ့ဌာနေဖွားကြယ်လိပ်များ ပြန်လည်မျိုးဆက်ရှင်သန်လာရေးအတွက် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းဌာန (NWCD)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့၏ ဆောင်ရွက်မှုမှတ်တမ်းတင်များက ရွှေစက်တော်ဘေးမဲ့တောတွင် ကြယ်လိပ်များပြန်လည်မျိုးပွားလာသည့် ဆောင်ရွက်မှုများက သမိုင်းတင်ကျန်ရစ်တော့မည်ဖြစ်ပါသည်။ လိပ်မျိုးဆက်တည်တံ့ရေးအဖွဲ့(Turtle Survival Alliance) လာရောက်ပူးပေါင်းဆောင်ရွက်မှုက မောင်းနှင်အား အရှိန်တိုးတက်မြင့်မားလာခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။ **'လိပ်အစ၊ ရွှေစက်တော်က'**ဟုဆိုရမည့်သာဓကမှတ်တမ်းများရှိနေခဲ့ပါသည်။ ခြေရာပျောက်လိပ်များကို သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ရှာဖွေမှတ်တမ်းများထားရှိခဲ့ရာမှ ယခုအခါသဘာဝတွင် စတင်ပြန်လည်ပျံ့ပွားလာနိုင်အောင်ပင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

## သစ်တောဦးစီးဌာနနှင့် ကျွန်တော်ပြန်လည်ဆုံစည်းခြင်း

၁၉၉၉ ခုနှစ်ကဖြစ်သည်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)၏အကြီးအကဲ ဦးစောထွန်းခိုင်နှင့် နိုင်ငံခြားပညာရှင်(၂)ဦးတို့သည် မိကျောင်းမွေးမြူရေးဌာနသို့ လာရောက်လေ့လာမည့် သတင်းရရှိခဲ့သည်။ သူတို့(၃)ဦး

မိကျောင်းမွေးမြူရေးဌာနသို့လာခဲ့သည်က ကျွန်တော့်ဘဝ တစ်ဆစ်ချိုးပြောင်းရန် စတင်ခဲ့ပြီဆိုသည်ကို မသိခဲ့ပါချေ။ သူတို့လာမည့်သတင်းကိုပေးလာသူမှာ လုပ်ဖော်ကိုင်ဖက် ကိုအေးမြင့်ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည်လုပ်သက် (၁၄)နှစ်ဖြင့် ၁၉၉၂ ခုနှစ်က မိကျောင်းမွေးမြူရေးဌာနစုမှ နုတ်ထွက်ခဲ့ပြီး ပြေးကာလွှားကာ၊ နေရာအတည်တကျ မရှိသူတစ်ယောက်အဖြစ် ဦးစောထွန်းခိုင်နှင့် မတွေ့မီအထိ ဖြစ်နေခဲ့သည်။ ဦးစောထွန်းခိုင်နှင့်အဖွဲ့လာစဉ်က ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ သူငယ်ချင်း ကတိက ကိုဖုန်းမြင့်အောင် ကြီးကြပ်ပေးနေသော မဟာသိပ္ပံကျောင်းသူ မအေးသိမ့်သိမ့်အောင်၏ မိကျောင်းသုတေသနကျမ်းပြုအတွက် ကျွန်တော်အကူအညီပေးနေရသည့်အချိန် ဖြစ်သဖြင့် မိကျောင်းမွေးမြူရေးဌာနသို့ မကြာခဏဝင်၊ထွက်သွားလာနေချိန်လည်းဖြစ်ပါသည်။ မန်နေဂျာဖြစ်သူမှာလည်း အတူလုပ်ဖော်ကိုင်ဖက် ဦးဘီကေအောင်မိုး ဖြစ်သည်။ သူတို့(၃)ယောက်ကို တွေ့ဖို့ကြိုးစားခဲ့သည်။ တွေ့ခဲ့သော် ဦးစောထွန်းခိုင်ထံမှ မိကျောင်းနှင့်ပတ်သက်သည့် အလုပ်တောင်းရန်ဖြစ်ပါသည်။ တွေ့ခွင့်မရခဲ့ပါ။ သို့သော် ဦးစောထွန်းခိုင်၏ Visiting Card မှ သူ၏ရုံးတယ်လီဖုန်းနံပါတ် ၀၁–၅၁၂၉၈၄၊ ၀၁– ၅၂၄၈၉၃၊ အေးရိပ်မွန် (၁)လမ်း၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်ပါသောလိပ်စာကို ဦးဘီကေအောင်မိုး ထံမှရလိုက်ပါသည်။ ဖုန်းဆက်သောအခါ အမျိုးသမီးတစ်ဦးနှင့် စကားပြောရသည်။ အဆိုပါ အမျိုးသမီးကပင် ‘လွန်ခဲ့တဲ့တစ်လလောက်က ဆရာတို့လိုဘာသာရပ်နဲ့ ပညာရှင် ၂ ယောက်လာခဲ့ကြောင်း–– အဲသည်တုန်းကဘာလို့မလာလဲ လာခဲ့ရောပေါ့လို့’ သူကကရုဏာစကားဖြင့်ပြောသည်။ ရေငတ်တုန်းရေတွင်းထဲကျမည့်ကိန်းဆိုက်ပြီဟုထင်ခဲ့မိသည်။ သူ့ကို ကျွန်တော်ရှင်းပြခဲ့သည်။ သူက ဦးစောထွန်းခိုင်ကို ပြောပြမည်၊ ယခုတော့ ဆရာဦးစောထွန်းခိုင်မှာ ခရီးထွက်နေကြောင်းမွန်မွန်ရည်ရည် အကြောင်းပြန်ပါတယ်။ တစ်ရက်မှာတော့ ဆရာဦးစောထွန်းခိုင်နှင့် တိုက်ရိုက်ဖုန်းပြောလိုက်ရသည်။ ရုံးသို့လာခဲ့ရန်ခေါ်သည်။ ဦးစောထွန်းခိုင်နှင့် တွေ့သောအခါ ဆရာ့ရုံးခန်းတွင် ဆရာနှင့်ပညာရှင်(၂)ယောက် မိကျောင်းမွေးမြူရေးဌာနသို့ လာသည့်ကိစ္စ၊ ကျွန်တော်တွေ့ခွင့်မရခဲ့သည်များကို ပြောပြခဲ့သည်။ ထမ်းဆောင်ခဲ့ရသည့် တာဝန်များကိုရှင်းပြခဲ့သည်။

‘ဒါဆို––ခင်ဗျား–ကျွန်တော့်ကို အခုမှမြင်ဘူးတာပေါ့လေ၊ ခုနက လှော်ကားဥယျာဉ်မှာ မိကျောင်းဖမ်းဖူးတယ်လို့ပြောတယ်နော်အဲဒါ..’

‘ဟုတ်ပါတယ် နှစ်ခါဖမ်းပေးခဲ့တယ့်နှစ်ခါစလုံး ကျွန်တော်ဦးဆောင်ခဲ့တာပါ––၁၉၉၀ နဲ့ ၁၉၉၂ ခုနှစ်ကပါ ဆရာ––’

‘အော်––အေး––ကျွန်တော့်ကို မသိဘူး မမြင်ဖူးဘူးဆိုရင် ဘယ်သူတွေကိုသိလဲ’

‘ဟုတ်ကဲ့ ကိုမြင့်စိန် နောက်တစ်ဦးက–– ကိုစောထူးသာဖိုး––နှစ်ဦးစလုံးက တိရစ္ဆာန်ဆေးကုဆရာဝန်တွေပါ အုပ်ချုပ်ရေးမှူးက ––ဗိုလ်ကြီးမြင့်ဆွေ––အဲဒီဗိုလ်ကြီးမြင့်ဆွေနဲ့က မှော်ဘီအုန်းခြံမှာ သင်တန်းသွားပေးခဲ့တုန်းကတည်းက သိခဲ့ဖူးတယ်။ ရန်ကုန်တိုင်းစစ်တပ်ကကေဒါတွေကို ကျွန်တော်သင်တန်းပေးခဲ့ရတာပါ၊ နောက်ဆုံးအကြိမ်ဒုတိယအကြိမ် မိကျောင်းဖမ်းပေးတုန်းကကျွန်တော်အလုပ်ကထွက်ခါစအချိန်ပါ လှော်ကားကသူတို့ ၃ယောက်နဲ့ အဆက်အဆံလုပ်ခဲ့ရတာပါ၊ ကိုမြင့်စိန်က မိကျောင်းဖမ်းတဲ့ရက်တွေမှာ TE11 နဲ့လာကြိုသူပါ––ထူးထူးခြားခြားမှတ်မိနေသေးတာက ဆရာတို့လှော်ကားမှာ စပါးအုံးက ဂျီပေါက်ကလေးတစ်ကောင်ကို မြိုတဲ့သတင်း၊ သတင်းစာမှာပါတဲ့အချိန်–– နောက်တစ်ဦးကကိုစိန်သောင်းလား၊ ကိုသောင်းစိန်လား –– အဲဒီလူတွေကိုသိပါတယ်’

‘ကိုစိန်သောင်းပါ––အဲသည်တုန်းက လှော်ကားမှာကျွန်တော်က A.D –လက်ထောက်ညွှန်ကြားရေးမှူးပါ ခင်ဗျားတို့ဌာနက ဗိုလ်ကြီးတစ်ယောက် သူကမန်နေဂျာပဲ သူကလှော်ကားဥယျာဉ်လာပြီး မိကျောင်းကန် အဆောက်အဦကိစ္စလာလုပ်ပေး၊ အကြံပေးတယ်သူ့နာမည်တော့ မေ့သွားပြီ’

‘ဦးမျိုးဝင်းပါ––လေတပ်က––ဗိုလ်ကြီးပါ’

‘အေး–ဟုတ်ပြီ––ဟုတ်ပြီ ဒါထက်လှော်ကားမှာထားတဲ့ မိကျောင်းနာမည်ကဘာလဲ–– ပူးချားတဲ့လား’

‘ဟုတ်ပါတယ်–– ကန်ပူးချားနိုင်ငံ(ယခု ကမ္ဘောဒီးယားနိုင်ငံ)က ယူလာတဲ့အကောင်မို့ ပူးချားလို့ နာမည်ပေးထားတာပါ –– ပါတီဥက္ကဋ္ဌကြီးဦးနေဝင်း၁၉၇၇ ခုနှစ် ကန်ပူးချားနိုင်ငံကိုသွားတုန်းက လက်ဆောင်(၃)ကောင်ရခဲ့တဲ့အကောင်တွေပါ၊ ဒါ့ကြောင့် မိကျောင်းမွေးမြူရေးအစကန်ပူးချားကစလို့ပြောနိုင်ပါတယ်––အဲဒီ(၃)ကောင်စပြီးပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းက မိကျောင်းမွေးမြူရေးဌာနစုကို အကောင်အထည်ဖော်ခဲ့ရတာဖြစ်ပါတယ်။ အဲသည်တုန်းက ဦးဆောင်ညွှန်ကြားရေးမှူးက ဗိုလ်းမှူး K လို့လူသိများတဲ့ (ဗိုလ်မှူး K ဘသောင်း)ပါခင်ဗျ––ပပငက––ပါ အပြောင်အပျက်ခေါ်တဲ့နာမည်က––ပတ်သက်ရာပတ်သက်ကြောင်း ငါ့လူကောင်းစာရေး ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်းဖြစ်ပါတယ်––လယ်ယာနှင့်သစ်တောဝန်ကြီးဌာန လက်အောက်မှာ ရှိနေခဲ့တဲ့အချိန်မှာဖြစ်ပါတယ်––’

‘အော် အေးဗျာ––ပြောပါဦးသမိုင်းကြောင်းလေး––’[3]

‘သုံးကောင်စလုံးက အမတွေချည်းဖြစ်နေတယ်ဆိုတာ–– အရွယ်ရောက်မှ သိရတယ် *Crocodylus*

*siamensis* မျိုးစိတ်ပါ၊ ငယ်ငယ်တုန်းက အပြင်ပန်းအားဖြင့် အထီးအမဆိုတာသိဖို့မလွယ်ဘူးနိူက်ကြည့်လို့ရတဲ့အရွယ်ဆိုရင်တော့သိနိုင်ပါတယ်၊ယိုးဒယားမျိုးခင်ဗျ--နောက်ဆုံးအကြိမ်ဖမ်းမိတော့-- အဲဒီပူးချားကသားအိမ်အပြင်ထွက်နေတယ်သားအိမ်လျှောကျနေတယ်ကိုစောထူးက ကျွန်တော့်ကို ပြန်ယူသွားဖို့ပြောတယ်ကျွန်တော်က မန်နေဂျာနဲ့ ဆွေးနွေးဖို့အကြံပေးတယ်၊ ကိုစောထူးက မန်နေဂျာဆီ ဖုန်းဆက်ဆွေးနွေးတယ်--မန်နေဂျာက ကျွန်တော့်ကို ပြန်ယူလာဖို့ပြောတာနဲ့ ပြန်ယူခဲ့တယ် သားအိမ်ထွက်နေတဲ့ပူးချားကို ပြုစုမယ့်သူလဲမရှိတော့ နောက်တော့ သေသွားပါတယ်ဆရာ၊တစ်ကောင်က ကျွန်တော်ထိန်းနေတဲ့အချိန်မှာ အကိုက်ခံရလို့ သေသွားတယ်--အဲဒီအကောင်ကလဲသားအိမ်လျှောလို့သေတယ်'

'အော်--အေး--ထိုင်အုံးဗျာအေးအေးဆေးဆေး--စကားပြောကြတာပေါ့'

ဆရာဦးစောထွန်းခိုင်သည် ကျွန်တော်နှင့် စကားပြောနေရာမှ စကားဖြတ်ပြီးအခန်းအပြင်သို့ထွက်သွားသည်။ ကျွန်တော်က သူ့စားပွဲပေါ်မှ ဖြန့်ထားသောဓါတ်ပုံများကိုလှမ်းကြည့်နေလိုက်သည်။ သူသွားခဲ့သည့် တိရစ္ဆာန်နှင့်တိရစ္ဆာန်အစိတ်အပိုင်း လေ့လာရေးမှတွေ့ခဲ့သည့် မှတ်တမ်းများဖြစ်သည်။ လိပ်များထည့်ထားသည့်ပုံးများ၊ မြွေထည့်ထားသည့်ပုံးများ၊ ဈေးတန်းတစ်ခုတွင် ဗန်းထဲထည့်ရောင်းနေသော လိပ်များ၊ ဂဏန်းပုံးများ --။ ဦးစောထွန်းခိုင် ပြန်ဝင်လာသောအခါ သူ့နောက်မှာလူတစ်ယောက်ပါလာသည်။ သူ့ကိုမြင်လိုက်သည်နှင့် မှတ်မိပါသည်။ ယခင်ကကဲ့သို့ပင် ရုပ်သွင်မပြောင်း။

'ဟာ-- ကိုစောထူး--'

'ဟော့-- ကိုဝင်းကိုကို --'

ကိုစောထူးသည် ကျားသုတေသနလုပ်နေသည်ဟုပြောသည်။ သူနှင့်ကျွန်တော်တို့သည် ယခုအကြိမ်နှင့်ဆိုပါက တတိယအကြိမ် ပြန်လည်ဆုံဆည်းခဲ့ရခြင်းဖြစ်သည်။ လွန်ခဲ့သည့်(၇)နှစ်က ဆုံခဲ့ဖူးသူ၊ မိကျောင်းဖမ်းခဲ့စဉ်က(၂)ကြိမ်။ ယခုအခါနှင့်တွက်သော်(၃)ကြိမ်။ အလုပ်လာလျှောက်တာဟု ကျွန်တော်ကပြောရာ သူကwelcome ပါလို့ပြန်ပြောသည်။ ခဏတဖြုတ်သာသူစကားပြောသည်။ သူသည် ဆရာဦးစောထွန်းခိုင်နှင့်ကျွန်တော် လွတ်လွတ်လပ်လပ်စကားပြောရန်အတွက် အလိုက်တသိ အခန်းထဲမှ ပြန်ထွက်သွားသည်ဟု ထင်မှတ်ရပါသည်။

'ဘယ်လိုအဆင့်နဲ့အလုပ်ထွက်ခဲ့တာလဲ အရာရှိ'

'မွေးမှူးကြီး-- Senior Biologist အဆင့်ပါ အရာရှိဖြစ်မယ့်ဇာတာမပါလောက်ဘူးဆရာ-သေရာပါမယ့် အရာတွေကတော့အများကြီးခြေထောက်နဲ့လက်မောင်းတွေမှာ ဆယ့်နှစ်ချက်ချုပ်ထားရပါတယ်--ဟဲ--ဟဲ-'

ဆရာနှင့်ကျွန်တော် စကားဆက်ပြောဖြစ်ကြသည်။ Herpetology Majorနှင့်ရခဲ့သူ၊ သုတေသနလုပ်ငန်းအတွေ့အကြုံများစွာ ရှိသူတစ်ယောက်ဖြစ်၍ လိပ်သုတေသနလုပ်ငန်းလုပ်ရန် ဆရာကတိုက်တွန်းပါသည်။ လိပ်များမျိုးသုဉ်းမည့် အခြေအနေတွင်ရှိနေသဖြင့် အဆိုပါသုတေသနလုပ်ငန်းအတွက် WCS မှ အထောက်အပံ့ပေးနိုင်ကြောင်းနှင့် UNDP ၌အလုပ်လျှောက်ထားမည့် အစီအစဉ်ကိုလည်း ဖျက်ရန်တိုက်တွန်းသည်။ ဆရာဦးစောထွန်းခိုင်သည် မြေပြင်အခြေအနေကို ကွင်းဆင်းလေ့လာခဲ့သော တောရိုင်းတိရစ္ဆာန်နှင့် အစိတ်အပိုင်းဓါတ်ပုံများ(မန္တလေး-မူဆယ်-ရွှေလီခရီးစဉ်)များပြ၍ ပြောပြသည်၊ ရှင်းပြသည်။ တရုတ်ပြည်ပို့နေသော မြန်မာလိပ်များအခြေအနေကိုသိရသည်။ တရုတ်ပြည်ပို့နေသော တောရိုင်းတိရစ္ဆာန်နှင့် တိရစ္ဆာန်အစိတ်အပိုင်း ဈေးကွက်တစ်ထောက်နားရာစခန်းမှာ ပုလိပ်မြို့ဖြစ်ကြောင်းသိရသည်။ လိပ်သုတေသနလုပ်ရန် ဆရာပြောနေစဉ် ကျွန်တော်သတိရလိုက်သည်က ဒေါက်တာဉာဏ်တောနှင့် သုတေသန (သာကေတ)အဖွဲ့၊ကိုခင်ကိုလေး၊ကိုဌေးဝင်း--တို့ဖြစ်ပါသည်။ သူတို့တစ်တွေသည် ၁၉၈၀-၈၄ ခုနှစ်လောက်က လိပ်၊ဖါးသုတေသန လုပ်ခဲ့သူတွေဖြစ်ပါသည်။ ဆက်လက်ပြီး WCS သို့မလာမီ တစ်ပတ်လောက်က လှိုင်သာယာမြို့၊ ယိုးကြီး၊ ယိုးလေးရပ်ကွက်မှ မိုးချုပ်ချုပ်ပြန်လာစဉ် မြေနီလမ်းပေါ်တွင် စင်းချောလိပ်တစ်ကောင်တွေ့ခဲ့သည်။ ကျွန်တော့်စိတ်ထဲက မင်းတော့ဒုက္ခရောက်တော့မှာဘဲဟု ပြောပြောဆိုဆိုလက်နှစ်ဘက်ဖြင့် လိပ်ကျောဖက်ပိုင်းအားဖမ်းကာ မလှမ်းမကမ်းမှ ရေအိုင်ထဲသို့ပစ်ချခဲ့လိုက်သည့် မကြာသေးမီက အဖြစ်အပျက်ကိုလည်း သတိရမိသည်။ အဆိုပါဖြစ်ရပ်က အတိတ်ကောင်းနိမိတ်ကောင်းဖြစ်မည့်သဘောဖြစ်လေမလား။

မျိုးသုဉ်းရန်အခြေအနေရှိနေသည့် မြန်မာ့ဌာနေဖွားမြန်မာ့ကြယ်လိပ် Burmese Star Tortoise: *Geochelone platynota* ၏လက်ရှိအခြေအနေကို အဓိက သုတေသနပြုရန်နှင့် အခြားလိပ်များကိုလည်း ကွဲကူးရေပါ သုတေသနပြုရန် တာဝန်ပေးသည်။ ကျွန်တော် ဝမ်းသာအားရလက်ခံခဲ့သည်။ ကျွန်တော့်ရည်ရွယ်ချက်မှာ ကြယ်လိပ်အထီး၊ အမအစုံလိုက်ဝယ်ကာ သုတေသနလုပ်မည်၊ အကောင်ပေါက်အောင် ကြိုးစားရန်ဖြစ်သည်။ ကျွန်တော်သည် မိကျောင်းမွေးမြူရေးတွင် (၁၄)နှစ်လုံးလုံး သားပေါက်လုပ်ငန်းလုပ်ကိုင်ခဲ့သကဲ့သို့ ငါးမွေးမြူရေးများကိုလည်း လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိသည်ကတစ်ကြောင်း၊ သုတေသနအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တွင်ရှိနေသဖြင့် သုတေသနသန္ဓေရှိနေသည်ဟု ဆိုနိုင်မည်လားမသိပေ။

လက်ရှိအခြေနေမှာလွန်ခဲ့သော ၈ နှစ် ၉ နှစ်က တာဝန်နှင့် ဝတ္တရားအရ သစ်တောဦးစီးဌာန၊ လှော်ကားဥယျာဉ်တွင် ကန်ငယ်မှ ကန်ကျယ်သို့ခြံစည်းရိုးကို အမြီး

ထောက်ကာ ၂ကြိမ်လွတ်ထွက်သွားသော ကန်ပူးချား မိကျောင်းတစ်ကောင် ပြန်လည်ဖမ်းမိရေးကိစ္စတွင် ဦးဆောင်ဖမ်းခဲ့သည့်လုပ်ရပ်က ကျွန်တော့်ကိုပြန်လည် အကျိုးပြုနေပြီဖြစ်သည်ဟု စိတ်တွင်ခံစားရသည်။ ဆရာ မိတ်ဆက်ပေးသဖြင့် ဒုတိယအကြီးအကဲဖြစ်သူ ဆရာ ဦးသန်းမြင့်နှင့်မိတ်ဆက်ပေးရာတွင် –

'ကိုသန်းမြင့်သူက ကိုဝင်းကိုကို့ မိကျောင်းမှာ လုပ်သက်အများကြီး ထမ်းဆောင်ခဲ့တာ လော့်ကား ဥယျာဉ်ကို အများကြီးအကူအညီပေးခဲ့သူပါ––မိကျောင်း လွတ်သွားတိုင်း––သူဦးဆောင်ပြီးဖမ်းပေးခဲ့တာ' ဟု ပြောသည်။ ဒုတိယအကြီးအကဲဖြစ်သူ––ဦးသန်းမြင့်က လက်ကမ်းပေးသည်။ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ပါသည်။

'ကျွန်တော်တို့––သူ့ကို ဘယ်လိုအကူအညီ ပေးနိုင်မလဲဆိုတာ ပြောပါဦး––ကိုသန်းမြင့်..'

'ဂွါန်တီနဲ့စတီဗ်တို့ခရီးစဉ်မှာ ကျန်နေသေးတဲ့ ဘတ်ဂျက်တော့ရှိနေပါသေးတယ်'ဟု ဦးသန်းမြင့်ဖြေသည်။

ကျွန်တော့်ကို ဖုန်းလက်ခံနားထောင်ခဲ့သော ရုံးမန်နေဂျာ အမျိုးသမီးနှင့် ဆရာက မိတ်ဆက်ပေးသည်။ ဒေါ်ဘေဘီယာနာချစ်။ နောက်နေ့များတွင် ကိုသာညို၊ ကိုကြည်ရွှင်တို့နှင့်လည်း စတင်ခင်မင်ခဲ့ရသည်။ ထိုစဉ်က ရုံးရှိလူအင်အားမှာ(၆)ဦး၊(၇)ဦးထက်ပင်မပိုချေ။ WCS Myanmar Program ကို ၁၉၉၃ခုနှစ်မှစတင်၍ သစ်တောဦးစီးနှင့် နားလည်မှုစာချွန်လွှာ (MOU)လက်မှတ်ရေးထိုးလျက် ခါကာဘိုရာဇီလေ့လာရေး၊ ကျားသုတေသလေ့လာရေး၊ လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း၊ပထမအကြိမ်(၅)နှစ် သက်တန်း(MOU)ထိုးပြီးဟုသိရသည်။ ထိုစဉ်က MOU ဆိုသည်ကို လက်မထပ်ဘဲ နှစ်ဦးသဘောတူနားလည်မှုဖြင့် ပေါင်းသင်းဆက်ဆံခြင်း (Living Together)ဟုသာအကြမ်းဖျင်း ကျွန်တော်သိထားသည့်အချိန်ဖြစ်သည်။ ထိုအချိန်က လက်ရှိတိုင်းပြည်၏ နိုင်ငံရေး အကျပ်အတည်းကာလတွင် ယခုကဲ့သို့သော ပြည်တွင်းတွင် အစိုးရမဟုတ်သည့် အမေရိကန်နိုင်ငံ ကျောထောက်နောက်ခံ (INGO)အဖွဲ့အစည်းတစ်ခုနှင့် အတူတွဲအလုပ်လုပ်ရန်ဆိုသည်မှာ အတော့်ကိုမလွယ်ကူလှသည့်ဆောင်ရွက်မှုဖြစ်သည်။

နေ့စဉ်လိုလို ကျွန်တော် WCS စာဖတ်ခန်းမှ သုတေသနစာတမ်းများ၊ DR.John Thorbjarnarson လှူခဲ့သည့် Turtle Of The World...Peter Paul Vandijik ရေးသည့် လေ့လာရေးခရီး အစီရင်ခံစာများ၊ သုတေသနမှထုတ်ဝေသည့် စာစောင်များက တော်တော်အထောက်အကူရပါသည်။ လမ်းညွှန်မြေပုံစာအုပ်များ သဖွယ်ဖြစ်ခဲ့ပါသည်။ ထိုစဉ်က လိပ်နှင့်ပတ်သက်ပြီး စာအုပ်များများမရှိ။ ကျွန်တော်က အမေရိကန်နိုင်ငံမှ ၁၉၉၉ခုနှစ်ထုတ်၊ Chelonian သုတေသနစာတမ်းတွင် Arakan Forest Turtle; *Geoemyda depressa* (သုတေသနစာစောင်တွင်ဖော်ပြထားသည့် ယခင်သိပ္ပံအမည်တိုင်း ဖော်ပြအပ်ပါသည်)အခြေအနေကို လုံးဝမသိရှိရတော့ကြောင်း၊ အခွံ(၂)ခုကို ဂျာမဏီနိုင်ငံပြတိုက်တွင် ပြသထားကြောင်း၊ ဖော်ထုတ်ရန်လိုအပ်ကြောင်း ဖတ်ရသည်။ သို့ဖြစ်၍အဆိုပါ မြန်မာ့ဌာနေဖွား Arakan Forest Turtle နှင့်Burmese Star Tortoise တို့ပျံ့နှံ့ကျက်စားရာ မကွေးတိုင်းနှင့်ရခိုင်ပြည်နယ် လိပ်သုတေသနလုပ်ရန် သားငှက်ထိန်းသိမ်းရေးဌာနသို့ ခန့်မှန်းကုန်ကျစရိတ်ကို တင်ပြခဲ့ပါသည်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)မှ ခွင့်ပြုချက်ရခဲ့ပါသဖြင့် ကျွန်တော်ဆောင်ရွက်ခွင့်ရခဲ့သည်။

တစ်ရက် WCS စာကြည့်ခန်းတွင် ကြိုးကြာငှက် သုတေသနလုပ်နေသော မတင်နွယ်လတ်နှင့် စကားလက်ဆုံကြသောအခါ ကြယ်လိပ်တွေမြင်လိုသော် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ သဘာဝသမိုင်းပြတိုက်သို့ သွားကြည့်ရန်ပြောသည်။ နောက်တစ်နေ့သွားခဲ့သည်။ မှန်ဘီဒိုအတွင်း လိပ်အခွံများကို မိကျောင်းရုပ်လုံးသွင်းများနှင့်အတူတွေ့ခဲ့ရသည်။ ယင်းအခွံများကို ဟိုယခင်ကတည်းက တွေ့ခဲ့သော်လည်း ကြယ်လိပ်အခွံမှန်း မသိခဲ့ရိုးအမှန်ပင်ဖြစ်သည်။ ပြတိုက်တာဝန်ခံဦးစိုးနိုင်၊ရုပ်လုံးသွင်းပညာရှင် ကိုဘော်သန်းတို့မှာရင်းနှီးခဲ့သည်မှာ အလွန်ခင်မင်ရင်းနှီးသူ၊မိတ်ဟောင်းများဖြစ်သဖြင့် သူတို့ခွင့်ပြုချက်ဖြင့် လိပ်ခွံများကို အပြင်ထုတ်ကာ Olympus Camera(ဖလင်)ဖြင့် မှတ်တမ်းတင်ခွင့်ရသည်။ ယခုမှသာလျှင် ကြယ်လိပ်ခွံအချို့အား ပထမဦးမြင်တွေ့ခဲ့ခြင်းဖြစ်သည်။ ကွင်းဆင်းသုတေသန လုပ်ငန်းအတွက် များစွာအထောက်အကူရခဲ့သော ဓာတ်ပုံမှတ်တမ်းများပင်ဖြစ်သည်။ ဖလင်မှ ကြယ်လိပ်အခွံဓါတ်ပုံများကိုပုံကူးကာ ကင်မရာတစ်လုံး၊ ပထဝီဝင်အချက်အလက်မှတ်သားသည့် GPSတစ်လုံး၊ ပေကြိုးတစ်ခွေ (အပ်ချုပ်ဆိုင်သုံး)ဖြင့် မျက်မြင်မြေပေါ်အခြေအနေ သုတေသနခရီး စတင်ခဲ့သည်။ ရည်ရွယ်ချက်(၃)ချက်ကို ရင်ဝယ်ပိုက်ခဲ့ပါသည်။

(၁) မြန်မာ့ဌာနေဖွားလိပ်များဖြစ်သည့် ကြယ်လိပ် Burmese Star Tortoise; *Geochelone platynotan* နှင့် Arrakan Forest Turtle; *Geoemyda depressa* တို့၏ လက်ရှိအခြေအနေကိုသိရှိရန်၊(၂) ရေချိုနေလိပ်များ (ရေလိပ်+ကုန်းလိပ်)များကို ကာကွယ်စောင့်ရှောက်ရန်၊ (၃)(ဖြစ်နိုင်ပါက) ရေချိုနေလိပ်များကို စုဆောင်းရန်နှင့် သားဖေါက်ပြီး ဘေးမဲ့တောများသို့ ပြန်လည်လွှတ်ပေးရန် တို့ဖြစ်သည်။ ခရီးအစမှာ ၁၉၉၉ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ မြန်မာ့အတာနှစ်ကူး သင်္ကြန်အလွန်တွင်ဖြစ်သည်။

ဆက်လက်ဖော်ပြပေးပါမည်



# ဟဲ -- ဟဲ -- ဒါလေးများ --(၁၂)

သီရိတင် (သစ်တော)

## """"မင်္ဂလာပါမြေးလေးရေ"""" -



ပြီးခဲ့တဲ့ တနင်္ဂနွေအားလပ်ရက်မှာ ''မြေးငယ်''နဲ့ဖိုးဖိုးတွေ့တော့ ''မြေးငယ်''ကမေးတယ်။ ''မြေးငယ်''တို့ မြန်မာနိုင်ငံမှာ အရှည်ဆုံးမြစ်က''ဧရာဝတီ''နော် ''ကမ္ဘာ''မှာကော အရှည်ဆုံးမြစ်က ဘယ်မြစ်လဲ? ဘယ်မှာရှိတာလဲ?--လို့မေးတော့ ''ဖိုးဖိုး''က ကမ္ဘာ့အရှည်ဆုံးမြစ်က'နိုင်း'မြစ်ပေါ့၊ ''အာဖရိကတိုက်''မှာရှိတယ်လို့ပဲပြောနိုင်ခဲ့တယ်။ ခုမှဟိုရှာ၊ဒီရှာနဲ့ အဖြေကိုတိတိကျကျပြောနိုင်ပါတော့တယ်။ အဲဒီကမ္ဘာ့အရှည်ဆုံးမြစ်''နိုင်း''မြစ်က အာဖရိကတိုက်မှာရှိပြီး ၄၁၆၀မိုင်ရှည်တယ်။ ဒုတိယ''တောင်အမေရိကတိုက်''မှာရှိတဲ့ ''အမေဇုန်''မြစ် ၃၉၈၀ မိုင်ရှည်တယ်။ တတိယက ''အာရှတိုက်''မှာရှိတဲ့ ''ယန်စီ''မြစ် ၃၉၁၀ မိုင်ရှည်တယ်။ စတုတ္ထက''မြောက်အမေရိကတိုက်''မှာရှိတဲ့ ''မစ္စစ္စပီမြစ်'' ၃၇၄၀မိုင်ရှည်တယ်။ အဲ- အဲဒီမြစ်တွေအကြောင်းပြောတဲ့အခါ ဟိုး---ငယ်ငယ်ကကြားဖူးတဲ့ ''မြစ်''ပုံပြင်လေးတစ်ပုဒ်ကို သတိရမိသွားတယ်။ အဲဒီမြစ်အကြောင်းပြောပြချင်တယ်။ ''ဒဏ္ဍာရီ''ပေါ့။ အဲဒီမြစ်နာမည်က ''တိုက်ဂရစ်မြစ်''(Tigris River) တဲ့။

''ဟိုးရှေးရှေးတုန်းက အင်မတန်ချောမောလှပတဲ့မင်းသမီးလေးတစ်ပါးဟာ ရံရွေတော်တွေနဲ့ကွဲပြီး မျက်စိလည်လမ်းမှားကာမြစ်ကြီးတစ်စင်းဘေးကိုရောက်သွားသတဲ့၊ မြစ်ကလဲ အကျယ်ကြီး၊ ရေစီးကလည်းသန်ဆိုတော့ သူဖြတ်မကူးရဲဘူးတဲ့။ အချိန်ကလဲညနေစောင်း၊ နေဝင်တော့မှာမို့--- သူရဲ့တိုင်းပြည်ကို မပြန်နိုင်တော့ဘူးဆိုပြီး၊ ကြောက်ကလဲကြောက်၊ စိတ်ညစ်ညစ်နဲ့ မြစ်ဘေးမှာ ထိုင်ငိုနေသတဲ့။ အဲဒီအချိန်မှာ ကျားကြီးတစ်ကောင်ဟာ သူ့ဘေးကို ရောက်လာပြီးတော့။ မင်းသမီးလေးကိုကြည့်လိုက်၊ မင်းသမီးလေးရဲ့လက်မောင်းကို သူ့ဦးခေါင်းကြီးနဲ့ပွတ်လိုက်နဲ့ မင်းသမီးလေးကလဲ၊ ကျားကြီးရဲ့ခေါင်းကို သူ့လက်ကလေးနဲ့ပွတ်သပ်လိုက်နဲ့ပါးစပ်ကလဲ အိမ်မပြန်နိုင်တဲ့အကြောင်းတွေ၊ သူ့ဖြစ်အင်တွေကို တရှုံ့ရှုံ့ငိုကြွေးရင်းပြောပြနေတယ်။ ကျားကြီးကမင်းသမီးလေးရဲ့ ရှေ့မှောက်ခြေလက်ဆန့်ထုတ်။ ခန္ဓာကိုယ်ကို ကိုင်းညွတ်ပြီးခေါင်းငုံ့လျှိုးပေးလိုက်တယ်။ သူ့ရဲ့အမြီးကိုလဲ ဘယ်ဘက်ပို့လိုက်၊ ညာဘက်ပို့လိုက်နဲ့၊ ဘယ်ညာလှုပ်ယမ်းနေပြီး၊ မင်းသမီးလေး သူ့ကျောပေါ်တက်လာအောင် အမူအရာအပြုအမူတွေလုပ်ပြနေတယ်။ အဲ- မင်းသမီးလေးလဲ သူ့ကျောပေါ်တက်လိုက်ရော၊ ကျားကြီးက သူ့ခန္ဓာကိုယ်ဆန့်ထုတ်မတ်တပ်ရပ်လိုက်ပြီး၊ အလွန်ရေစီးကြမ်းတဲ့မြစ်ကြီးကို တစ်ဟုန်ထိုးဖြတ်ကူးသွားပါတယ်။ ကျားကြီးက အင်မတန်ရေကူးကျွမ်းကျင်တော့ မကြာခင်မှာပဲ မြစ်တစ်ဖက်ကမ်းကို ရောက်သွားတယ်။ မင်းသမီးလေးက ဝမ်းသာအားရနဲ့ ကျားကြီးကို ကျေးဇူးတင်တဲ့အကြောင်းပြောပြီး၊ လာရာလမ်းတစ်လျှောက်ကို ပြန်ကြည့်လိုက်တယ်။ ကြီးမားတဲ့ကျားခြေရာကြီးတွေမှာ ပန်းပင်တွေပေါက်ပြီး၊ ပန်းပွင့်လှလှလေးတွေ ဝေဝေဆာဆာပွင့်နေတာကိုတွေ့ရတယ်။ မင်းသမီးလေးက တအံ့တသြနဲ့ မျက်လုံးပြူးပြီး ငေးကြည့်နေတုံးမှာပဲ၊ ကျားကြီးက ခုန်ပေါက်ပြီး လာရာလမ်းကိုပြန်သွားပါတယ်။ မင်းသမီးလေးကကျားကြီးကို တကြော်ကြော်နဲ့ အော်ဟစ်ခေါ်ပေမဲ့၊ ကျားကြီးကပြန်လှည့်မလာတော့ပါဘူး။ မြစ်ကိုဖြတ်ကူးသွားပါတော့တယ်။ မင်းသမီးလေးက သူ့တိုင်းပြည်ပြန်ရောက်တော့ သူ့ရဲ့မိဘနှစ်ပါးကို ဒီအဖြစ်အပျက်ပြန်ပြောပြတယ်။ မင်းသမီးလေးရဲ့အဖေအရှင်ဘုရင်ကြီးက သူ့သမီးလေးကို ကယ်တင်ခဲ့တဲ့ကျားကြီးကို ကျေးဇူးတင်ဂုဏ်ပြုတဲ့အနေနဲ့ အဲဒီမြစ်ကြီးကို ''တိုက်ဂရစ်မြစ်'' (Tigris River) လို့အမည်ပေးလိုက်ပါတယ်။ { မြေးလေးသိတဲ့အတိုင်း ''ကျား''မျိုးစိတ်တွေရဲ့သိပ္ပံနာမည်မှာ (Tigris) ဆိုတာပါတယ်လေ။} မြန်မာလိုတော့ ''ကျားမြစ်''ပေါ့ ''ဒဏ္ဍာရီ''ဆိုပေမဲ့ အဲဒီကျားမြစ်(Tigris River)ဟာအခု တူရကီနိုင်ငံမှာရှိပြီး မိုင်ပေါင်း ၁၀၉၀ခန့် (၁၇၅၀ ကီလိုမီတာ) ရှည်ပါတယ်။ တူရကီနိုင်ငံအရှေ့ပိုင်း တောရပ်(Taurus) တောင်တန်းကနေ စတင်မြစ်ဖျားခံပြီး၊ ''တူရကီ''' နဲ့ ''ဆီးရီးယား'' နိုင်ငံအကြားနယ်နိမိတ်တစ်လျှောက် ရေအလျဉ်တသွင်သွင် မြစ်ကမ်းပါးတစ်လျှောက်မှာနေထိုင်ကြတဲ့ တိုင်းသူပြည်သားတွေကို အလုပ်အကျွေးပြုကူညီလျှက်ရှိပါတယ်။ ကဲ --- အဲဒီတော့ Wildlife ကျားကို ကျေးဇူးတင်တဲ့အနေနဲ့ -- ဒီတစ်ပတ်မှာ''ကျား''ဗဟုသုတလေးတွေကို ဆွေးနွေးကြရအောင်နော်။

''မြေးလေးတို့အားလုံးဘေးရန်ကင်းကွာစိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝကြပါစေ''

ချစ်တဲ့ -------------

ဖိုးဖိုး

# ဟဲ - ဟဲ - ဒါလေးများ--(၁၂) မေးခွန်းများ

အောက်ဖော်ပြပါ ကွက်လပ်များကိုဖြည့်ပါ။အမှန်ရွေးချယ်ပါ။
(ကွက်လပ်တစ်ခုမှန်လျှင် (၄)မှတ်ရပြီး ကွက်လပ်ပေါင်း(၂၅)ခုအတွက် စုစုပေါင်းအမှတ်(၁၀၀)ဖြစ်ပါသည်။)

၁။ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကျားနေ့ (International Tiger Day) မှာ ''၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်''နေ့ ဖြစ်ပြီးဆောင်ပုဒ်မှာ ''ကျားမျိုးစိတ်များ၊ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး (က)။

၂။ ကမ္ဘာပေါ်ရှိ နိုင်ငံ (၁၃)နိုင်ငံတွင် ကျားသတ္တဝါများ ကျန်ရှိနေပါသေးသည်။ ထိုနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ (က) ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ (ခ) ၊ နီပေါ၊ ထိုင်း၊ ဗီယက်နမ်နှင့် (ဂ) တို့ဖြစ်ကြပါသည်။

၃။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၏ အနောက်ဖက်ဒေသများတွင် (က) ကျားမျိုးစိတ် Bengal Tiger (*Penthra tigris* tigs) နှင့်ဧရာဝတီမြစ်၏အရှေ့ဖက်ဒေသများတွင် (ခ)ကျားမျိုးစိတ် Indo-Chinese Tiger (*Penthra tigris* Corbetti)တို့ ကျက်စားလျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံတွင် မျိုးသုဉ်းမည့် အန္တရာယ်မှကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို (က) ခုနှစ်တွင်၊ အမိန့်ကြော်ငြာစာအမှတ် – ၈၅၃/၉၄ ဖြင့် ညွှန်ကြားချက် ထုတ်ပြန်ကြေညာခဲ့သည်။

၅။ မြန်မာနိုင်ငံတွင် ''ကျားမျိုးစိတ်''ကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အဖြစ် (Critically Endangered) အဖြစ် သတ်မှတ်ကာကွယ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းမှုအဆင့်မှာ IUCN (က) နှင့် CITIES = (ခ) ဖြစ်သည်။

၆။ ၂၀၁၀ခုနှစ်၊မေလ(၂၇)ရက်နေ့တွင် မြန်မာနိုင်ငံတွင် ဧရိယာ ၁၅၇၄၄၀၀ ဧကရှိသော (က) ကျားထိန်းသိမ်းရေးနယ်မြေ (Tiger Reserve) ကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့်၊ ကမ္ဘာ့ (ခ) သဘာဝကျားထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်လာပါသည်။

၇။ ယခုလက်ရှိအခြေအနေတွင် အိန္ဒိယ၊ ရုရှားနှင့် ဘူတန်(၃)နိုင်ငံတွင် ကျားအကောင်ရေ (က) လျော့နည်း/တိုးပွားလာခဲ့သော်လည်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများတွင် (ခ) မျိုးပွားလာ/ မျိုးသုဉ်းသွားသည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။

၈။ မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေးလုပ်ငန်းဟောပြောပွဲများကို။ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း ဧရိယာရှိ (က) မြို့နယ်၊ ကလိန်အောင် ကျေးရွာတွင်လည်းကောင်း၊ (ခ) မြို့နယ်၊ ထမံသီရှေ့တန်းစခန်း ရှင်းလင်းဆောင်တွင်လည်းကောင်း၊ (ဂ) မြို့နယ်၊ လမုန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း ကျင်းပခဲ့ပါသည်။

၉။ ကျားနှင့် ကျား၏အစိတ်ပိုင်းတို့ကို တရားမဝင်ကူးသန်းရောင်းဝယ်မှုအား ပုဒ်မ၃၇(က)ဖြင့်၊ ထောင်ဒဏ် (က) နှစ်အထိဖြစ်စေ၊ ငွေဒဏ် (ခ) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်ပါသည်။

၁၀။ ကျားမျိုးစိတ်(၈)မျိုးရှိရာ ၎င်းတို့မှာ – ဆူမားတြားကျားမျိုးစိတ်၊ အင်ဒိုချိုင်းနားကျားမျိုးစိတ်၊ တောင်တရုတ်ကျားမျိုးစိတ်၊ ဆိုက်ဗေးရီးယားကျားမျိုးစိတ်၊ ဘင်္ဂလားကျားမျိုးစိတ်၊ ဘာလီကျားမျိုးစိတ်၊ ကက်စပီယန်ကျားမျိုးစိတ်နှင့် ဂျာဗားကျားမျိုးစိတ်တို့ဖြစ်ပြီး ယခုအခါကျားမျိုးစိတ်(၃)မျိုးမှာ လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။ ၎င်းတို့မှာ (က) ၊ (ခ) ၊ (ဂ) တို့ဖြစ်ပါသည်။

၁၁။ ဒေါက်တာ အူးလတ်စ်ကာရန့်သည် ကမ္ဘာ့ကျားကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ပြီး (က) နိုင်ငံတွင် ကျားများကို လေ့လာခဲ့သည်။

၁၂။ ကျားများရှားပါးလာခြင်းသည် ကျား ကျက်စားရာတောများပျက်စီးခြင်း၊ ကျက်စားရာဒေသဖျက်ဆီးခံရခြင်းနှင့် အဓိက အကြောင်းအရင်းမှာ (က) ကြောင့် ဖြစ်ပါသည်။

၁၃။ တာတိုအပြေးသမားတစ်ယောက်သည် တစ်နာရီမှာ ကီလိုမီတာ ၄၀နှုန်း ပြေးနိုင်စွမ်းရှိပါသည်။ အမြန်ဆုံး ပြေးနိုင်သော အိမ်မွေးကြောင်သည် တစ်နာရီမှာ ကီလိုမီတာ ၅၀နှုန်း ပြေးနိုင်စွမ်းရှိပါသည်။ ''ကျား'' တစ်ကောင်သည် တစ်နာရီမှာ (က) ကီလိုမီတာနှုန်းဖြင့် တစ်ဟုန်ထိုးပြေးနိုင်ပါသည်။

၁၄။ ကျားသည် ရေမကူးတတ်ပါ/ (က) ရေကူးအလွန်လျင်မြန်သည်။

## ကာတွန်းကဏ္ဍ
















အော်ပီကျယ်

# ကျွန်းစိုက်ခင်းများတွင် ရင်ဆိုင်ကြုံတွေ့လာနိုင်မည့် အမြစ်ပုပ်ရောဂါ (Basal Root Rot Disease)

ခင်မာမြင့်
လက်ထောက်သုတေသနအရာရှိ

ဤဆောင်းပါး ရေးသားဖော်ပြရခြင်းမှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်းက ဦးဇော်ဝင်းမြင့်၊ ညွှန်ကြားရေးမှူး(သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)၊ ယခု (သစ်တောဦးစီးဌာန၊ ရေဝေရေလဲဌာန)က တယ်လီဖုန်းဖြင့် ကျွန်းပင်(၅)ပင် အစုလိုက်သေသည့်ကိစ္စနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းစဉ် စာရေးသူကလည်း သေနေသည့် အပင်များ၏ လက္ခဏာရပ်များကို ပြန်လည်မေးမြန်းခဲ့ရာ ဆရာပြောပြသည့် လက္ခဏာရပ်များသည် အမြစ်ပုပ်ရောဂါလက္ခဏာများဖြစ်၍ အောက်ဖော်ပြပါအတိုင်း နှိမ်နင်းနည်းစနစ်များကို ဖြေကြားပေးခဲ့ပါသည်။

မြန်မာနိုင်ငံ ကျွန်းစိုက်ခင်းများတွင် အမြစ်ပုပ်ရောဂါရင်ဆိုင်နေရပြီဖြစ်၍ သစ်မျိုးသန့်ပြန့်ပွားရေး သင်တန်းများတွင်လည်း ထည့်သွင်းသင်ကြားပါသည်။ မိမိတို့၏ ကျွန်းစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးစဉ် အမြစ်ပုပ်ရောဂါဟု သံသယဖြစ်ဖွယ်သေပင်များတွေ့ရှိပါက နှိမ်နင်းခြင်းလုပ်ငန်း လက်ဦးမှုရယူပြီး ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Basal Root Rot, a new Disease of Teak (*Tectona grandis*)caused by *Phellinus noxius* စာတမ်းမှ ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

*Phellinus noxius* မှိုကြောင့်ဖြစ်သော အမြစ်ပုပ်ရောဂါမှာ အပင်တစ်ပင်လုံးရှိ အရွက်များဝါလာခြင်း၊ အားနည်းပြီးတွန့်လိမ်လာခြင်း၊ အမြစ်အဖွဲ့အစည်း၏ မျက်နှာပြင်တစ်လျှောက်၌ အဖြူရောင်ရိုင်ဇုမ်း (Rhizomorph) များဖြင့် ဖုံးအုပ်ထားသည့်နောက် အပင်သေသည့် လက္ခဏာပေါ်လာသည်။

အမြစ်ပုပ်ရောဂါကို *Fomes noxius* မှိုကြောင့်လည်းဖြစ်စေပါသည်။ *Fomes noxius* မှိုကြောင့်ဖြစ်သည့် အမြစ်ပုပ်လက္ခဏာနှင့် မျိုးစိတ်သစ် *Phellinus noxius* မှိုရောဂါလက္ခဏာမှာ တစ်ထပ်တည်းတူညီသည်။ *Phellinus noxius* မှိုရောဂါသည်လည်း ရောဂါဝင်ရောက်ပြီးသည်နှင့် တဖြေးဖြေးရောဂါတိုးပွားလာကာ အပင်သေစေပါသည်။ (Mohd Farid et al. 2005)

## အမြစ်ပုပ်ရောဂါကျရောက်ကြောင်း သိရှိနိုင်သည့်လက္ခဏာ

အမြစ်ပုပ်ရောဂါ ဝင်ရောက်ခံရသည့် အစောဆုံးအဆင့်တွင် အပင်မှာ ကျန်းမာသည့်အပင်နှင့် ခွဲခြားရန်ခက်ခဲပြီး အမြစ်ရောဂါတိုးပွားလာချိန်တွင် အရွက်များဝါလာခြင်း၊ အားနည်းလာပြီးကြွေကျခြင်း၊ root collar ပိုင်း ညိုမဲရောင်ပြောင်းလာခြင်း၊ root collar ပိုင်းမှ ပင်စည်ပိုင်းသို့ ရောဂါတိုးပွားလာသည်နှင့် အပင်သေနေပြီးဖြစ်ပါသည်။



အမြစ်ပုပ်ရောဂါတိုးပွားလာသည့်လက္ခဏာကြောင့် အရွက်များကြွေပြီး open gapsဖြစ်နေပုံ



ပုပ်ဆွေးနေသော Root collar ပိုင်းမှ ပင်စည်ပိုင်းသို့ ရောဂါတိုးပွားလာပုံ



ပုပ်ဆွေးပြီး အမျှင်များဖြစ်နေသည့် အမြစ်အဖွဲ့အစည်း

မြေပြင်အထက် အမြစ်အပေါ်ပိုင်း (ပင်စည်၊ အကိုင်း၊ အရွက်စသည့်)တို့တွင်ဖြစ်သည့် ရောဂါလက္ခဏာများသည် ရောဂါတိုးလာသည်နှင့် လက္ခဏာများမှာလည်း တဖြည်းဖြည်းတိုး၍ ပေါ်လာတတ်ရာ မြင်သာနိုင်၍ ကုစားချိန်ရသော်လည်း အမြစ်ပုပ်ရောဂါစတင်ဝင်စဉ် အပင်၏လက္ခဏာမှာအစောပိုင်းတွင် ကျန်းမာသည့်အပင်နှင့်မခွဲခြားနိုင်ပေ၊ စတင်ရောဂါကျရောက်သည့်အမြစ်မှာ တဖြည်းဖြည်းနှင့်ပုပ်ဆွေးသွားကာ ယင်းမှတစ်ဆင့် အခြားဘေးမြစ်များနှင့် ရေသောက်မြစ်ဆီသို့ ရောဂါပြန့်ပွားသွားမည်ဖြစ်သည်။ အပင်၏ အမြစ်အဖွဲ့အစည်းအားလုံး ရောဂါပြန့်ပွားသွားသည်နှင့် Root collarပိုင်းမှ ပင်စည်ပိုင်းသို့ ရောဂါတိုးပွားလာစဉ် အပင်မှာလည်း သေနေပြီဖြစ်သည်။

ထို့ကြောင့် *Phellinus noxius* မှိုကြောင့်ဖြစ်သော အမြစ်ပုပ်ရောဂါမှာ မြေပေါ်ပိုင်းပင်စည်တွင် ရောဂါလက္ခဏာပေါ်လာသည့်အချိန်၌ကုစားရန် လုံးဝနောက်ကျသွားပြီဖြစ်၍ အရေးကြီးသည့် ရောဂါဖြစ်လာနိုင်ပါသည်။ အကြောင်းမှာ ကျန်းမာသည့် မည်သည့်အပင်အရွယ်အစားဖြစ်ပါစေ အမြစ်ပုပ်ရောဂါကျရောက်ပြီဆိုပါက အပင်သေစေသောကြောင့် ဖြစ်ပါသည်။ အပင်ငယ်များတွင် လက္ခဏာပြသည်နှင့် (၃)ရက် သို့မဟုတ် (၄)ရက်ခန့်အတွင်းသေစေနိုင်ပါသည်။

**ကာကွယ်တားဆီးနည်း**

(က) သေပင်များကို ကျင်းတူးဖယ်ရှားခြင်း၊ အမြစ်ကျဉ်းနေရာကို မှိုသတ်ဆေးတစ်မျိုး(fungicide) ရွှဲရွှဲစိုအောင်လောင်းထည့်ပြီး မြေပြန်ဖုံးပေးခြင်း၊ ပျက်ဆီးနေသော အမြစ်ဆွေးများပေါ်တွင်လည်း မှိုသတ်ဆေးများ လောင်းပေးခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊

(ခ) ရောဂါကျရောက်ခြင်း ခံရသောအပင်၏ အနီးပတ်လည်ရှိ အပင်များမှာ ရောဂါကူးစက်ခံထားနိုင်၍ ယင်းအပင်များကို ပင်စည်အခြေ ပတ်ပတ်လည်၌ မြေများတူးဖော်ပြီး အမြစ်ဆီသို့စိမ့်သွားနိုင်သည့်ပမာဏရှိ မှိုသတ်ဆေးကို ဆေးညွှန်းပါအတိုင်းဖျော်စပ်၍ လောင်းထည့်ပေးပြီး မြေပြန်ဖုံးပေးခြင်း၊

(ဂ) သေပင်များအနီး ကပ်လျက်ရှိသည့် အပင်များ၏ ပတ်ပတ်လည်ရှိအပင်များတွင် အမြစ်မှတစ်ဆင့် ရောဂါကူးစက်ခံထားဖွယ်ရှိ၍ ဘေးဘက်ကပ်လျက် အပင်တန်းများကြားတွင် မြောင်းရှည်တူးပြီး မှိုသတ်ဆေးရည် ဖျန်းပေးထားခြင်းဖြင့် ကာကွယ်တားဆီးပေးရမည်ဖြစ်ပါသည်။ မြောင်းရှည်တူးပြီး မှိုသတ်ဆေးရည် ဖျန်းပေးထားခြင်းသည် အခြားစိုက်ပင်တန်းများသို့ ရောဂါကူးစက်မှု အနည်းဆုံးဖြစ်စေရန် အမြစ်ပုပ်ရောဂါတားဆီးနည်းစနစ်ဆိုင်ရာ ခိုင်လုံသည့် အစီအမံဖြစ်ကြောင်းဖော်ပြအပ်ပါသည် (Maziah, Z. and Lee, S.S. 1999)။

**အမြစ်ပုပ်ရောဂါအားကုစားရာတွင် အသုံးပြုနိုင်သည့် မှိုသတ်ဆေးများ**

| စဉ် | Class | Active ingredient |
|---|---|---|
| ၁ | Acylanine | mefenoxam |
| ၂ | Thiadiazole | etridiazole |
| ၃ | Carbamate | propamocarb |
| ၄ | deriviative | dimethomorph |
| ၅ | Phosphonate | fosetyl-A1 potassium |
| ၆ | Phosphite | phosphorus acid salts |
| ၇ | Benzimidazole | thiophanate methyl |
| ၈ | Dicarboximide | iprodione |
| ၉ | Imidazole | triflumizole |

**ကျမ်းကိုးများ**

1. Brown, F.G (1968). Pest and Diseases of Forest Plantation Trees.

2. Maziah, Z. and Lee, S.S. (1999). Proceedings of the 5th International Conference on Plant Protection in the Tropics, 15 18 March 1999, Kuala Lumpur. pp. 158 - 163.

3. Mohd Farid A., Lee S. S., Maziah, Z., Rosli, H. and Norwati, M. (2005), Basal Root Rot, a new Disease of Teak (Tectona grandis) in Malaysia caused by Phellinus noxius

4. file:///C:/Users/Lenovo/Desktop/New%20folder%20%282%29/Fungal%2 0Root%20Rots% 20And%20Chemical% 20Fungicide%20Use.html (June, 2011), Fungal Root Rots and Chemical Fungicide Use

သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်
ပြန်လည်စိုက်ပျိုး ၊ သစ်တောတိုး။

# ကုန်းတွင်းရေပြင်

## အာဆီယံဒေသ၏ ခြိမ်းခြောက်မှုအခံရဆုံး ဂေဟစနစ်များ

ဖြိုးသူဇာဝင်း (တောအုပ်ကြီး)၊ ဝန်းကျင်/သားငှက်

ရေပြင်နှင့်ကုန်းပြင်ထိစပ်နေသော ကုန်းတွင်းရေပြင်များသည် မျိုးစိတ်များကြွယ်ဝပြီး၊ ထုတ်လုပ်မှုရှိသော နေရင်းဒေသများဖြစ်သည့် အားလျော်စွာ ယင်းတို့မှပေးစွမ်းသည့် ဂေဟစနစ်ဝန်ဆောင်မှုများ များပြားသည့်အလျောက် ထိခိုက်လွယ်ပြီး ခြိမ်းခြောက်မှုများ ရင်ဆိုင်ရလျက်ရှိသည်။ ယင်းကုန်းတွင်းရေပြင် ဂေဟစနစ်များကို ထိန်းသိမ်းခြင်းသည် လူမှုဘဝဖွံ့ဖြိုးစေရန်အတွက် အရေးပါပုံကိုသိရှိစေရန် အာဆီယံမျိုးစုံမျိုးကွဲဗဟိုဌာနမှ ပြုစုထားသည့် policy brief စာစောင်အား ဆီလျော်အောင်ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။

| | |
|---|---|
| အာဆီယံဒေသတွင်း ကုန်းတွင်းရေပြင်ထိန်းသိမ်းခြင်းသည် အောက်ဖော်ပြပါ အာအိချီဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်များများကို အထောက်အကူပြုစေနိုင်ပါသည်– | |
| ရည်မှန်းချက် (၅)။ | နေရင်းဒေသဆုံးရှုံးမှုနှုန်း လျော့နည်းစေခြင်း၊ |
| ရည်မှန်းချက် (၆)။ | ငါးသယံဇာတ ရေရှည်တည်တံ့စွာ အုပ်ချုပ်ခြင်းနှင့် ထုတ်ယူသုံးစွဲခြင်း၊ |
| ရည်မှန်းချက် (၈)။ | ညစ်ညမ်းမှု လျှော့ချခြင်း၊ |
| ရည်မှန်းချက် (၁၁)။ | ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုအရ အရေးပါသောနေရာများအား ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊ |
| ရည်မှန်းချက် (၁၄)။ | ဂေဟစနစ် ပြန်လည်တည်ထောင်ခြင်းနှင့် ဝန်ဆောင်မှုများ ရရှိသေချာစေခြင်း၊ |

ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းမှ အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း ကုန်းတွင်းရေပြင်(inland water)ဆိုသည်မှာ ကုန်းမြေအတွင်းရှိ ရေဖုံးလွှမ်းနေသော ပတ်ဝန်းကျင်ဖြစ်ပါသည်။ ၎င်းတွင်ထုံးစံအရ ကုန်းတွင်းရေဝပ်ဒေသများဖြစ်သည့် ကန်များ၊ မြစ်များ၊ ရေအိုင်များ၊ ချောင်းများ၊ မြေအောက်ရေ၊ စိမ့်စမ်း၊ လိုဏ်ဂူအောင်းရေ၊ ရေလွှမ်းလွင်ပြင်နှင့် ရွှံ့နွံတောအမျိုးမျိုး ပါဝင်ပါသည်။ ရမ်ဆာကွန်ဗင်းရှင်းပါ 'ရေဝပ်ဒေသ'အဓိပ္ပါယ်သတ်မှတ်ချက်အတိုင်း ရွှံ့နွံတော၊ ရေတိမ်ဒေသ၊ သစ်ဆွေးမြေ၊ သဘာဝ/ဖန်တီးထားသော၊ အမြဲတမ်း/ယာယီ၊ ရေသေ/ရေရှင်၊ ရေချို/ရေငံ၊ ဒီရေတက်ချိန်တွင် (၆)မီတာထက်မကျော်သောရေပြင်တို့ပါဝင်ပါသည်။ ယင်းဂေဟစနစ်သည် ဒေသတွင်းရှိ မျိုးစိတ်ပေါင်း ၄,၂၀၀ကျော်အတွက် နေရင်းဒေသများစွာပေးစွမ်းပြီး ဖော်ပြပါဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။

| ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုများ | |
|---|---|
| • အစားအစာ<br>• မွေးမြူရေးနှင့် ရေလုပ်ငန်း<br>• လူနေထိုင်မှု<br>• သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ | • ဆေးနှင့် ဆေးဘက်ဝင်အပင်များ<br>• မျိုးရိုးဗီဇအစုအဝေး<br>• ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ<br>• ဆေးဝါးထုတ်ကုန်ဆိုင်ရာတန်ဖိုးများ |
| **ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ** | |
| • ကာဗွန်သိုလှောင်ခြင်း<br>• ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်ခြင်း | • ရာသီဥတုကောင်းမွန်စေခြင်း<br>• စိုက်ပျိုးသီးနှံအဖျက်ပိုးထိန်းချုပ်မှု |
| **ထောက်ကူမှုဆိုင်ရာ ဝန်ဆောင်မှုများ** | |
| • အာဟာရစက်ဝန်း<br>• ရေစီးရေလာကောင်းမွန်စေခြင်း | • ဖန်လုံအိမ်ဓါတ်ငွေ့ထိန်းချုပ်ခြင်း |
| **ယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်မှုများ** | |
| • သယ်ယူပို့ဆောင်ရေး<br>• အနားယူအပန်းဖြေခြင်း | • ရေဝေရေလဲ<br>• ခရီးသွားလုပ်ငန်း |

သို့ရာတွင် ဤဂေဟစနစ် ဝန်ဆောင်မှုများသည် မကြာခဏ တန်ဖိုးလျှော့ချခံရပြီး၊ သဘာဝအုပ်ချုပ်မှုဆိုင်ရာလစ်ဟာမှုများသည် ယင်းနေရင်းဒေသရှိ ကြွယ်ဝသော ဇီဝမျိုးစုံမျိုးကွဲအရင်းအမြစ်များအား အန္တရာယ်ကျရောက်စေပါသည်။

### အာဆီယံဒေသ၏ ကုန်းတွင်းရေပြင် (အဖိုးတန်သောရင်းမြစ်)

ကုန်းတွင်းရေပြင်သည် အာဆီယံဒေသတွင်း စတုရန်းကီလိုမီတာ(၂)သန်းကျယ်ဝန်းပြီး၊ ရေနေဇီဝမျိုးစုံမျိုးကွဲအားထောက်ပံ့ပေးပါသည်။

သန္တာကျောက်တန်းများ၊ သစ်တောဂေဟစနစ်များနှင့်နှိုင်းယှဉ်ပါက မျိုးစိတ်များနှင့် နေရင်းဒေသများ အကြားအပြန်လှန်ဆက်နွယ်မှု အမျိုးမျိုးရှိခြင်းသည် ကုန်းတွင်းရေပြင်များအား အကြွယ်ဝဆုံးနှင့် ထုတ်လုပ်မှုအရှိဆုံး

သဘာဝနေရင်းဒေသတစ်ခု ဖြစ်စေသည်။

ကုန်းတွင်းရေပြင်သည် တွားသွားသတ္တဝါ၊ ရေနေကုန်းနေသတ္တဝါ၊ ငါး၊ ယောက်သွား၊ အင်းဆက်ပိုးမွှားနှင့် အခြားသော ရေနေကျောရိုးမဲ့သတ္တဝါများနှင့် ရေနေသတ္တဝါများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲ၏လိုအပ်ချက်များ ထောက်ပံ့ပေးပါသည်။ ကုန်းတွင်းရေပြင်များရှိ ပျံသန်းပြောင်းရွှေ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ နားခိုကြီးပြင်းသည့်နေရာများနှင့် အစာရရှိသည့်နေရာများကို အသုံးပြုသဖြင့် ကုန်းတွင်းရေပြင်ဂေဟစနစ်များနှင့် ငှက်များပြောင်းရွှေ့ကျက်စားသည့် အမျိုးမျိုးသော မျိုးစိတ်များအကြား ထူးခြားသည့် ဆက်နွှယ်မှုရှိပါသည်။

ရေချိုသယံဇာတအနေဖြင့် နှစ်စဉ်ကမ္ဘာ့မိုးရေချိန်၏ ၉.၅% ဖြစ်ပေါ်စေပြီး၊ ကမ္ဘာ့ပြန်ဖြည့်မြဲ ရေသယံဇာတ၏ ၁၆.၂%ပေးစွမ်းပါသည်။ ယင်းဒေသအတွင်းရှိ လူတစ်ဦးစီအတွက် နှစ်စဉ်ရေရရှိမှုသည် ၁၂,၉၈၀ကုဗပေဖြစ်ပြီး၊ ယင်းသည် ကမ္ဘာ့ပျမ်းမျှ၏နှစ်ဆဖြစ်သည်။

ကုန်းတွင်းရေပြင်သည် ယင်းဒေသအတွင်းရှိ ရေသွင်းစိုက်ပျိုးရေးအတွက် အဓိကရင်းမြစ်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍမှ ကမ္ဘာ့ရေသုံးစွဲမှု၏ ၈၅.၅%ထုတ်ယူသုံးစွဲပြီး၊ စက်မှုကဏ္ဍမှ ၇.၈% နှင့် အိမ်တွင်းသုံးကဏ္ဍမှ ၆.၆% အသီးသီးသုံးစွဲပါသည်။ ဂေဟစနစ်ကောင်းမွန်ခြင်းနှင့် လူမှုဘဝကောင်းမွန်ခြင်းတို့သည် ဂေဟစနစ်ဝန်ဆောင်မှုအပေါ်တွင် များစွာမူတည်နေပါသည်။

### အာဆီယံကုန်းတွင်းရေပြင်၏ ခြိမ်းခြောက်မှုများ

အာဆီယံကုန်းတွင်းရေပြင် ဂေဟစနစ်သည် ယင်း၏တည်ဆောက်ပုံနှင့် နယ်မြေထိစပ်မှုသဘာဝများကြောင့် ထိခိုက်လွယ်ပြီး ခြိမ်းခြောက်ခံရလျက်ရှိသည်။ အာဆီယံဒေသလူဦးရေ၏ စားနပ်ရိက္ခာလိုအပ်မှုသည် ယင်းဒေသရှိ ကုန်းတွင်းရေပြင်အရေးပါမှုအပေါ်တွင် လွှမ်းမိုးမှုရှိသည်။ စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့်ခရီးသွားလုပ်ငန်း၊ မြေယာအခြေပြုစနစ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး စွန့်ပစ်မှုများမှ ကုန်းတွင်းရေပြင် မြေနေရာလိုအပ်ချက်များလည်း မြင့်တက်လျက်ရှိပါသည်။ စိုက်ပျိုးရေးချဲ့ထွင်လာ၍ ဆည်နှင့်ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုသည် ဒေသ၏စီးပွားရေးအားတိုးတက်စေသော်လည်း ယင်းဂေဟစနစ်ရှိ မျိုးစိတ်များ ထိန်းသိမ်းရန်အတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှုအားနည်းချက်များ၊ လူ့စွမ်းအားနှင့် ငွေကြေးဆိုင်ရာခွဲဝေမှုမရရှိခြင်းနှင့် လုံလောက်မှုမရှိသော မူဝါဒနှင့် နိုင်ငံရေးရာ အထောက်အကူပြုမှုများသည် ယင်းဂေဟစနစ်ရင်ဆိုင်ရလျက်ရှိသော အန္တရာယ်အား ပိုမိုကြီးမားစေပါသည်။ ထို့အပြင် ၎င်းနှင့်အခြားဂေဟစနစ်များကြားရှိ ဆက်နွှယ်မှုအား အပြည့်အဝ နားလည်မှုမရှိခြင်းသည်လည်း ယင်းဂေဟစနစ်များအား ပို၍ထိခိုက်စေပါသည်။

### အာဆီယံအဖွဲ့၏ တုံ့ပြန်ဆောင်ရွက်ချက်များ

အာဆီယံဒေသတွင် ကုန်းတွင်းရေပြင်နှင့် ဆက်စပ်လျက်ရှိသော အခန်းကဏ္ဍများ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဂေဟစနစ်တန်ဖိုးများနှင့်ပတ်သက်၍ ရှင်းလင်းသော် နားလည်မှုရရှိရန်လိုအပ်ကြောင်း သဘောတူညီခဲ့ကြပါသည်။ ပြဿနာရပ်များအပေါ် အခြေခံသော ဗျူဟာ

**အဓိကအချက်များ**

- အာဆီယံဒေသအတွင်းရှိ ကုန်းတွင်းရေဂေဟစနစ်များသည် စတုရန်းကီလိုမီတာ(၂)သန်းကျယ်ဝန်းပါသည်။ ဒေသတွင်းရေသွင်းစိုက်ပျိုးရန်အတွက် ရင်းမြစ်နှင့်နည်းလမ်းများ ပေးစွမ်းပါသည်။ ယင်းဂေဟစနစ်ရှိ ၈၅.၅% သော ရေချိုအား ထုတ်ယူသုံးစွဲနိုင်ပြီး စက်မှုကဏ္ဍတွင် ၇.၈%နှင့် အိမ်သုံးတွင် ၆.၆% သုံးစွဲလျက်ရှိပါသည်။
- လူမှုဘဝအဆင်ပြေကောင်းမွန်ရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးသည် ယင်းဂေဟစနစ်ဝန်ဆောင်မှုများအပေါ်တွင် များစွာမူတည်နေပါသည်။
- ကုန်းတွင်းရေပြင်စီမံအုပ်ချုပ်နိုင်မည့် လူမှုရေးနှင့် နိုင်ငံရေးအကျိုးစီးပွားများ ဖြည့်ဆည်းနိုင်သော ဒေသအဆင့်အစီအမံများ ချမှတ်နိုင်ရန် နိုင်ငံအလိုက် ကတိကဝတ်များ လိုအပ်ပါသည်။
- သက်ရှိနှင့် သဘာဝပတ်ဝန်းကျင်အကြား အရေးပါသောလုပ်ငန်းစဉ်များနှင့် အပြန်အလှန် ဆက်နွှယ်မှုများအား ဦးတည်၍ သင့်တော်သော သိပ္ပံနည်းကျနည်းလမ်းများ ထည့်သွင်း စဉ်းစားသော စီမံအုပ်ချုပ်မှုတွင် ဂေဟစနစ်အခြေခံသော ချဉ်းကပ်မှုသည် ကုန်းတွင်းရေပြင် ဂေဟစနစ်ဝန်ဆောင်မှုများ ပြန်လည်တည်ထောင်ရာတွင် လိုအပ်ပါသည်။
- ယင်းဂေဟစနစ်အပေါ်ကျရောက်သော ခြိမ်းခြောက်မှုများဖြေရှင်းရာတွင် မြစ်ကြောင်းနှင့် ကမ်းပါး ပြန်လည်တည်ထောင်ရန်အတွက် သစ်တောများပြန်လည်တည်ထောင်ခြင်းသည် အရေး ပါ, ပါသည်။
- မူဝါဒပြင်ဆင်ပြောင်းလဲခြင်းတွင် ဘက်စုံလွှမ်းခြုံ၍ နယ်ပယ်စုံမှ နှီးနွှယ်ပတ်သတ်သူများ ပါဝင်လာခြင်းသည် ယင်းဂေဟစနစ်ရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝအရင်းအမြစ် ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်အသုံးချခြင်းဆိုင်ရာ တည်ဆဲဥပဒေနှင့် မူဝါဒများ ခိုင်မာစေရန်အတွက် လိုအပ်ပါသည်။
- သက်ဆိုင်ရာ စီးပွားရေးအခြေအနေများနှင့် ကုန်းတွင်းရေပြင်ဂေဟစနစ်အပေါ် မူတည်နေသော ပြည်သူများအား အခြေခံ၍ ဂေဟစနစ်တန်ဖိုးနှင့် စီးပွားရေးတန်ဖိုးများ ထပ်မံဆန်းစစ်ခြင်းသည် ဆောင်ရွက်ခဲ့ပြီးသော ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အရေးကြီးပါသည်။

မြောက်ချဉ်းကပ်မှုသည် ဂေဟစနစ်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တန်ဖိုးများနားလည်ခြင်းနှင့် နီးနွယ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့အား တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ယင်းဂေဟစနစ်များကို အဓိကထားသော ထိန်းသိမ်းရေးဆောင်ရွက်ချက်များ လုပ်ဆောင်ရန်အထောက်အကူပြုပါသည်။

ဒေသတွင်းထင်ရှားသော ကုန်းတွင်းရေပြင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများသည် ရမ်ဆာကွန်ဗင်းရှင်းနှင့် အရှေ့အာရှ–ဩစတြေးအာရှပျံသန်းရာလမ်းကြောင်း ပူးပေါင်းဆောင်ရွက်မှု(East Asian-Australasian Flyway Partnership -EAAFP)တို့ဖြစ်ပါသည်။ ကွန်ဗင်းရှင်း၏ အဓိကတာဝန်မှာ ကမ္ဘာ့အဝှမ်းထာဝစဉ်ညီ ရေရှည်ဖွံ့ဖြိုးမှုကိုမျှော်မှန်းလျက် ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ရေဝပ်ဒေသများအားထိန်းသိမ်းခြင်းနှင့် အမြော်အမြင်ရှိစွာ အသုံးချနိုင်ရေးတို့ဖြစ်သည်။ ယခုအခါတွင် ၂၅,၁၀၁ စတုရန်းကီလိုမီတာကျယ်ဝန်းသော ရမ်ဆာနေရာ(၅၃)ခုအား တည်ထောင်ခဲ့ပြီးဖြစ်သည်။ ဖုံးလွှမ်းမှုဧရိယာအားဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ ၁၃,၇၃၀ စတုရန်းကီလိုမီတာဖြင့် အကျယ်ဝန်းဆုံး ဖုံးလွှမ်းထားပြီး၊ ထိုင်းနိုင်ငံ၌ ၃,၉၉၇ စတုရန်း ကီလိုမီတာနှင့်ဖိလစ်ပိုင်နိုင်ငံမှ ၂,၄၄၀ စတုရန်းကီလိုမီတာ ဖုံးလွှမ်းလျက်ရှိပါသည်။ ဂေဟစနစ်အား ထိရောက်စွာထိန်းသိမ်းရန်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား အစီရင်ခံစာများတင်ပြခြင်းနှင့်အချက်အလက်များ ဖလှယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ကောင်းမွန်ရန်အတွက် ရမ်ဆာဗျူဟာမြောက်ရည်မှန်းချက်များနှင့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၏ အာအိချိဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်များအကြား ပေါင်းစပ်မှုများဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း EAAFP သည် ပျံသန်းရာလမ်းကြောင်းတစ်လျှောက် ရွှေ့ပြောင်းရေပျော်ငှက်များအတွက် ခိုလှုံရာနေရာများဖြစ်ခြင်းကြောင့် နိုင်ငံတကာအတွက် အရေးကြီးသောနေရာများ ဖြစ်ပါသည်။ လက်ရှိတွင် အာဆီယံဒေသတွင်း သတ်မှတ်ထားသော ကွန်ယက်နေရာ(၁၅)ခုရှိပြီဖြစ်ပါသည်။ အဆိုပါနေရာများအား စီမံအုပ်ချုပ်ခြင်းသည် ဒေသခံပြည်သူများအား အကျိုးဖြစ်ထွန်းစေမည့် ရေဝပ်ဒေသ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ထာဝစဉ်ညီဖွံ့ဖြိုးမှုဆိုင်ရာတို့အတွက် ကောင်းမွန်စွာ ပေါင်းစပ်ဖော်ဆောင်လျက်ရှိပါသည်။ ၎င်းကွန်ယက်များအတွင်းနှင့်ပြင်ပရှိ နိုင်ငံတကာအတွက် အရေးပါသောနေရာများအား ထိရောက်စွာစီမံအုပ်ချုပ်မှုသည် ပျံသန်းရာလမ်းကြောင်းတစ်လျှောက် ရွှေ့ပြောင်းရေပျော်ငှက်များထိန်းသိမ်းရန်အတွက် လိုအပ်ပါသည်။

## ဆောင်ရွက်ရမည့် လုပ်ငန်းများ

ကုန်းတွင်းရေဂေဟစနစ်နှင့် သက်ဆိုင်သော ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ခြင်းသည် မျိုးစိတ်နှင့်နေရင်းဒေသထိန်းသိမ်းခြင်း၊ ညစ်ညမ်းမှု၊ ကျူးကျော်မျိုးစိတ်များ၊ ထာဝစဉ်ညီထုတ်လုပ်ခြင်းနှင့် အဓိကကျသော ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းခြင်းတို့နှင့်သက်ဆိုင်သောကိစ္စရပ်များပါဝင်လျက် အာအိချိဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်(၁၄)မှတစ်ဆင့် ရည်မှန်းချက်(၄)တို့အား ရရှိစေရန်ဖြစ်ပါသည်။

## ဆောင်ရွက်ရန်အကြံပြုချက်များ

(က) ဂေဟစနစ်ဝန်ဆောင်မှုများ ပြန်လည်ထိန်းသိမ်းရန်အတွက် ကုန်းတွင်းရေပြင် စီမံအုပ်ချုပ်ရာတွင် ဂေဟစနစ်အခြေခံသော ချဉ်းကပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) လူမှုရေးနှင့်နိုင်ငံရေး အကျိုးအမြတ်များ ရရှိစေနိုင်သော ကုန်းတွင်းရေပြင် စီမံထိန်းသိမ်းအုပ်ချုပ်ရာတွင် ဒေသအဆင့်အစီအမံဖြင့် ဆောင်ရွက်မည်ဆိုသော နိုင်ငံအလိုက် ကတိကဝတ်အား ခိုင်မာစေရန်၊
ထို့အပြင် ခြိမ်းခြောက်ခံနေရသော ကုန်းမြေအခြေခံအရင်းအမြစ်များအား စီမံအုပ်ချုပ်ရာတွင်အရေးပါ ပါသည်။ ညစ်ညမ်းမှုများ လုံလောက်စွာရပ်ဆိုင်းခြင်း၊ ကျူးကျော်နိုင်ငံခြားမျိုးစိတ်များအား ဖော်ထုတ်ဖြေရှင်းခြင်း၊ ကုန်းတွင်းရေပြင် ဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးစိတ်ပေါများသောနေရာများအား ထိရောက်စွာကာကွယ်ခြင်းနှင့် ဒေသခံများ၏ စားဝတ်နေရေးသည် ကုန်းတွင်းရေသယံဇာတများနှင့် ဆက်စပ်နေသည့်အတွက် အခြားသောသက်မွေးလုပ်ငန်းများပေးစွမ်းခြင်းအစရှိသည့် လုပ်ငန်းများဆောင်ရွက်နိုင်ပါသည်။

(ဂ) အုပ်ချုပ်မှုအဆင့်တိုင်းတွင် မြစ်ကြောင်းနှင့်ကမ်းပါး ပြန်လည်ထိန်းသိမ်းခြင်းကိုဦးတည်၍ သစ်တောများ ပြန်လည်တည်ထောင်ခြင်းတွင် ပိုမိုစိတ်ပါဝင်စားစွာ ဆောင်ရွက်သွားရန်၊

(ဃ) တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ ညစ်ညမ်းမှုများ ရပ်ဆိုင်းရန်နှင့် ပိုမိုကောင်းမွန်သော နားလည်မှုမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်တို့အားသေချာစေလျက် နိုင်ငံအဆင့်ညစ်ညမ်းမှုဆိုင်ရာ မူဝါဒများ ပြန်လည်ဆန်းစစ်ရန်၊

(င) ယင်းဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝအရင်းအမြစ် ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်မှုဆိုင်ရာ တည်ဆဲ ဥပဒေနှင့်နည်းဥပဒေများ ခိုင်မာစေလျက် ဘက်စုံလွှမ်းခြုံ၍ နယ်ပယ်စုံနှင့် နီးနွယ်ပတ်သက်သူများ ပါဝင်သော နည်းလမ်းများကျင့်သုံးရန်၊
အဆိုပါ ဥပဒေနှင့်နည်းဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အစီအစဉ်နှင့် လုပ်ငန်း ဆောင်တာများ ဖွံ့ဖြိုးစေသင့်ပါသည်။

(စ) ကုန်းတွင်းရေပြင်၏တန်ဖိုးနှင့် ဆောင်ရွက်ချက် သဘောတရားများအား ဒေသခံပြည်သူများမှ ထည့်သွင်း စဉ်းစားနိုင်ရန်နှင့် ဒေသတွင်းရှိ ကုန်းတွင်းရေစနစ်များအား ထိန်းသိမ်းခြင်းနှင့် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများတွင် ပါဝင်လာစေရန်၊

(ဆ)ကုန်းတွင်းရေပြင်၏ ဂေဟစနစ်နှင့် စီးပွားရေးတန်ဖိုးများအားဆန်းစစ်ရာတွင် အာဆီယံဒေသ၏ စီးပွားရေးနှင့် ယင်းဒေသများအား သက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် မှုတည်နေသော ပြည်သူများအပေါ် အခြေခံ၍ သုတေသနလုပ်ငန်းများ ထပ်မံဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဇ) ဒေသတွင်း စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် နီးနွယ်ပတ်သက်သူများ ထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက် နိုင်ရန်အလို့ငှါ ဆက်သွယ်ခြင်း၊ ပညာပေးခြင်း၊ ပူးပေါင်းပါဝင်ခြင်းနှင့် နိုးကြားတက်ကြွစေခြင်းစသည့် စည်းမျဉ်းစည်းကမ်းများ စဉ်ဆက်မပြတ် ကျင့်သုံးဆောင်ရွက်ရန် အရေးကြီးပါသည်။

**အာဆီယံဒေသတွင်း ကန်များ၊ မြစ်များနှင့် သစ်ဆွေးမြေများအား ခြိမ်းခြောက်လျက် ရှိသော အန္တရာယ်များ**

- ဆည်တာတမံများနှင့် ရေအရင်းအမြစ် စီမံအုပ်ချုပ် သုံးစွဲမှု
- စက်မှုလုပ်ငန်းများနှင့် အိမ်တွင်းသုံးကဏ္ဍမှ စွန့်ပစ် အညစ်အကြေးများ
- အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများ
- အဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှု
- တောပြုန်းတီးခြင်းနှင့် မြေယာအသုံးချမှု ပြောင်းလဲခြင်း
- ကျူးကျော်နိုင်ငံခြားမျိုးစိတ်များ
- စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း
- ငါးသယံဇာတဆုံးရှုံးမှုနှင့် အရင်းအမြစ် ထုတ်ယူသုံးစွဲမှုများ

***References***

ASEAN Centre for Biodiversity (2017). ASEAN Biodiversity Outlook 2. Philippines.

Department of Environment and Natural Resources-Biodiversity Management Bureau. (2014). The Fifth National Report to the Convention on Biological Diversity. Department of Environment and Natural Resources-Biodiversity Management Bureau and the Ateneo School of Government. Republic of the Philippines

Hassan, R., Scholes, R., and Ash, N. (Eds.). (2005). Ecosystems and human well-being: current state and trends: findings of the Condition and Trends Working Group. The millennium ecosystem assessment series; v. 1 [chapter 20: Inland Water Systems pp 551 – 583, Retrieved from http://www.unep.org/maweb/documents/document.289.aspx.pdf

Ministry of Environment and Forestry in Indonesia. (2014). The Fifth National Report of Indonesia to the Convention on Biological Diversity. Deputy Minister of Environmental Degradation Control and Climate Change, Ministry of Environment and Forestry. Jakarta, Indonesia.

Ministry of Environmental Conservation and Forestry. (2014). Fifth National Report to the United Nations Convention on Biological Diversity. Nay Pyi Taw, Republic of the Union of Myanmar.

Ministry of Natural Resources and Environment. (2014). Fifth National Report to the Convention on Biological Diversity. Malaysia.

Ministry of Natural Resources and Environment. (2014). Vietnam's Fifth National Report to the United Nations Convention on Biological Diversity. Hanoi, Viet Nam.

Ministry of Natural Resources and Environment International Union for Conservation of Nature. (2016). Fifth National Report to the United Nations Convention on Biological Diversity. Department of Forest Resources Management-MoNRE and Technical support: IUCN - Vientiane, Lao PDR.

National Biodiversity Steering Committee. (2014). The Fifth National Report to the Convention on Biological Diversity. Kingdom of Cambodia.

National Parks Board. (2015). Singapore 5th National Report to the Convention on Biological Diversity (2010-2014). Singapore.

Ramsar Convention Secretariat. (2016). The Fourth Ramsar Strategic Plan 2016–2024. Ramsar handbooks for the wise use of wetlands, 5th edition, vol. 2. Ramsar Convention Secretariat, Gland, Switzerland.

Royal Thai Government. (2014). Fifth National Report to the Convention on Biological Diversity.

***Writers:*** Pauline Carmel Joy Eje, Sheila G. Vergara and Lauro S. Punzalan
***Infographic:*** Eisen V. Bernardo



# လယ်ယာစိုက်ပျိုးရေးကဏ္ဍ နှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး

ဒေါက်တာဝင်းဝင်းမာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

မြန်မာနိုင်ငံသည် အပူပိုင်းဒေသနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံလည်းဖြစ်ပါသည်။ ဧရိယာ အကျယ်အဝန်း ၆၇၆,၅၉၀ စတုရန်းကီလိုမီတာ( ၆၇,၆၅၉ ဟက်တာသန်းပေါင်း)ကျယ်ဝန်းပြီး နိုင်ငံ၏လူဦးရေမှာ ၂၀၁၇ခုနှစ်သန်းခေါင်စာရင်းအရ (၅၄)သန်းခန့်ရှိပြီး အများ စုမှာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင်နေထိုင် ကြပြီး၊ နိုင်ငံမြေဧရိယာ၏ ၁၈ရာခိုင်နှုန်းကျော်သည် စိုက် ပျိုးနိုင်သော မြေဧရိယာဖြစ်ပြီး ၂၀၁၃ခုနှစ် လယ်ယာစိုက် ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းအရ စိုက်ပျိုး ရေးကဏ္ဍမှ နိုင်ငံGDP ၏ ၃၂ ရာခိုင်နှုန်းနှင့် စုစုပေါင်း ပြည်ပပို့ကုန်၏ ၁၈.၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ လုပ်သား အင်အားစု၏ ၆၁.၂ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျှက်ရှိပြီး နိုင်ငံ၏စီးပွားရေးတွင် ဦးဆောင်အခန်း ကဏ္ဍလည်း ဖြစ်ပါသည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ရှည်လျားသော ကမ်းရိုးတန်း၊ တောင်ကုန်းတောင်တန်းများ နှင့် အလယ်ပိုင်းဒေသ အပူပိုင်းဇုန်စသည်ဖြင့် နိုင်ငံ၏ ကျယ်ဝန်းလှသော စိုက်ပျိုးမြေဇုန်အသီးသီးတွင် နှံစား သီးနှံများ၊ ဆီထွက်သီးနှံများ၊ စက်မှုသီးနှံများ၊ သစ်သီးဝလံ နှင့်ဟင်းသီးဟင်းရွက်များ အပါအဝင် စိုက်ပျိုးသီးနှံအမျိုး ပေါင်း ၆၀ကျော် စိုက်ပျိုးနိုင်ပါသည်။

တောင်သူလယ်သမားအများစုသည် ရှေးရိုးစဉ်လာ စိုက်ပျိုးရေးနည်းစနစ်များကို အဓိကလုပ်ဆောင်ကြပြီး သီးနှံအထွက်တိုးပြီး ဈေးကောင်းရရန်၊ ထုတ်လုပ်မှုစရိတ် နည်းပြီး စီးပွားရေးအကျိုးအမြတ်ရရှိစေရန် အချို့တောင်သူ လယ်သမားများသည် တရားဝင်ခွင့်ပြုထားသော ပိုးသတ် ဆေးများထက်ဈေးသက်သာပြီး လျင်မြန်စွာအာနိသင်ပြ သော တားမြစ်ပိုးသတ်ဆေးများကို သုံးစွဲကြသဖြင့် စားသုံး သူ ပြည်သူလူထုအတွက် အစားအစာဘေးအန္တရာယ်ကင်း ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး အတွက်ခြိမ်းခြောက်လျက်ရှိပါသည်။ စိုက်ပျိုးရေးသုံးဓာတု ပစ္စည်းများကို သင့်လျော်သလို အသုံးမပြုခြင်း(သို့) သီးနှံ ဖျက်ပိုးများ စနစ်တကျစီမံခန့်ခွဲမှုမရှိခြင်းကြောင့် သီးနှံဖျက် ပိုးများနှင့်ရောဂါများသည် အစားအစာဘေးအန္တရာယ်ဖြစ်မှု များကြုံတွေ့နိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် နေရာ၌ သင့်လျော်သော ဓာတုပစ္စည်းသုံးစွဲရန် လိုအပ်ခြင်း၊ ရိတ်သိမ်းခြင်း (Harvesting)၊ ထုတ်လုပ်ခြင်း(Procesing)၊ ဖြန့်ဖြူးခြင်း( Distribution)နှင့် စားသုံးခြင်း(Consuming) စသည့်လုပ်ငန်းစဉ်တစ်ခုလုံး(Value Chain)၏ အဆင့်တိုင်း တွင်အရေးပါသည်။

စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်းများအနေ ဖြင့် အဓိကစိုက်ပျိုးရေးအင်အားစုများဖြစ်သည့် ကျေးလက် ဒေသလူမှုဘဝများ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေရန် ကျေးလက်နေပြည်သူများ၏စွမ်းရည်နှင့် ဗဟုသုတများ တိုးပွားစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် သီးနှံဖျက်ပိုးမွှားများနှင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် အစား အစာ ဘေးကင်းစိတ်ချရမှုသည် ပိုးသတ်ဆေးနှင့် မြေဩဇာ ဥပဒေနှင့်နည်းဥပဒေများ ရေးဆွဲအကောင်အထည်ဖော် လျှက်ရှိသူများ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်အစားအစာဘေး အန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ဆောင်ရွက်နေသော အစိုးရဌာနဆိုင်ရာနှင့် ကုမ္ပဏီဝန်ထမ်းများ၊ စိုက်ပျိုးထုတ် လုပ်သူများအတွက် အဓိကဆောင်ရွက်ရမည့်တာဝန်ဖြစ် ပါသည်။ ဘက်စုံပိုးမွှားကာကွယ်ရေးနည်းစနစ်(Integrated Pest Management - IPM)နှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့ အကျင့်ကောင်းများ(Good Agricultural Practices-

GAP)မှတစ်ဆင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများကို လူသားထုကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ထိထိရောက်ရောက် ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် နည်းပညာများမျှဝေရန် လိုအပ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများတွင် ကောက်ပဲသီးနှံများကို ပိုးမွှားနှင့်ရောဂါကာကွယ်ရန် အသုံးပြုသောပိုးသတ်ဆေးများ( ဥပမာ– Glyphosate၊ Copper spray)နှင့် ကောက်ပဲသီးနှံအထွက်နှုန်း မကျဆင်းရန်နှင့် အထွက်တိုးရန်အသုံးပြုသည့် မြေသြဇာ(ဥပမာ–နိုက်ထရိုဂျင်၊ ဖော့စဖော့ရပ်နှင့် ပိုတက်ဆီယမ်)စသည့် စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများကို မှန်ကန်စွာအသုံးမပြုပါက သုံးစွဲသူများ၏ ကျန်းမာရေးအန္တရာယ်အပြင် ပတ်ဝန်းကျင်ရေထုနှင့် ရေစီးဆင်းရာလမ်းများ၊ လေထုတွင်း ဆေးဖျန်းအမှုန်အမွှားများပျံ့လွင့်ခြင်း၊ မြေဆီလွှာနှင့် စိုက်ပျိုးထားသော အပင်များနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်ခြင်း၊ ပိုးသတ်ဆေးများကို ကိုင်တွယ်အသုံးပြုခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့အတွက် အမျိုးအစားအလိုက် သေချာစွာအညွှန်းတပ်ခြင်း(Labelling)တို့အရေးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုပစ္စည်းများအသုံးပြုရာတွင် သော့ချက်(၄)ခုမှာ မှန်ကန်သော ဓာတုပစ္စည်းကို မှန်ကန်သောပမာဏနှင့် မှန်ကန်သောအချိန်တွင် နည်းလမ်းမှန်ကန်စွာ အသုံးပြုရန်လိုအပ်ပါသည်။

လူသားများ၏ စားသောက်သည့် အလေ့အထနှင့် စားသောက်သည့် အာဟာရများပြောင်းလဲလာသဖြင့် လတ်ဆတ်သောအစားအစာ( Fresh Food)များ ပိုမိုစားသောက်လာခြင်းကြောင့် အစားအစာဘေးအန္တရာယ်ကင်းရေး ထိန်းချုပ်မှုများလိုအပ်လာခြင်း၊ လတ်ဆတ်သောအစားအစာနှင့် ဆက်စပ်သော ဘေးအန္တရာယ်ဖြစ်မှုများ(Food Hazards)တွင် စိုက်ခင်းများဆေးဖျန်းခြင်း၊ ရိတ်သိမ်းပြီး သီးနှံပြုပြင်ခြင်း၊သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းတို့မှ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် ဓာတုပစ္စည်းဘေးအန္တရာယ်(Chemical Hazards)၊ပတ်ဝန်းကျင်၌ အသုံးပြုသော ပစ္စည်းကိရိယာများနှင့် လူမှတစ်ဆင့် အမှတ်တမဲ့ သို့မဟုတ် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာသော ပြင်ပပစ္စည်းများ (Foreign Objects)ကြောင့် ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်(Physical Hazards)နှင့်ရောဂါပိုးသယ်ဆောင်သော ဘက်တီးရီးယား၊ဗိုင်းရပ်စ်များ၊မှိုများနှင့် ကပ်ပါးကောင်များကြောင့် အနုဇီဝပိုးဆိုင်ရာ ဘေးအန္တရာယ် (Microbiological Hazards)များရှိနိုင်သဖြင့် ဘေးအန္တရာယ်ကင်းသော အစားအစာများ ထုတ်လုပ်ခြင်းသည် သက်ဆိုင်ရာအစိုးရများ၊ စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူနှင့် စားသုံးသူများအတွက် အကျိုးကျေးဇူးများရရှိနိုင်သည်။

အစားအစာ ဘေးအန္တရာယ်ဝေးစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ(Change Process)ကို ဆောင်ရွက်ရာတွင် ပြဿနာကိုလေ့လာဆန်းစစ်ခြင်း(Analysis)၊ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းသတ်မှတ်ခြင်း(Define)၊ ဒီဇိုင်းပုံစံဆွဲခြင်း(Design)၊ အကောင်အထည်ဖော်ခြင်း (Implement)နှင့် တွန်းအားပေးဆောင်ရွက်ခြင်း(Drive) တို့ကို အဆင့်တိုင်းတွင် ဆက်စပ်မှုရှိစွာဖြင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ပြောင်းလဲသင့်သည့် အခြေအနေတွင် ပြောင်းလဲမှုများ မလုပ်ဆောင်ပါက စားသုံးသူဘေးအန္တရာယ်ဖြစ်စေခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဝေစုပျောက်ဆုံးခြင်း၊ ဂုဏ်သတင်းထိခိုက်ခြင်းနှင့် အရည်အသွေး ပြန်လည်ဆန်းစစ်ရန် လိုအပ်ခြင်းစသည့် အကျိုးဆက်များ ကြုံတွေ့ရနိုင်မည်ဖြစ်ပါသည်။

ပြည်သူလူထု၏ အစားအစာဘေးကင်း စိတ်ချရမှုအပေါ် သတိပြုမိလာခြင်းနှင့်အတူ အစိုးရမှ Biosafety Law နှင့် Food Safety Law များစသည်ဖြင့် ဥပဒေများနှင့် မူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊ ပညာပေးသင်တန်းဌာနများ၊ စိုက်ပျိုးထုတ်လုပ်သည့် အဖွဲ့အစည်းများအားလုံး စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အစားအစာဘေးကင်းရေးဆိုင်ရာ ထိရောက်သော ပြောင်းလဲမှုများကို ရရှိနိုင်မည်ဖြစ်ပါသည်။

*References:*

1. Ministry of Agriculture and Irrigation (MOAI). 2013. Myanmar Agriculture in Brief 2013, Ministry of Agriculture and Irrigation (MOAI). Nay Pyi Taw, Myanmar.
2. Myint, K. 2006. Quality and safety in the fresh produce marketing chain in Myanmar: FAO^ AFMA workshop. Bangkok. p. 1-11.
3. Mekong Institute, Agricultural Development & Commercialization, Food safety project Training materials from "Assuring Food Safety through Pest and Agrichemical Management, July, 2018.



# The Role of Renewable Energy on Rural Development.

By
U Sein Thet, Director (Rtd)
Chairman, FREDA

Energy is a basic need. Access to the right energy fuels and services provide opportunities for development and improving wellbeing. One fourth of humanity has no access to electricity and nearly half of the world's population cook with solid biomass using inefficient technologies keeping them trapped in poverty with little or no chance to escape from it. Furthermore, renewable will have a crucial role in any solution to mitigate climate change. The Intergovernmental Panel on Climate Change (IPCC) estimated world energy demand world increase by a factor of 2.1 to 3.3 by 2050. Unless dramatic changes are made to governments' energy policies most of the increased demand would be met using fossil fuels. The IPCC estimated that carbon emissions would increase globally by a factor of 1.6 to 3.5. In the meantime, for poor people in developing countries, energy remains a critical need and a key requirement to escape the trap of poverty and achieve the Sustainable Development Goals. The poor will continue to rely on biomass to fulfill their energy needs in the near future unless action to support their transition to more efficient and cleaner energy sources is made a priority in all national and international development plans and strategies.

Myanmar is now in the mind of Energy Reform Process Energy Policy of Myanmar was launched in January 2015 with 9 salient points without proceeding legislation, but it is now under reviewing again inside government atmosphere by leading effort of MOEE. During this energy Reform Process, Government is rely on ADB,WB,JICA, GIZ and some other international agencies to implement the prevailing activities of the country energy sector improvement sector and we can see the condition of ground performances and voices from the Parliament with many concerns to get proper achievement in line with spending time and money.

There have been significant improvements renewable energy technologies in recent times along with declines in cost. A number of success stories globally and the growing concern for the environment (Land degradation. Deforestation, climate change) and sustainable development, have led to world-wide interest in renewable energies and bio-energy in particular. Biomass can be converted into modern energy forms such as liquid and gaseous fuels, electricity, and process heat to provide energy services needed by rural and urban populations and also by industry.
Forest Department has been taking measuring to meet bio-energy demand of country within its capacity by establishing fuel-wood plantation and community forests. On the other hand, the Department has been encouraging the efficient use of energy by distributing efficient stoves and use of alternative energy sources such as agricultural wastes and briquettes as fuel-wood substitutes. There are some achievements of energy developments in forestry sector of Myanmar. The Forest Department has established a total of 1,002,060 ha of forest plantations until March 2015. Of which, about 210433 ha , (21% of total plantation area) are the village supply plantations which aim to fulfill the needs of fuel-wood in rural areas. The issuance of the "Community Forestry Instructions (CFI)" in 1995 is a significant break-though in the history of Myanmar forestry. The Instructions stress the importance of local community participation sharing their responsibility in sustainable forest management, and address the basic needs of the rural poor

for firewood, small timbers and non-wood forest products (NWFPs) while paying equal attention to the environment issues. According to the CFI, local communities are granted a 30-year land lease for the establishment of community forestry. It is estimated that community forests would fulfill 25% of the fuel-wood demand at the end of 2030-2031.

In Myanmar more than 70% of total population lives in rural areas. Among then majority are landless, wealth-less and income-less who are plagued by the curse of poverty across generations. Meeting the basic needs of the poor is the primary goal of poverty reduction therefore, providing them basic energy services should be the primary thrust of rural energy development. Cooking energy forms over 75% rural energy consumption. In rural areas as well as some parts of urban areas, people are still using fire-woods and charcoal for cooking so that household energy for rural community should be prioritized to promote living standard of rural poor. In Myanmar, the majority of the rural people living in the remote areas are very simple, weak in education and inaccessible to the modern technology and far from latest information about the development activities and their impacts. But in recent years, environmental associations, community based organizations, and nature lovers' groups emerged and conducted training and educational awareness program on "Development activities and their negative impact" for the local people. Forest Resource Environment Development and Conservation Association (FREDA) is now implementing some project regulate climate change and environmental deterioration as well as community development in cooperation with international agencies. Some of FREDA's projects include awareness raising, seminars, workshops and trainings on Disaster Risk Reduction, Environmental Impact Assessment, Peatland and Climate Change, Community Forestry and Nursery practice etc. Application of fuelood efficient cooking stoves, introduction of modern bio-energy technology (clean energy for department staff as well as communities.

To achieve the MDGs goals, Myanmar aims to integrate the principles of sustainable development into its policies and programs and reverse the loss of environmental resources. However, the accumulated use of solid fuels-including charcoal, fuel-wood, and their substitutes-is exerting increasing pressure on the country's natural resource base. Linkages among use of solid fuel (mainly cooking), indoor air pollution, deforestation, soil erosion and greenhouse gas emission are well known. With the majority of the population who live in rural areas about 75% are using solid fuel stove/energy saving stoves (ESS) improved cook stoves (ICS) are significant efforts to reduce wood fuel consumption and to promote environmental sustainability, (Current level of wood fuel consumption is about 35.5 million $m^3$) Another system to reduce consumption of wood fuel is making briquettes and fuel sticks from agricultural crop waste and lumber waste. Energy efficiency and substitution of firewood by means of distribution of briquettes, energy saving stoves, utilization of farms' waste and establishment of community forest by substituting firewood with other sources are the distinct works of Dry Zone Greening Department (DZGD), which was formed in July 1999 under the Ministry of Environmental Conservation and Forestry. (Now, Ministry of Natural Resources and Environmental Conservation).

The Government is at present accelerating development activities in various sectors such as electricity, hydropower, dams construction, mining etc. with limited consideration on the environmental stability. It was learnt that the government has planned to establish coal powered plants to supply electricity in some regions during a period from 2018 to 2030. Many developing countries had already used clean coal technology for electricity supply many years ago, but they

are now gradually closing them due to negative impact of coal burning. Similarly the government is planning to construct dams along the big rivers and to expand industrial zones in some important regions. Development activities are essential for a country like Myanmar in order to keep abreast of other neighboring countries' development. On the other hand it is also of at most importance to maintain the environmental stability and sustain the socio-economic and livelihood of the local community. As most of the development activities disturb the environment to some extent Initial Environmental Examination (IEE), Environmental Impact Assessment (EIA), Social Impact Assessment (SIA) and Health Impact Assessment (HIA) should be done systematically wherever it is necessary depending on the nature and magnitude of the development, in order to minimize it's negative impacts. In Forestry sector of Myanmar, activities for promotion of renewable energy are being implemented in conjunction with climate change mitigation activities. Ministry of Natural Resources and Environmental Conservation welcome proposals for CDM projects related to dissemination of fuel-efficient stoves with a view to conserving renewable bio-energy resources in sustainable manner while providing incentives to rural communities using revenue to be obtained from CDM.

Biomass as a renewable energy source (RES) is considered a vital component of meeting energy and climate goals. Many renewable will probably have a place in the development plans of different countries. Bio-energy has clear advantages over other renewable and in order to convince the energy planners and entrepreneurs in developing countries its trump cards must be emphasized: being suitable to very many locations, promotion of self-reliance, possible local manufacturing base for technology, and also that it could become a part of an integrated rural development package leading to local benefits such as land reclamation and employment generation. It is common to observe rural people collecting twigs, branches, and roots of shrubs and climbers as fuel. Some dominant examples are *prosopis juliflora*, *Lantana camara, Cassia auriculata and Tecoma stans,* Where all parts of such shrubs (excluding leaves) are collected as fuel. Unfortunately no studies are available on the distribution and growth of such shrubs or their contribution to fuel supplies. However, it is common knowledge that in many districts in Dryzone is already meeting the cooking fuel requirements of rural households, and that surplus is sold as fuel wood for urban markets. The importance and contribution of crop residues as a source of fuel for domestic use has been recognized in several studies. The general conclusion of such studies is that once fuel wood resources are depleted, households will be forced to shift to crop residues. Among the pulses (Legumes), only pigeon pea (Cajanus cajan) stalks are woody and thus are used as fuel. The residues of oil seed crops, such as groundnut (husks), niger, castor, and the stalks of fiber crops such as cotton and jute are all used as fuel. Mulberry stalks provide a continuous supply of fuel to farmers growing mulberry for its leaves (to feed silkworms).

The common goal of our world is to achieve sustainable development, which refers to, securing the planet's availability of natural resources for the present and for future generation. Two earth summits have so far been held in 1992 and 2012 at Rio de ***janeiro*** and those summits adopted guidelines for our planet sustainability. Green Economy is one of the paramount important tools for achieving sustainable development because "The Green Economy in the Context of Sustainable Development and Poverty Eradication" is one of the TWO main discussing areas in Rio+20 in the year 2012. In this regards, efficient use of natural resources is one of the areas of Green Growth which will enhance our ability to manage natural resources sustainable and with lower negative environmental impacts, increase resources efficiency and reduce waste.

Within this context, Myanmar has been trying its best to manage forest resources on a sustainable basis for improved humanity and social equity while reducing environmental vulnerabilities and associated risks. Myanmar firmly believes the sustainable landscape for green growth will contribute to eradicating poverty as well as to sustained economic growth, enhancing social inclusion, improving human and creating opportunities for employment and decent work for all, while maintaining the health functioning of the Earth. Energy need for Living must combined with energy needs for livelihood to generate a minimum level of income. Income-generation should be the primary goal of rural energy development.

## ဟဲ့ – – ဟဲ့ ဒါလေးများ(၁၂) အဖြေမှန်များ



၁။ (က) ပိုင်းဝန်းကာကွယ်ထိန်းသိမ်းပေး

၂။ (က) ဘူတန်
(ခ) မြန်မာ
(ဂ) ရုရှား

၃။ (က) ဘင်္ဂလား
(ခ) အင်ဒိုတရုတ်

၄။ (က) ၁၉၉၄ ခုနှစ်

၅။ (က) Endangered
(ခ) Appendix I

၆။ (က) ဟူးကောင်းချိုင့်ဝှမ်း (ခ) အကြီးဆုံး

၇။ (က) တိုးပွား (ခ) မျိုးသုဉ်းသွား

၈။ (က) ရေဖြူ (ခ) ဟုမ္မလင်း (ဂ) တနိုင်း

၉။ (က) ၇ (ခ) ၅၀၀၀ဝိ/-

၁၀။ (က) ဘာလီကျားမျိုးစိတ်
(ခ) ကက်စပီယန်ကျားမျိုးစိတ်
(ဂ) ဂျာဗားကျားမျိုးစိတ်



၁၁။ (က) အိန္ဒိယ

၁၂။ (က) အမဲလိုက်ခြင်း

၁၃။ (က) ၆၅

၁၄။ (က) ရေကူးအလွန်လျင်မြန်သည်။

# သစ်ခွမျိုး အပင်ပေါက်နည်း

## (Seed Germination Method of Orchid)

နွယ်နွယ်ဝင်း
သုတေသနလက်ထောက်(၃)

သစ်ခွစေ့တွေကို အပင်ပေါက်စေသည့်နည်း နှစ်မျိုးရှိပါသည်။ ယင်းတို့မှာမှိုကူးမျိုးပွားနည်း (symbiotic) နှင့်မှိုမဲ့မျိုးပွားနည်း(Asymbiotic)တို့ဖြစ်ကြပါသည်။ မှိုကူးမျိုးပွားနည်းဆိုသည်မှာ သဘာဝကိုမှီပြီး အပင်ပေါက်လာအောင်ပြုလုပ်ပေးသောနည်းဖြစ်ပြီး၊ မှိုမဲ့မျိုးပွားနည်းဆိုသည်မှာ ဓာတ်ခွဲခန်းတစ်ခုထဲတွင် ဓာတုဆေးဖြစ်သော အများလိုဒြပ်စင်နှင့် အနည်းလိုဒြပ်စင်တို့ကို အခြေခံကာ သကြားနှင့်ကျောက်ကျောတို့ အချိုးကျပေါင်းစပ်သော နည်းဖြစ်၍ လူတိုင်းလုပ်ဖို့ခက်ခဲသော နည်းဖြစ်သောကြောင့် ဖော်ပြရေးသားခြင်းမပြုတော့ပဲ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည့် မှိုကူးမျိုးပွားနည်းကိုသာ ဖော်ပြသွားမည်ဖြစ်ပါသည်။ မှိုကူးမျိုးပွားနည်းသည် တစ်ခြားတစ်ခြားသော အပင်စေ့တွေမှာ အပင်လောင်းစားသုံးဖို့အတွက် အစေ့ထဲ အပင်လောင်းအညှောက်ပေါက်နဲ့ အစာနှစ်မျိုးစလုံးပါသော်လည်း သစ်ခွစေ့တွင် အပင်လောင်းအညှောက်တစ်ခုတည်းသာပါဝင်သည်။

သို့ဖြစ်၍ အပင်ငယ်စားသုံးရန် အစာမပါသောကြောင့် သစ်ခွစေ့ကိုလုံးတီးစေ့ဟု (Naked seed)လို့ခေါ်ပါသည်။ သစ်ခွအစေ့များသည် အရမ်းသေးငယ်သော အမှုန်လေးများဖြစ်၍ သစ်ခွအသီးတစ်လုံးတွင် ပျမ်းမျှအစေ့ပေါင်း (၇၂၀၀)ခန့်ရှိနိုင်ပါသည်။ သစ်ခွမျိုးစိတ်လိုက်၍ ကွာခြားမှုတော့ရှိနိုင်ပါသည်။ သဘာဝမှာ သစ်ခွအစေ့လေးများက လေနဲ့လွင့်ပါရောက်ရှိပြီး တစ်ခြားတစ်ခြားသော သစ်ပင်တွေထိ လွင့်ပါရောက်ရှိသွားတတ်ပါသည်။ ၎င်းအစေ့များ အပင်ပေါက်လာဖို့အတွက် Mycorrhiza လို့ခေါ်သော မှိုတစ်မျိုး၏အကူအညီဖြင့်သာ အပင်ပေါက်လာနိုင်ပါသည်။ သစ်ခွအစေ့ကလေးများသည် မိုးရေနဲ့ထိတွေ့သောအခါမှာ တစ်ခြားအပင်တွေကဲ့သို့ အမြစ်နဲ့အညွန့် ထွက်မလာသည့် အစေ့ထက်ပိုကြီးသည့် Protocorm ခေါ်တဲ့ အလုံးကလေးဖြစ်လာပါသည်။

၎င်းပရိုတိုကွန်းမှတစ်ဆင့် အမြစ်၊ အညွန့်တွေထွက်လာပါသည်။ အမြစ်နဲ့အညွန့် ထွက်မလာမီနှင့် နောက်ပိုင်းမှာရော အစာရနိုင်ဖို့ Mycorrhiza လို့ခေါ်တဲ့မှိုတစ်မျိုးက အလုပ်လုပ်ပေးပါသည်။ သစ်ခွမျိုးစိတ်လိုက်၍ အလုပ်လုပ်ပေးသော မှိုအမျိုးအစားလည်းကွဲပြားပါသည်။ ထို့ကြောင့် သစ်ခွတစ်မျိုးပေါက်ရောက်သည့် နေရာ၌ တစ်ခြားမျိုးကအစေ့လေးတွေ ရောက်လာသည့်တိုင်အောင် ၎င်းအတွက် အလုပ်လုပ်ပေးသည့် မှိုမရှိလျှင်မရှင်သန်နိုင်ပါ။ ဤဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် အပင်ပေါက်အောင်လုပ်ရမည် ဖြစ်ပါသည်။ သစ်ခွအသီးကိုခြောက်ပြီး ကွဲအက်သွားသည်အထိမထားရပါ။ အသီးမခြောက်မီ အစိမ်းရင့်ရင့်အနေအထားတွင် ဆွတ်ခူးရပါမည်။ နေ့တာရှည်သည့် ရာသီဥတုတွင် အစေ့ပေါက်ရန် အခွင့်အလမ်းပို၍များပါသည်။ ခူးဆွတ်ပြီး တစ်ပတ်အတွင်းပျိုးရပါမည်။ တစ်ပတ်ကျော်လျှင် အပင်ပေါက်အား လျော့သွားတတ်ပါသည်။ မှိုကူးမျိုးပွားနည်းနဲ့ မျိုးပွားနိုင်သောနည်းသည် မိခင်အပင်ခြေရင်းမှာ အစေ့လေးတွေဖြူးပေးပြီး အပင်ပေါက်လာစေသောနည်းနှင့် သီးသန့်အိုးတစ်လုံးထဲ၌ ပွားစာထည့်ပြီး မျိုးပွားနည်းဆိုပြီး(နှစ်)မျိုးရှိပါသည်။ မိခင်အပင်မှာ အမြစ်အတွက်အစာရှာပေးသည့် Mycorrhiza လို့ခေါ်သည့် မှိုရှိပြီးမှသာ အစေ့မှုန်လေးများဖြူးပေးထားရင်မှိုအကူအညီနဲ့ အပင်ပေါက်လာနိုင်ပါသည်။ ဤသို့အစေ့ဖြူးပေးမည့် မိခင်အပင်ကို အနည်းဆုံးတစ်နှစ်အတွင်း အိုးခွဲ၊အိုးမလှဲသောအပင်ဖြစ်ဖို့ လိုအပ်ပါသည်။ အစေ့တွေမဖြူးမီ ရေညှိများကိုအရင်ဆုံး မထူလွန်း၊မကျဲလွန်းသော အနေအထားဖြစ်အောင် ပြင်ဆင်ထားရပါမည်။ ၎င်းအပေါ်တွင် အစေ့တွေဖြူးပေးပြီး အစေ့လေးများ ရေနဲ့မျောပါမသွားအောင် ရေမှုန်၊ရေမွှားများသာထွက်နိုင်သော ရေဖျန်းကရားဖြင့် ဂရုစိုက်ဖျန်းပေးရန် လိုအပ်ပါသည်။ လေဝင်၊ လေထွက်အတန်အသင့် ကောင်းမွန်သောနေရောင် တိုက်ရိုက်မကျသောနေရာတွင် ထားပေးရပါမည်။ အောင်မြင်သွားပြီဆိုရင် Protocorm ပရိုတိုကွန်းထွက်လာပြီး မကြာခင်အမြစ်၊ အညွန့်နှင့်သစ်ခွပင်ပေါက်ကလေးများကို တွေ့ရမည်ဖြစ်ပါသည်။



# ချပ်သင်းဘေးမဲ့တောအကြောင်း



မြင့်ဆွေ -- ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ကိုလိုနီခေတ် ရန်ကုန်–မန္တလေး–မြစ်ကြီးနားမီးရထားလမ်း ထင်းထောက်ပံ့ရေးအတွက် ချပ်သင်းထင်းကြိုးဝိုင်းအဖြစ် ၁၉၁၉ ခုနှစ်တွင် အတည်ပြုသတ်မှတ်ခဲ့ပါသည်။ ကမ္ဘာတွင် မြန်မာနိုင်ငံ၌ ရှင်သန်နေထိုင်လျက်ရှိသော မျိုးသုဉ်းမှုအန္တရာယ် မရှိစေရအောင် မြန်မာ့ရွှေသမင်နှင့် ၄င်းတို့၏သဘာဝဝန်းကျင်ဖြစ်သော ရေ မြေအပါအဝင် အခြားဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ၁၉–၆–၁၉၄၁ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်(၁၇၇)ဖြင့် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၁၉၈၆ခုနှစ်မှစ၍ စနစ်တကျ ထပ်မံထိန်းသိမ်းကာကွယ်ခဲ့သည်။ တောအနေအထားမှာ မြေပြန့်အင်တိုင်းရွက်ပြတ်ခြောက်သွေ့တော အမျိုးအစားဖြစ်ပြီး သစ်ပင်မျိုးကွဲ(၁၁၁)မျိုး၊ ချုံပင်မျိုးကွဲ(၂၇)မျိုး၊ နွယ်ပင်(၄၁)မျိုး၊ပင်ပျော့မျိုးကွဲ(၇၁)မျိုး၊ မြက်မျိုးကွဲ(၅၆)မျိုး၊ ပရဆေးပင်(၃၉)မျိုးရှိပြီး နို့တိုက်သတ္တဝါ(၁၃)မျိုးနှင့် ငှက်မျိုးစိတ်(၂၄၁)မျိုးရှိသည်။ ကြိုးဝိုင်း၏ အကျယ်ပတ်လည်ဧရိယာမှာ(၁၀၄)မိုင်၊ ကြိုးတွင်းဧရိယာမှာ ဧက(၆၆၀၀၀)ကျော်ရှိသည်။ ကြိုးဝိုင်း၏ထိစပ်ရာနယ်မြေတို့မှာ ကန့်ဘလူမြို့နယ်(၂၁၉၀၈)ဧကတည်ရှိပြီး၊ ကောလင်းမြို့နယ်အတွင်း၌ (၄၄၀၉၂)ဧကရှိသည်။ အဓိကကာကွယ်တားမြစ်ထားသည်မှာ ကမ္ဘာ၌တန်ဖိုးရှိရှားပါးမျိုးစိတ်ဖြစ်သော မြန်မာ့ရွှေသမင်နှင့်အခြားတောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားခိုလှုံရာ သဘာဝတောတောင် ရေမြေတို့ဖြစ်သည်။ ဆောင်းခိုငှက်တို့နှင့် အခြားငှက်မျိုးစုံများ၊ အင်းဆက်ပိုးအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများကို တာဝန်ရှိ ဝန်ထမ်းအဆင့်ဆင့်မှ စနစ်တကျထိန်းသိမ်းကာကွယ် တားမြစ်စောင့်ရှောက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်မှစ၍ စနစ်တကျစာရင်းကောက်ယူရာတွင် ရွှေသမင်ကောင်ရေ(၈၀၀)ကျော်ရှိပါသည်။ ချပ်သင်းဘေးမဲ့တောအတွင်းတွင် နေထိုင်ကျက်စားလျက်ရှိသော မြန်မာရွှေသမင်တို့သည် သုံးမျိုးသုံးစားရှိသော ဒေသအခေါ် ရွှေသမင်၊ ဗျောက်တန်း၊ သမင်ဝက် ဟုဒေသ၌ခေါ်ကြသည်။ သမင်များစားသောက်သည့် အစားအစာတို့မှာ လင်းရောသီး၊ ဖန်ခါးသီး၊ ခပေါင်းသီး၊ ဆီးဖြူသီး၊ မှန်ညိုသီးနှင့် မြက်နုများဖြစ်ပါသည်။ တောတွင်းတွင် မျိုးစိတ်မတူသော လိပ်မျိုးစိတ် လေးမျိုးကိုလည်းတွေ့ရှိရပါသည်။ ဒေသအခေါ် မကျည်းလိပ်(ခေါ်) ကြယ်လိပ်၊ လိပ်ပုပ်၊ ကုန်းလိပ်ကြား၊ ရေလိပ်ပျော့တို့ဖြစ်ပါသည်။ ဘေးမဲ့ကြိုးဝိုင်းအတွင်းရှိ နွေ၊ မိုး၊ ဆောင်း သုံးရာသီတွင် ရေမပြတ်သော ရေအိုင်ကြီးများကိုလည်း တောတွင်းတိရစ္ဆာန်များ သောက်သုံးရန်အတွက် ကာကွယ်ထိန်းသိမ်းထားပါသည်။ ဘေးမဲ့ကြိုးဝိုင်းနှင့် နီးစပ်ရာကျေးရွာလူထုများကို တာဝန်ရှိဝန်ထမ်းများမှ အသိပညာပေးဟောပြောခြင်း၊ စည်းရုံးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ လစဉ်ကင်းလှည့်ခြင်း၊ နှစ်စဉ် သမင်စာရင်းကောက်ယူခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။



နောက်ကျောဖုံးမှအဆက်




ကမ္ဘာပေါ်တွင် စစ်စလီမျိုးစိတ်(၉)မျိုးရှိပြီး၊ အရှေ့တောင်အာရှတွင် (၃)မျိုးရှိသည်။ မြန်မာနိုင်ငံတွင်(၂)မျိုးနေထိုင်ကျက်စားသည်။ စစ်စလီသေးနှင့် စစ်စလီကြီးဖြစ်သည်။ စစ်စလီသေး၏ အင်္ဂလိပ်အမည်မှာ (Lesser Whistling-Duck)နှင့် သိပ္ပံအမည်(*Dendrocygna javanica*)ဖြစ်ပြီး၊ စစ်စလီကြီး၏ အင်္ဂလိပ်အမည်မှာ (Fulvous Whistling-Duck)နှင့် သိပ္ပံအမည်မှာ (*Dendrocygna bicolor*)ဖြစ်သည်။

စစ်စလီသေးသည် စစ်စလီမျိုးစိတ်တွင် အရွယ်အငယ်ဆုံးဖြစ်သည်။ အထီးနှင့် အမသည် အမွေးအရောင်တူသည်။ အရွယ်ရောက် စစ်စလီသေးသည် လည်တိုင်အနည်းငယ် ရှည်သယောင်ရှိသည်။ အရောင် အတော်ကလေးမှိုင်းသည်။ တောင်ပံသည်ကျယ်ပြန့်ကာ ဝိုင်းသည်။ တောင်ပံအရောင်သည် တစ်ပြေးညီဖြစ်ပြီး၊ တောင်ပံမွေး(သေး)နှင့် တောင်ပံမွေး(လတ်)တို့သည် သိသာထင်ရှားသည့် နီမြန်းသည့်နီညိုရောင်ဖြစ်သည်။ ဦးထိပ်ပိုင်းသည် အရောင်ရင့်ပြီး၊ အမွေးဆံစုမှ ကိုယ်ထည်အပေါ်အုပ် အမွေးနှင့် လက်ပြင်မွေးတို့သည် သိသာထင်ရှားသည့် နီမြန်းသော အရောင်ဖြစ်သည်။ အပေါ်အမြီးဖုံးမွေးသည် နီးမြန်းသည့် နီညိုရောင်ဖြစ်သည်။ လည်ကုပ်အလယ်ပိုင်းနှင့် လည်တိုင်နောက်ပိုင်းသည် အရောင်အနည်းငယ်ပိုရင့်သည်။ ကိုယ်ထည်ဘေးပိုင်းတွင် အဖြူရောင်စင်းကြား မထင်မရှားပါရှိသည်။

စစ်စလီတို့သည် အဓိကအားဖြင့် ရေတွင်ပေါက်ရောက်သည့် အပင်များ၊ သီးနှံပင်များ၊ ငါးသေး၊ ဖား၊ ကုန်းနေရေနေသတ္တဝါ၊ခရု၊တီကောင်နှင့် ကျောရိုးမဲ့သတ္တဝါတို့ကိုစားသည်။ ရေတွင်ခြေနှစ်ချောင်း လှုပ်ခတ်ကာ ကူးခတ်သွားလာသကဲ့သို့ ရေတွင်ငုပ်၍ နေထိုင်ကျက်စားတတ်သည်။ မြက်၊ကိုင်းပင်ပေါသည့် ရေကန်၊အင်း၊ အိုင် တစ်ခါတစ်ရံ ဒီရေတောနှင့် အမျိုးမျိုးကွဲပြားခြားနားသည့် ရေတိမ်ဒေသများတွင် နေထိုင်ကျက်စားသည်။ ပင်လယ်ရေမျက်နှာပြင် အမြင့်မီတာ(၁၄၅၀)ထိ နေထိုင်ကျက်စားသည်။

အိန္ဒိယတိုက်ငယ်၊ Greater Sundas တွင် နေထိုင်ကျက်စားသည်။ အရှေ့တောင်အာရှဒေသတွင် တုံကင်းအနောက်ပိုင်းနှင့် အာနန်မြောက်ပိုင်းမှလွဲ၍ ဒေသအနှံ့ပျံ့နှံ့ကျက်စားသည်။ သားပေါက်ရာသီမှာ တစ်နှစ်ပတ်လုံးဖြစ်သည်။ အမြင့်မီတာ(၆)ရှိ သစ်ခေါင်းအတွင်း သို့မဟုတ် အခြားသောငှက်များ၏ အသိုက်ဟောင်းများတွင် ဥအုသားပေါက်တတ်သည်။ တစ်ကြိမ်လျှင်ဥ(၇-၁၂)လုံးထိအုသည်။

စစ်စလီကြီးသည် စစ်စလီသေးနှင့် ဆင်တူသည်။ အထီးအမသည် အမွေးအရောင်တူသည်။ စစ်စလီကြီးသည် စစ်စလီသေးထက် အရွယ်ပိုကြီးသည်။ ဦးခေါင်းနှင့် ကိုယ်ထည်အောက်ပိုင်းသည် အရောင်ပိုနီမြန်းသည်။ ဦးကင်းသည် ဦးခေါင်းဘေးထက် ပို၍အရောင်ရင့်သည်။ ဂုတ်ပိုင်းအလယ်နှင့် လည်တိုင်အနောက်ပိုင်းတွင် အမည်းစင်းလိုင်းပါရှိသည်။ လည်ပင်းတွင် အမည်းရောင်အစင်းလိုင်းငယ်များပါသည့် အဖြူရောင်အကွက်ပါရှိသည်။ အပေါ်အမြီးဖုံးပိုင်းသည် အဖြူရောင်ဖြစ်သည်။ ကိုယ်ထည်ဘေးတွင် ပိုမိုပေါ်လွင်သော အဖြူရောင်အမှတ်အသားတွေ့ရသည်။ တောင်ပံအပေါ်ပိုင်းသည် အရောင်ညီညာပြီး၊ တောင်ပံမွေးသည် အရောင်ရင့်သည်။

စစ်စလီကြီးသည် ရေတိမ်ဒေသတွင် နေ့ရောညပါနေကာ ရေတွင်ပေါက်ရောက်သည့် အပင်အစိတ်အပိုင်းများကိုစားတတ်သည်။ တစ်ခါတစ်ရံ စားကျက်နေရာတွင် အစားအစာရှားပါးလာပါက စပါးခင်းအတွင်း သီးနှံဖျက်ပိုးများကိုလည်း ဝင်ရောက်စားတတ်သည်။ မြေနိမ့်ပိုင်းရေကန်၊ မြစ်ကြီးများနှင့် မြက်ကိုင်းပေါများသည့် ရေတိမ်ဒေသများတွင် နေထိုင်ကျက်စားသည်။ အကောင်ဦးရေများစွာ အုပ်စုဖွဲ့နေထိုင်တတ်သော်လည်း အကောင်ဦးရေနည်းနည်းဖြင့် အုပ်စုဖွဲ့ပျံသန်းကျက်စားကြသည်။

အမေရိကန်မြောက်ပိုင်း၏ တောင်ပိုင်း၊ တောင်အမေရိက၊ အာဖရိက ဆာဟာရ၊ မတ်ဒပ်ကဒ်စကား၊ ပါကစ္စတန် တောင်ပိုင်း၊ အိန္ဒိယတိုက်ငယ်(အဓိကအားဖြင့် အရှေ့မြောက်)ဒေသများတွင်ကျက်စားသည်။ ဘင်္ဂလားဒေ့ရှ်တွင် ဆောင်းခိုကျက်စားသည်။ အရှေ့တောင် အာရှဒေသအနေဖြင့် မြန်မာနိုင်ငံတောင်ပိုင်း၊ အလယ်ပိုင်းတွင် နေထိုင်ကျက်စားသည်။ တနင်္သာရီဒေသတွင် ကျက်စားကြောင်း မှတ်တမ်းရှိသော်လည်း မျက်မှောက်ကာလတွင် တွေ့မြင်ခြင်းမရှိသေးပေ။ စစ်စလီကြီးသည် စစ်စလီသေးအုပ်စုနှင့်ရောနှောကာ ကျက်စားတတ်သည်။ သာမန်မျက်စိဖြင့် မြင်တွေ့သူများအနေဖြင့် စစ်စလီသေးဟုထင်မြင်ကြသည်။ အသေးစိတ် စောင့်ကြည့်လေ့လာမှသာ စစ်စလီကြီးကိုခွဲခြားနိုင်သည်။ အကောင်ဦးရေနည်းပါးပြီး သတိထားတွေ့မြင်သူနည်းသည့် ရေငှက်မျိုးဖြစ်သည်။

စစ်စလီကြီးတို့၏ မိတ်လိုက်သားပေါက်ရာသီမှာ ဇွန်မှ စက်တင်ဘာလထိ ဖြစ်သည်။ အသိုက်ကို သစ်ခေါင်း သို့မဟုတ် အခြားငှက်တို့၏ အသိုက်ဟောင်းများတွင်ပြုလုပ်တတ်သည်။ တစ်ခါတစ်ရံ မြေပြင်ပေါ် အပင်များ

အကြားပြုလုပ်တတ်သည်။ တစ်ကြိမ်လျှင် ဥ(၆–၈)လုံး ထိအုသည်။ စစ်စလီသည် ဥဝပ်ကျင်းတက်မှု မရှိသော်လည်း ဥပေါက်လာသည့် စစ်စလီသားပေါက်များ အမွေးအတောင်စုံသည်အထိ ဘေးမှစောင့်ရှောက်ကြသည်။

စစ်စလီသေးနှင့် စစ်စလီကြီးကို နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN)၏ စာရင်းနီ(Red list) အရ မျိုးသုဉ်းမှုအန္တရာယ်ပတ်သက်မှုနည်းသော (Least Concern-LC)မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်အနေဖြင့် ရာသီအလိုက် ကာကွယ်ထားသည့် (Seasonally protected)ငှက်မျိုးစိတ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။

မြန်မာနိုင်ငံတွင် ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အထူးသဖြင့် ရေကန်၊ အင်း၊ အိုင်၊ ချောင်းစသည့် ကုန်းတွင်း ရေတိမ်ဒေသများတွင် လုပ်ကိုင်သူတို့သည် စစ်စလီဘဲနှင့် ရင်းနှီးကြသည်။ တရားမဝင် ငှက်ဖမ်း၍ စီးပွားရှာသည့် လူတချို့သည် ပိုက်ထောင်၍ ဖမ်းဆီးကာ ရောင်းဝယ်ဖေါက်ကားကြသည်။ စစ်စလီကို ဟင်းလျာအဖြစ် စားသုံးတတ်ကြသည်။ လူတို့သည် သာမန်အားဖြင့် စစ်စလီသေးနှင့် စစ်စလီကြီးဟု ခွဲခြားမမြင်ပဲ စစ်စလီဟုသာသိထားကြသည်။ စစ်စလီတို့သည် အကောင် ဦးရေများစွာ အုပ်စုဖွဲ့ကာ စုဝေးနေထိုင်ကြခြင်းကြောင့် အကောင်ဦးရေများသည့်ငှက်ဟု ထင်စရာရှိသော်လည်း၊ လူတို့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အတွင်း နို့တိုက်သတ္တဝါ၊ သားရဲငှက်နှင့် တွားသွားသတ္တဝါတို့၏ တိုက်ခတ်သတ်ဖြတ် အစားခံရခြင်း၊ ရေတိမ်ဒေသနှင့် စားကျက်နေရာ လျော့နည်းပျောက်ဆုံးခြင်း၊ အစားအစာလျော့နည်းလာခြင်းတို့ကြောင့် စစ်စလီတို့သည် အကောင်ဦးရေ လျော့နည်းကျဆင်းကာ နောင်တစ်ချိန်တွင် မျိုးသုဉ်းမှုအန္တရာယ် ခြိမ်းခြောက်ခံ မျိုးစိတ် (Threatened species) ဖြစ်လာနိုင်ခြေရှိသည်။ စစ်စလီကြီးသည် အကောင်ဦးရေနည်းပါးပြီး၊ နေရာဒေသတိုင်းတွင် မတွေ့နိုင်ပေ။ ငှက်လေ့လာသူများ လေ့လာမှုအရ ဒေသအနည်းငယ်တွင် အကောင်ဦးရေ ရှားပါးစွာကျက်စားကြောင်းသိရသည်။ စစ်စလီသေးနှင့် စစ်စလီကြီးတို့သည် ဒေသခံများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည့် ရေလုပ်ငန်း၊ လယ်လုပ်ငန်းနှင့် ဆက်စပ်သည့် ကုန်းတွင်းရေတိမ်ဒေသများတွင် အုပ်စုလိုက် နေထိုင်ကျက်စားခြင်း၊ ဆူညံစွာအော်မြည်ခြင်းကြောင့် တွေ့ရမြင်ရလွယ်ကူသည့် ရေငှက်မျိုးဖြစ်သည်။ ပိုက်ထောင်ခြင်း၊ အဆိပ်ချခြင်းဖြင့် အလွယ်တကူ ဖမ်းဆီးခံရလွယ်သဖြင့် အကောင်ဦးရေကျဆင်းပါ၍ သတိပြုထိန်းသိမ်းနိုင်ရန် ရေးသားလိုက်ပါသည်။






သစ်ပင်ဆိုတာ
နေခြည်ဖြာ၍
လေသာသည့်ဘက်
ကိုင်းခက်ဝေဆာ
ဖြန့်မည်သာတည့်။

သဘာဝ၏
ခြယ်သပြုပြင်
သည်တွင်အကိုင်း
သည်ပိုင်းအခက်
အရွက်သည်သို့
ပွင့်ဖို့သည်မှာ
နေရာမပျက်
ဟန်ချက်ညီညီ
ပန်းချီဆန်ဆန်
စီမံပြီးသားပါ။

သို့သော်အမြင်
လှသည်ထင်၍
သစ်ပင်သစ်ခက်
သစ်ရွက်ကိုဖြတ်
ကတ်ကြေးညှပ်ပြီး
စောင်းသပ်ပြုပြင်
ကျား ဆင် သမင်ရုပ်
ကုလားအုတ် ဝက်ဝံ
ငှက်အသွင် ပုံကြွ
ပုံစံချသည်
ရက္ခ အခွင့်အရေး ထိပါးမှု။

ခင်အောင်မြင့်မြင်း









# စစ်စလီကြီး နှင့် စစ်စလီသေး

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊
မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း

**စစ်စလီငှက်** သည် ရေတွင် ကျက်စားသည့် ဘဲနှင့် တူသည့် ငှက်ဖြစ်သည်။ လည်တိုင်နှင့်ခြေတံအနည်းငယ်ရှည်ပြီး၊ ကိုယ်ထည်တိုကာ၊ အတောင်ဝိုင်းသည်။ စစ်စလီကို မြင်ဖူးသူထက် ကြားဖူးသူများပေမည်။ အင်း၊ အိုင်၊ ကန်၊ ဆည် စသည့် ကုန်းတွင်း ရေတိမ်ဒေသများနှင့် နီးစပ်သည့် ပတ်ဝန်းကျင်ဒေသတွင်နေထိုင်ကာ အသက်မွေးဝမ်းကျောင်းပြုသည့် ဒေသအစုအဖွဲ့များအနေဖြင့် မြင်ဖူးသူများကြသည်။ စစ်စလီတို့သည် အကောင်ဦးရေ ရာထောင်ချီကာ အုပ်လိုက်သင်းလိုက် စုဝေးကျက်စားတတ်ကြသည်။ အင်း၊ အိုင်၊ ကန် တို့တွင် ကျက်စားချိန်တွင် အန္တရာယ်တစ်စုံတစ်ရာရှိပါက အုပ်စုလိုက် ဟိုဟိုဒီဒီပျံဝဲကာ လေချွန်သံကဲ့သို့ အသံပေး အော်မြည်တတ်သည်။ စစ်စလီတို့သည် ရေပြင်မှကူးခတ်ပျံတက်ချိန်နှင့် လေထဲပျံသန်းချိန်တွင် လေချွန်သံ အော်မြည်အသံပေးတတ်သည်။ လေချွန်သံအော်မြည်တတ်ခြင်းကြောင့် (Whistling-Duck) ဟု အမည်ပေးထားသည်။ အုပ်စုလိုက်အော်မြည်ခြင်း အပြုအမူအလေ့အထသည် သိသာထင်ရှားသည်။ တောင်ပံရိုက်ခတ်သံသည်လည်း လေချွန်သံမြည်ကြောင်း လေ့လာသည့်ပညာရှင်များက ဆိုသည်။ ယခင်က သစ်ပင်၊ သစ်ကိုင်းပေါ်နားကာ နေတတ်ခြင်းကြောင့်လည်း (Tree Duck) ဟုလည်း အမည်ပေးထားသည်။



စာမျက်နှာ –၄၈ သို့